စိတ်ကူးချိုချိုအနုပညာ

# စစ်ကိုင်းဦးဘိုးသင်း

# သဘာဝရှိန်စော်

နန်းတွင်းဝတ္ထုတော်ကြီး



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

'လူတိုင်းမှာ သဘာဝရှိန့်စော်ဆိုသော တန်ခိုးရှိသည်။ ထိုတန်ခိုးသည်၊ ကြောင်းကျိုးကို မသုံးသပ်တတ်၍ သဘာဝနှင့် မဆီမလျော်ခြင်းကြောင့်လည်းကောင်း၊ ညစ်ပတ်ခြင်းကြောင့်လည်းကောင်း၊မကောင်းသောစိတ်နှင့် အကျင့်အကြံကြောင့်လည်းကောင်း၊ သူတပါး၏ ကောင်းကျိုးကို မလိုလားခြင်းကြောင့်လည်းကောင်း၊မြူတိမ်ဖုံးအုပ်ခြင်းကို ခံနေရသည့် နေနှင့် တူရတတ်သည်'

'သဘာဝနှင့် မဆီလျော်သော ကြံစည်လုပ်ကိုင် ဆောင်ရွက်မှုသည် မဖေါက်မပြန်သဘောတရားနှင့် ကင်းသဖြင့် အကျိုးကိုထက် အပြစ်ကို ဖြစ်စေတတ်သည်၊အချုပ်၌ လောကသည် အကျင့်သာလျှင် ပဓါနတည်း။ ။

စစ်ကိုင်း-ဦးဘိုးသင်း



ANB0078
3,500.00 KS

mgyoe.com

သဘာဝရှိန်စော်၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၃၅ မျက်နှာ၊ ၁၆ စင်တီ× ၁၈•၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၅ စန္ဒာဝင်းစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# သဘာဝရှိန်စော်

## စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၈

mgyoe.com

mgyoe.com

# ဓေယျတုသဗ္ဗမင်္ဂလာ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

ပန်းတောင်းပြည့်ရှင် ဘုရင်ကျော်စွာ၏ သာယာသောနံနက် ညီလာခံဖွင့်။

"သူကောင်းတော်ကြီးများ..."

"ဘုရား..."

"ပန်းတောင်းပြည်နှင့် ခရိုင်နယ်ပယ်အရပ်ရပ်၌ မရှိဆင်းရဲညှိုးနွမ်းပင်ပန်းသောသူများ၊ များကြသေးသလား..."

"ရွှေဘုန်းတော်ရှင် ဖြူစင်တော်မူလှသော စိမ်အုပ်ချုပ် မင်းလုပ်တော်မူမှုဖြင့် တိုင်းပြည်တော်အတွင်း၌ မရှိဆင်းရဲသောသူများ မရှိကြောင်းပါဘုရား..."

"နန်းရင်းဝန်ကြီးတင်သည့်အတိုင်း ညီလာခံက မှန်မမှန်ဝေဖန်၍ အသံပြုကြဗျား..."

"နန်းရင်းဝန်ကြီး တင်သည့်အတိုင်း မှန်ကန်ကြောင်းကို ထပ်လောင်း၍ ညီလာခံသဘင်က လှလှကြီး တင်ဝံ့ပါဘုရား..."

mgyoe.com

mg-yoe.com

"အင်း...ညီလာခံတင်သံ ငါ နားပန်ဆင်ရ၍ ရေတွေ့သည့်ကြာကဲ့သို့ အားရတော်မူလှသည်၊ ဟဲ့...ဟဲ့....ဟဲ့...နားခံတော် ဘာသံလဲ၊ နန်းဦးစမုတ်မှာ ရှုပ်ယှက်ခတ်နေပါကလား..."

"မင်းကြီးထံတင်မယ်.....မိဖုရားကြီးထံတင်မယ်"

"ခွေးမသားများ၊ ခုညီလာခံသဘင် ဆင်ယင်ကျင်းပနေဆဲ၊ မင်းပွဲမှန်းဘာမှန်းမသိ၊ အရမ်းသဘောနှင့် တွေ့ကရာ ပြောရတာမဟုတ်၊ သွား၊ ကုပ်ကောင်းလို့၊ ဓားတောင်းသလား...."

"သတ်လိုက်၊ ဆယ်ခါပြန်သေမယ်၊ ငတ်နေရတာထက် သေရတာကောင်းတယ်...."

"ကိုင်း၊ ကိုင်း၊ ကိုင်း၊ မင်းတို့လိုချင်တာတွေ အကုန်လုံးရစေ့မယ်၊ လာလိုက်ခဲ့ကြ...."

"ကျုပ်တို့ကို လိမ်ညာခေါ်ပြီး.....တန်းထဲ ချထားမှာလား...."

"မဟုတ်ပါဘူးကွယ်၊ မင်းတို့လိုသမျှ ထောက်ပံ့ပါ့မယ်"

"ခင်ဗျားက ဘာအရာရှိလဲ"

"ငါက မြဲတိုက်စာရေးကြီးပါ"

"ကိုသာအောင်ဆိုတာလား"

"အင်း....."

"ဩော်.....တစ်နေ့က ကြီးတော်စားဖို့ ဆီတစ်ပုလင်းနှင့်ပဲကြီးစိမ်းကလေးကို ယူလာခဲ့တုန်းက၊ သိမ်းယူသွားတဲ့ စာရေးကြီးပေါ့...."

"ကွယ်.....ခုမင်းတို့အလိုရှိသမျှကိုရရင် ပြီးတာပဲမဟုတ်လား...."

"မဟုတ်ရင်တော့ မိဖုရားကြီးထံ ရောက်အောင် အော်ပြီးတင်မှာပဲ......"

"အေးပါကွယ်....မင်းတို့လိုတာ ပြည့်ပါစေ့မယ်...."

* * *

mgyoe.com

mgyoe.com


"တင်ဝံ့ပါ့ ရွှေဘုန်းတော်ရှင် ဘုရား..."

"တင်......"

"နန်းဦးစမုတ်မှာ ဖြုံများနှင့် အရပ်သားများ ပျော်ပါးစွာ ကစားနေကြပါဘုရား....."

"အင်း....အင်း.....အင်း တိုင်းပြည်သာယာ ဝပြောတော့ ပျော်ကြတာပေါ့ ငါ့သားတော် တွေးနှင့် သမီးတော်ကလေး စောနှစ် သုနာပရန္တတိုင်း တက္ကသိုလ်မြို့ကြီးမှာ ပညာသင်သွားကြရာ သုံးနှစ်၊ သုံးဝါ စေ့လို့ ယခုတန်ဆောင်မုန်းလကုန်တော့မယ်၊ အကြိုတော်ထောက်ကြသူကောင်းတော်ကြီးများ....."

"ဦးတည့် ရပ်ပါဘုရား...."

"ညီလာခံကွဲ......"

* * *

ဂုဏ်ဝန်မင်းနှင့် မင်းသား၊ မင်းသမီးကလေးတို့၏ အိမ်တော်ဝန်များသည် ဤသို့တိုင်ပင်ကြလေ၏။

"အကြိုတော် ကွမ်းထောက်သွားရမှာကတော့ တယ်ပြီးဝမ်းမပါးဘူးပေါ့ဗျာ...."

"ဂုဏ်ဝန်မင်းကလည်း လုပ်မနေနှင့်ဗျာ၊ ဝန်မင်းရဲ့မင်းသားတူး ဆိုတဲ့အတိုင်း တူးရုံမက အင်မတန်မွှေနှောက်လို့ ကြောက်စရာကောင်းတယ်...."

"ကျွန်တော့်မင်းသားက သူတစ်ပါးအကျိုးကို လိုလားပါတယ်ဗျာ....."

"လိုလားလို့ခက်တာပေါ့....၊ ဘာမဆို အသည်များရဲ့ဘက်က ချည်းပဲ၊ အရင်ကတော့ ပညာမစုံအတတ်မစုံသေးလို့တော်သေး၊ ခုတော့

mgyoe.com

mgyoe.com

တက္ကသိုလ်ကပြန်အတတ်လည်း ကုံကုံ၊ ပညာလည်း စုံခဲ့ရင်တော့ ရင်လေးသဗျာ....."

"မထောင်းတာပါဘူး ဝန်မင်း၊ သူ့ကို သူ့နှမတော်ကလေး စောနှစ်က စီးနိုင်၊ နိုင်နိုင်ပါတယ်....."

"ထိပ်ထားကလေး ရှိသေးလို့ပေါ့၊ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကတော့ သားတော်တစ်ခုပဲဗျ၊ တက္ကသိုလ်သို့သွားခါနီးမှာ ရွှေပြည်ဝန်မင်းအိမ်မှာ တစ်နေ့လုံးလောက် ဖဲကြက်တွေနှင့်နေတယ်ဗျ....."

"ဟုတ်ကဲ့...."

"နောက်တစ်နေ့ မိဖုရားကြီးက ရွှေပြည်ဝန်မင်းကိုတွေ့ပြီး ကြက်ဘယ်လောက်ရှိသလဲ မေးသတဲ့၊ ရွှေပြည်ဝန်မင်းကလည်း သဘောရိုးပဲ ကြက်အကောင်ငါးဆယ်လောက်ရှိကြောင်းကို လျှောက်ထားရာ မိဖုရားကြီးကများ လုပါကလားလို့ မိန့်တော်မူသတဲ့....."

"ဟုတ်ကဲ့....."

"ရွှေပြည်ဝန်မင်းကလည်း ကြက်ဥများလိုတဲ့အခါ အလိုရှိသလောက် ရအောင်လို့ မွေးရပါတယ်လို့ လျှောက်ထားရာ မိဖုရားကြီးက ကြက်၊ ကြက်ဥရောင်းစားရန် ကြက်မွေးတဲ့လူတွေဟာ သူဌေးဖြစ်ကုန်ပြီထင်ပါရဲ့လို့ မိန့်တော်မူသတဲ့....."

"ဟုတ်ကဲ့....."

"နန်းရင်းဝန်ကြီးရဲ့အိမ်လည်း သည်လိုပဲသွားပြီး နို့စားနွားမနှစ်ကောင်က နွားနို့ကို ကိုယ်တော်တူးကတောင် ဝင်ညှစ်ပေးလို့ မြမြနှင့်အတော်ပဲ အဖွဲ့ကျသွားသတဲ့...."

"ဟုတ်ကဲ့...."

"နောက်တစ်နေ့မိဖုရားကြီးက နန်းရင်းဝန်ကြီးအား နို့စားနွားမဘယ်နကောင်ရှိသလဲမေးရာ နန်းရင်းဝန်ကြီးကလည်း သဘောရိုးပါ

mgyoe.com


ဗျာ၊ နို့စားနွားမသုံးကောင်းမွေးထားပါတယ်လို့ လျှောက်တာပေါ့၊ သည်တော့ မိဖုရားကြီးက နွားနို့သည်များလည်း သူဌေးဖြစ်ကုန်ပြီ၊ နွားနို့ရောင်းမယ့်လူမရှိတော့ဘူးထင်တယ်လို့ မိန့်တော်မူသတဲ့၊ ဒါဟာ မယ်တော်ချစ်၊ ခင်ဗျားမင်းသားတူးရဲ့ စက်ဗျူ...."

"ဝန်မင်းကလည်း အကောင်းသားပဲ နွားနို့ကို နန်းရင်းဝန်ကြီးရဲ့ အိမ်မှာမှ မရောင်းရရင်၊ ကြက်ဥကြက်သားကို ရွှေပြည်ဝန်မင်းရဲ့ အိမ်လိုဟာမှာမှ မရောင်းရရင် ဘယ်မှာရောင်းရမှာလဲဗျာ..."

"ဝန်မင်းကလည်း..."

"ကိုင်းဗျာ အကြိုတော်သွားဖို့သာ လုံးပန်းကြရအောင် တပ်သားအစိတ်လောက်တော့ လောက်ပါပြီ..."

"ဝန်မင်းရဲ့သဘောပဲ၊ ကျွန်တော်တော့ မင်းသားတူးကို ရှိန်းတယ်၊ ဝန်မင်းရဲ့ မင်းသားပဲ..."

"ကိုယ့် မင်းသားပေ့ အပြောရ အဆိုရကပ်တော့ ရှိန်းတာပေါ့ဗျာ..."

ထိုသို့လျှင် ဂုဏ်ဝန်မင်း၊ မင်းသား၊ မင်းသမီးကလေးတို့၏ အိမ်တော်ဝန်မင်းများတို့သည် မင်းသား မင်းသမီးတို့ကို ကြိုဆိုသွားရောက်ကြ၍ သာယာမည်သောဆိပ်ကမ်းတွင် ကွန်းထောက်စခန်း ပြုကာ နေကြလေ၏။

မင်းသား မင်းသမီးတို့ကို အကြိုတော်များသည် ကွန်းထောက်ဆောက်ပြီး၍ နောက်နှစ်ရက်မြောက်နေ့၏ နံနက်ခင်းတွင် စည်ဗုံမောင်းတီးကာ လှေကြီးများနှင့်ကူးလာသော လူတစ်စုကို ထိုအကြိုတော်တို့သည် မြင်ကြရ၍ ၎င်းတို့၏ မင်းသား မင်းသမီးများဟု ယူဆကြလေ၏။ သို့ရာတွင် မှန်ခဲ့သော် ဘယ်ပုံဘယ်နည်းဟု စဉ်းစားကာ ရှိကြလေ၏။

ထိုလှေကြီးသည် ဆိပ်ကမ်းသို့ ဆိုက်ကပ်မိသောအခါ မင်းသားများ၊ မင်းသမီးများတို့သည် လှေပေါ်မှ ဆင်းကြ၍ မင်းသားတူးနှင့် မင်းသမီး

mgyoe.com

mgyoe.com


တို့၏ လူပျိုတော်–အပျိုတော်များသည် ဆင်းကြ၏။ ထိုအခါ ကြိုဆိုရန် လာသောဝန်များနှင့် နောက်ပါတို့သည် မင်းသားများထံ ရောက်လာ၍ တွေ့မဆိုင် မင်းသားတူးသည် ဤသို့ချစ်လေ၏။

"ဟာ...ဘတို့များလှပါကလား၊ ကျွန်တော်တို့ရဲ့ ပန်းတောင်းပြည်တော်မှာ ငါးရှားလို့ ဘုရင့်အစိုးရက ငါးရောင်းရန် ငါးရှာလာကြသလား..."

"ကိုင်း...ဝန်မင်း၊ တွေ့တွေ့ချင်း ကျူပ်တော့ သေချင်တယ်ဗျာ..."

"ဘဂုဏ်ဝန်မင်း ဘမသေရဘူး၊ ကျွန်တော်နှင့် အရှည်ကြီးပြောရဦးမယ်..."

"ကြိုဆိုဖို့လာတာပါ ကိုယ်တော်ကလေးဘုရား..."

"ဒါဖြင့် မိတ်ဆက်ပေးရဦးမယ်"

"ဒါက ဂုဏ်ဝန်မင်းဗျ၊ အင်မတန် သတ္တိကောင်းတယ်၊ ဆူးလေဆူး စူးတော့ လက်ရုံးအားကိုး လက်ဖဝါးနှစ်ဖက်နှင့် ကာကွယ်တယ်၊ လက်ကိုရော စူးလို့..."

"မောင်ဟာနော်..."

"ဒါက ကျွန်တော့်ကို အင်မတန်ကြိမ်းတဲ့ ကျွန်တော့်အိမ်က နန်းရင်းဝန်ကြီးဖြစ်ချင်တဲ့ အိမ်တော်ဝန်ခင်ဗျ"

"မောင်မောင်နော် တွေ့ကရာ..."

"ဒါက စောနစ်ရဲ့ အိမ်တော်ဝန်မင်းဗျား အင်မတန် ရက်စက်တယ်ဗျ၊ လူသေကို နှာခေါင်းရှုံ့ကာ မျက်စောင်းထိုးပြီး သတ်တယ်၊ ဒါပေ့ အင်မတန် တစ္ဆေကြောက်တယ်ခင်ဗျ..."

"ဒါက အမှုထမ်းကောင်းကြီး ဦးရဲမြင့်ပါတဲ့နာမည်နှင့် ညီပါတယ်၊ ခုတော့ ဗိုလ်မှူးရာထူးနှင့်ပေါ့၊ ဟိုတုန်းက"

"မောင်မောင်က ပြောတော့မယ်"

mgyoe.com

mgyoe.com


"ဂုဏ်သတ္တိဆိုတာ ချီးကျူးရတာပေါ့၊ မောဘုရင်မ ရှေ့ဆောင်ပြီး နယ်စပ်ကို စစ်နှင့်နင်းလာတော့ ကျွန်တော်လည်း ၁၅ နှစ်သား ပါသွားတယ်၊ ဗိုလ်ရဲမြင့်ပေါ့ခင်ဗျ၊ မမမိဖုရားအကြည်တော်တို့ မှတ်ထားကြခင်ဗျ၊ မောဘုရင်မက မြင်းပေါ်က ပေါင်ကြီးဖြူဖြူဖွေးဖွေး ပေါ်တော့ မော့ပြီး ပေါင်ကြီးကြည့်ကာ ငိုင်နေတယ်"

"မောင်တော်တူးဟာ..."

"မမဖျား၊ သဘာဝသတ္တိကောင်း၊ သည်တော့ မောဘုရင်မက ဓား နှင့်ရမ်းလိုက်ရာ၊ ဗိုလ်ရဲမြင့်က တိမ်းလို့ချော်ပြတ်သွားတယ်ခင်ဗျ၊ သည်တော့မှ ကျွန်တော်က မောဘုရင်မရဲ့မြင်းကို နောက်ကလှံနှင့် ဝင်ထောက်လို့ မြင်းဟာ လန့်ပြီးပြေးတာနှင့် မောဘုရင်မရဲ့တပ်ဟာ ပျက်သွားတယ်၊ ယခုတော့ ဗိုလ်မှူးရဲမြင့်ပါ..."

"ကိုင်း...ဘတို့ကလည်း မှတ်ထားကြ၊ ဒါကခင်ဗျ၊ စေတုတ္တရာ ပြည်က မင်းသမီးကြီး မမကန်တော်မယ်တဲ့၊ တက္ကသိုလ်မှာတက္ကသိုလ် မောင်မယ် ငါးရာတို့ရဲ့ လေးစားခြင်းကိုခံရတဲ့ မင်းသမီးကြီး ကျွန်တော့် ဆရာမ ကျွန်တော်တို့က အာနိမယ်လို့ ဘွဲ့တပ်ထားရပါတယ်"

"မောင်တော်တူး..."

"မမဖုရားရဲ့ အာဏာတော်ကို ဘယ်သူမှမတိမ်းဝံ့လို့ပါ၊ ဒါက ပရိမ္မပြည်က မင်းသား၊ မင်းသားရွှေတဲ့၊ ဒါက သလ္လာဝတီက မင်းသား မင်းနတ်ရှင်တဲ့၊ ဒါက ပေါက္ကံပြည်က မင်းသမီးမယ်မြညွာတဲ့၊ ကျွန်တော်တို့ တမ္ဗဒီပတိုင်းကမို့ လိုက်ပို့တော်မူကြပါတယ်..."

"ထိပ်ထားတို့ ကိုယ်တော်ကလေးတို့ ကွန်းထောက်တဲသို့ ကြွတော်မူပြီး တစ်နေ့စံတော်မူပြီးမှ ပြန်တော်မူကြပါ"

"ဘဂုဏ်ဝန်မင်း ကျေးဇူးတင်ပါတယ်"

"အဲ့ ဝတ်တော်မှ မကုန်ရသေးဘူး၊ ကျေးဇူးက အရင် မမဖျားဟာ

mgyoe.com

mgyoe.com


ကျေးဇူးတင် သိပ်မြန်တာပဲ"

(ရယ်ကြ၏။)

"မောင်တောင်တူး အသာနေ၊ ဘဂုဏ်ဝန်မင်းထားလေးတို့ကိုလည်း အကြိုတော်များက ရေကြည်တော် ကွမ်းတောက်နှင့်ကွန်းထောက်ကာ မျှော်လှရော့မယ်၊ သည်းခံတော်မူပါ၊ ကိုင်း ပြန်ကြဦးမယ်ရှင်..."

"အကြည်တော် နှစ်ယောက်ကိုတော့ ကျေးဇူးမတင်၊ ဘာကြောင့် ဆိုတော့ စောနှစ်ရဲ့ မျက်နှာကလေးချိုချိုကို စိုပြီးလိုက်ပို့ကြလို့ပါ"

"ဟာ...နောင်ကြီး ဘယ်လိုမိန့်တော်မူပါသလဲ"

"မောင်ကြီး ဘုရားဟာ..."

"မောင်တော်တူးဟာလေ၊ ဘတို့ရဲ့မင်းသားဟာ ဒါလိုပဲ ပြောချင်တာကို စွတ်ပြောတာ၊ ကျောင်းတော်မှာလည်း သူ့ကို ထိန်းရတာ တမော..."

"မမဖျား ကျွန်တော်တို့တိုင်းပြည်မှာ အိမ်ရှေ့မင်းလိုနေတယ်၊ ဒါကြောင့် စောနှစ်ကို တစ်ယောက်,ယောက်နှင့်တော့..."

"မောင်တော်တူး၊ မမက ခွဲခါနီးမှာ အမှတ်ရအောင် ရိုက်ခဲ့လိမ့်မယ်"

"မမဖျား ကျွန်တော်တို့တိုင်းပြည်က ကျွန်တော့်ကို နွားချေးပုံထက် ရွံသေးတယ်၊ ဒါကြောင့်ပါ"

"မရွံအောင်နေ..."

"မရွံအောင်နေရရင် တစ်ပြည်လုံးငတ်ပြီး ဘေးဖြစ်ကုန်မှာ ခု တောင် မောပြည်က အယူတွေစွဲလာပြီထင်တယ်"

"ကိုင်း–ကိုင်း–ကိုင်း သဘာဝရိုန်စော်ဆိုတဲ့ အတတ်ပညာကိုသုံး၊ အာဏာရှိန်စော်ကို ရွံမုန်းပေါ့..."

"ဒါကြောင့် မမဖုရားကို ကျွန်တော်က ခေါင်းပေါ်တင်ထားတာပါ ဖုရား..."

mgyoe.com

mgyoe.com


ထိုသို့ ပြောဆိုနှုတ်ဆက်ကြ၍ မင်းသားတူးနှင့် မင်းသမီးစောနှစ်တို့ကို လိုက်ပို့ကြသူတို့သည် လှေဖောင်ကြီးနှင့် မြစ်တစ်ဖက်သို့ တက်ညီလက်ညီနှင့် ပြန်ကူးသွားကြရာ တစ်ဦးနှင့်တစ်ဦး ခွဲကြရတော့မည်ဖြစ်၍ မျက်ရည်စက်လက်နှင့်တဘက်များကို မွှေ့ယမ်းကာဖြင့် နောက်ကျောပြုကြရလေသည်။

ထိုကဲ့သို့လျှင် ထိုခေတ်သည် သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်းတို့၌ ပဒေသရာဇ်ခေတ်ပင်ဖြစ်လင့်ကစား တက္ကသိုလ်ကျောင်းကြီး၏ တတ်သီးလိမ္မာကျွမ်းကျင်မှုကြောင့် တိုင်းပြည်များသည် စီညီကာ တစ်ပြည့်ကျေးဇူးကို တစ်ပြည်ကဆောင်ကြခြင်းဖြင့် အနောက်မဖျိုမ၊ အရှေ့မြောက်ကန္တာရတိုင်းတို့တွင် စစ်နှင့်ရှိန်ခေါ်ပြုကာ ထွန်းတောက်ကြသော်လည်း သုနာပရန္တတိုင်းကြီးသည် အလွန့်အလွန်အေးချမ်းသာယာစည်ပင်ဝပြောကာရှိပြီးလျှင် ဘေးရန်ကင်းလျက်ရှိလေသည်။ ထိုခေတ်သည် ဘုရားမဖြစ်မီ ရာစုနှစ်ကတည်း။

မင်းသားတူးနှင့် မင်းသမီးစောနှစ်တို့သည် ကွန်းထောက်တဲတွင် နံနက်ပွဲတော်စာကို မင်းသားမင်းသမီးရာမထားဘဲ ဂုဏ်ဝန်မင်းနှင့် အိမ်တော်ဝန်များကို သီးသန့်ရှိသေစွာ ပြုကြပြီးသော် ကြိုဆိုသူ အမှုထမ်းများနှင့် ပျော်ပါးရွှင်ပျကြပြီးလျှင် လက်သင့်ကြလေ၏။

ထိုသို့ နံနက်ပွဲတော်စာပြီးကြ၍ ငြိမ်းချမ်းစွာနေကြရာတွင် မင်းသားတူးသည် ဝန်များနှင့် ဤသို့စကားဖြင့် ပျော်ရွှင်စွာနေလေ၏။

"ဘကိုအား ကျွန်တော်တို့ကို လိုက်ပို့စဉ်အခါက ပြောခဲ့ပြီ..."

"ဘာပြောခဲ့သလဲ မောင်မောင်..."

"ကျွန်တော်တို့ ကျွန်ရှင်ခြောက်ဖော်၊ သည်ခရီးကို သွားတတ်ပါတယ် လိုက်ပို့ရန်မလိုလို့"

"မောင်မောင်၊ မောင်မောင်နှင့်ထိပ်ထားဟာ မင်းသားနှင့်မင်းသမီး၊

mgyoe.com

မင်းသားနှင့်မင်းသမီးဆိုတာ ရန်များတယ်…”

“ဘဂုဏ်ဝန်မင်း၊ ကျွန်တော် တက္ကသိုလ်သို့မသွားမီကပင် နားလည်ပါတယ်၊ တက္ကသိုလ်က ပြန်လာတော့၊ ဘာပြောစရာရှိမလဲ၊ မင်းဆိုတာ ရန်သူမျိုးငါးပါးထဲမှာပါတယ်လို့ ပညာရှိများက သတ်မှတ်ထားပါတယ်၊ အဲသည်တော့ စဉ်းစားရမယ်…”

“မိန့်တော်မူပါ…”

“ဘ၊ မင်းဟာ အရပ်ထဲမှာအရက်မူးပြီး သူတစ်ပါးကို မစော်ကား၊ စော်ကားတဲ့လူအား ကာကွယ်စောင့်ထိန်းရန် ဥပဒေကို စောင့်ထိန်းရတဲ့ အချုပ်အခြာ၊ ခိုးဆိုးခြင်းစတဲ့လူဆိုးများ၊ ငွေနှင့်အလုပ်နှင့် ဆင်းရဲသားများကို နိုင်ထက်စီးနင်းပြုနေသော တိုင်းပြည်ဘီလူးများတို့အား ကာကွယ်ကောင့်ထိန်းရန် ဥပဒေကိုစောင့်ထိန်းရတဲ့ အချုပ်အခြာ မဟုတ်လား ခင်ဗျာ…”

“ဟုတ်ပါတယ်…”

“အဲသည်တော့ မင်းဟာ ဘယ်မှာရန်သူလဲ၊ တိုင်းပြည်ရဲ့မိတ်ဆွေ၊ တိုင်းပြည်မိဘသာဖြစ်ရမယ်၊ ဒါပေမဲ့ မင်းမှုထမ်းတို့က မင်း၊ ဝါ၊ ရှင်ဘုရင်ကို အမိုက်တံကဲပြုပြီး ငါစားတရားမဲ့ကျင့်ကြံ၊ ကိုယ်ကောင်းစံ၊ တရားမဲ့ကျင့်ကြံ၊ ကိုယ်အာဏာရှိအောင် တရားမဲ့ကျင့်ကြံလုပ်နေကြတော့ သည်အမှုထမ်းများရဲ့အချုပ်အခြာ မင်း၊ ဝါ၊ ရှင်ဘုရင်ကို မုန်းလာကြတယ်၊ ရှင်ဘုရင်ကိုမုန်းလာရင် ရှင်ဘုရင်နှင့် မင်းသား၊ မင်းသမီး၊ မင်းဆွေ၊ မင်းမျိုးတို့ကိုလည်း မုန်းလာတယ်၊ အဲသည်တော့ ဘတို့ယူဆတဲ့အတိုင်း မင်းသား မင်းသမီးများဟာ ရန်များရတယ်…”

“ခက်တယ်…”

“မခက်ဘူးဘ၊ အဲသည်လို ရန်များရခြင်းဟာ မင်းမှုထမ်းတို့ကြောင့်၊ သည်အမှုထမ်းများကိုမှ နိုင်အောင်မထိန်းနိုင်တဲ့မင်း၊ မင်းသားမင်းသမီး

mgyoe.com

mgyoe.com


တို့ဟာ မိမိတို့ရရှိနေတဲ့ရှိန်စော်နှင့် မထိုက်မတန်ဘူးပေါ့၊ မထိုက်မတန်ရင် သေပေါ့၊ ပျက်စီးပေါ့၊ မင်း၊ မင်းသား၊ မင်းသမီးတို့သွားရင် ဘာလိုက်ပို့စရာလိုသလဲ၊ ပြန်လာတော့လည်း ဘာ ကြိုဆိုစရာရှိသလဲ"

"ခက်တယ်...မောင်မောင်..."

"မခက်ပါဘ၊ မိမိတို့ရဲ့ အမှုထမ်းများကို ကောင်းစွာအုပ်ချုပ်နိုင်တဲ့မင်း သို့မဟုတ် ရှင်ဘုရင်တို့မှာ ဘေးမရှိ၊ ဘေးမရှိလို့ ကာကွယ်စောင့်ထိန်းရန်မလို၊ လက်လုပ်လက်စား၊ လယ်သမား၊ ယာသမား၊ လက်သမားတစ်ယောက်သွားရင်၊ လာရင် သူ့မှာ ဘေးကင်းအောင် လိုက်ပို့ရ၊ တပ်ထောင်တာဗိုလ်ထုနှင့် လူစုကာကြိုဆိုရဆိုတော်သေး၊ သဘာဝလည်းကျပေါ့..."

"မောင်မောင်..."

"ဘ...မ မောင်မောင်နှင့် အဲသည်တော့ ဘုရင်၊ မင်းသား၊ မင်းသမီး၊ ဝန်ကြီး၊ နန်းရင်းဝန်ကြီးတို့ သွားတာကိုလိုက်ပို့၊ ပြန်လာတာကို ကြိုဆိုခြင်းဟာ လှည့်စားခြင်းတစ်မျိုး သို့မဟုတ် တံစိုးထိုးတာ၊ အစစ်တော့ မင်းသည်အာဏာပိုင်၊ ဂုဏ်ရှင်၊ ချီးမြှင့်မြှောက်စားနိုင်သူတို့ကို၊ ယင်းလိုက်ပို့ခြင်း၊ ကြိုဆိုခြင်းဟာ တိုင်းပြည်ကို အကြောင်ရိုက်ချင်တဲ့၊ ထိုသူတို့အပေါ်၌ မျက်စိပိတ် ဝါဒလိုဆိုရင်၊ တိုင်းပြည်အတွက် အကျိုးရှိမယ်မဟုတ်လား...ဘ..."

"ဝန်မင်း၊ ဝန်မင်းရဲ့ မင်းသားနှင့်တော့ ခက်တယ်..."

"ဒါကြောင့် ဘတို့တိုင်းပြည်မှာ အိမ်ရှေ့မင်း မလုပ်ချင်တာ၊ မောင်ကြီးဘုရားဟာ သိပ်ကိုသောက်မိန့်တော်မူတာပဲ..."

မင်းသားတူးသည်၊ ၎င်း၏ နှမတော်ကလေး၏စကားကြောင့်၊ ၎င်း၏လေမထပ်နိုင်သောစကားကို တိတ်သွားလေ၏။

* * *

mgyoe.com

mgyoe.com


ထို့နောက် တစ်နေ့တွင် မင်းသားတူးတို့သည် နေဝန်းပေါ်သည်နှင့်တစ်ပြိုင်နက် နေပြည်တော်သို့ချီကြလေ၍ မွန်းတိမ်းရောက်လုနီးတွင် တစ်ခုသောကျေးရွာအနီး ရေဆိပ်စခန်းသာ၍ စခန်းချ ရပ်ကြလေ၏။ ထိုအခါတွင် ဆန်နှင့်မလုံလောက်သဖြင့် အမှုထမ်းတို့သည် ထိုရွာသို့ဝင်ကာ မင်းသားတူးပါလာသည့်အတိုင်း အနိုင်မကျင့်ရဲသဖြင့် ဆန်၊ ဆီတို့ကို ဝင်ကာဝယ်ကြလေ၏။

ရွာထဲ၌ မည်သည့်ဆိုင်ကမျှ၊ မည်သူကမျှ ဆန်၊ ဆီ မရောင်းဖြစ်နေကြ၍ ခက်ကြုံရမလို ဖြစ်နေခြင်းကြောင့် မင်းသားတူး၏ လူပျိုတော်နှစ်ယောက်သည်၊ မင်းသားတူးထံဝင်၍ အကြောင်းကိုတင်လေလျှင် မင်းသားတူးကိုယ်တိုင် ရွာထဲသို့ လိုက်ပါသွားပြီးသော် ဆန်၊ ဆီတို့ကို ဝယ်ယူရာ၊ မည်သူကမျှ မရောင်းမချချေ၊ ထိုအခါ အမှုထမ်းကောင်းတစ်ယောက်က ဤသို့မာသောအသံနှင့် ပြောလေ၏။

"ခုသည်ဟာ တက္ကသိုလ်ပြည်က ပြန်လာတဲ့ မင်းသားကိုယ်တော်တူးကွယ့်၊ မင်းတို့ ရာဇဒဏ်သင့်ကုန်လိမ့်မယ်၊ မင်းတို့ရဲ့ ဆန်၊ ဆီကိုတို့အလကား ဆင့်ဆိုတာမဟုတ်ဘူး၊ အသပြာပေးပြီးဝယ်တာ..."

ထိုအခါ ထိုရွာမှ ရွာခေါင်းက ထင်းခွဲနေရာမှ ဓားမကိုချပြီးသော် ချောင်းစွာ ဤသို့ဆိုလေ၏။

"မောင်ရင်တို့တက္ကသိုလ်ပြည်က ပြန်လာတဲ့မင်းသားတူးမက၊ တာဝတိံသာကပြန်လာတဲ့ ဧကရာဇ် သားတော်မင်းသားဖော်ပင်ဖြစ်စေကာမူ မရောင်းနိုင်၊ ဘုရင်မင်းမြတ်၏ အမိန့်တော်ဆိုကာ မြို့ဝန်မင်းက ဆင့်ထားပါတယ်၊ ဆန်၊ ဆီတို့ကို ဘယ်သူ့အားမျှ မရောင်းရတဲ့၊ ရောင်းရင်သေဒဏ်တဲ့၊ မင်းသားလည်း ဘယ်သူထဲမှာပါတယ်၊ ဒါကြောင့် မရောင်းနိုင်၊ မရောင်းလို့ စားစရာမရသဖြင့် ငတ်သေရင် လဲသေပေါ့၊ ကျုပ်တို့ရွာမှာလည်း လွန်ခဲ့တဲ့လက ငတ်သေလို့ လေးလောင်းမြှုပ်ခဲ့ရပြီ"

mgyoe.com

mgyoe.com


"ဟိုဆိုင်မှာ ဆန်တွေ၊ ဆီတွေအရှိသားပဲ၊ သွားဝယ်ပေါ့..."

"ကိုယ်တော် ဆိုင်ကလည်း အိမ်ထောင်စုပေပါမှတဲ့"

"ကိုင်း–ကိုင်း–ကိုင်း အစ်ကို ကျွန်တော်အစီရင်ခံပါ့မယ်"

"မိန့်တော်မူပါဘုရား..."

"ဘုရင့်အမိန့်တော်က ရသေ့ ရဟန်းများအား မလှူရဘူးတဲ့လား..."

"လှူရပါတယ်ဘုရား..."

"သူတောင်းစားများ တောင်းရင်ကော မလှူရဘူးလား..."

"ထည့်ရပါတယ်ဘုရား..."

"သူတောင်းစားဆိုတာ ဘယ်လိုလူလဲ"

"မရှိလို့ မလုံလောက်လို့ တောင်းစားတဲ့လူပါဘုရား"

"ဟုတ်လှပြီ ကျွန်တော်နှင့် အမှုထမ်းများမှာ လမ်းခရီးတွင် ရိက္ခာ မလုံမလောက်လို့ ကျွန်တော်သူတောင်းစားလုပ်မယ်ဗျာ..."

"မောပြည် ဘုရင့်အလိုတွေ ဝင်လာကုန်ပြီထင်တယ်"

"သဘာဝပါဘုရား"

"ကိုင်းဗျာ...အိမ်ကြီးရှင်ခင်ဗျာ၊ လမ်းခရီးမှာ ရိက္ခာမလုံလောက်လို့ ဆန်ကလေး ဆီကလေးကို သဒ္ဓါသရွေ့ စွန့်ကြဲကြပါခင်ဗျာ..."

"ရှင်မရေ..."

"တို့ ကိုယ်တော်ကလေးတောင် သူတောင်းစား ဖြစ်ရတယ်၊ မြို့ဝန် မင်းရဲ့ အမိန့်တော်၊ ရော့ ဆန်တစ်ပြည်၊ ဆီငါးဆယ်သား၊ မိစုတို့– မိပုတို့–မိချိုတို့–မိစိုတို့ တို့ကိုယ်တော်ကလေး ရိက္ခာပြတ်တော့မှာမို့ သူတောင်းစားလုပ်ကာ လာပြီးတောင်းနေတယ် လာကြဟေ့" ဆိုကာ ရွာခေါင်းကတော်သည် ငိုသံပါနှင့် ဟစ်လေ၏။

ရွာသူတို့သည် ရိုက်ကြီးတငင်နှင့်လာရောက်ကာ ဆန်ဆီတို့ကို ထည့်ကြ၍ မင်းသား၏ခြေကို ဦးတိုက်ကာငိုကြ၍ ပြန်ကြ၏။ ဆန်၊

mgyoe.com

mgyoe.com


ဆီတို့မှာလည်း လုံလောက်အောင်ရကြလေ၏။

မင်းသားသည် ဆန်၊ ဆီတို့ကိုကြည့်၍ ဤသို့ဆို၏။

“ကိုင်း–ကိုင်း ခင်ဗျားတို့ဆန်များ ဆီများကိုယူပြီး ပြန်နှင့်ကြ၊ ဘယ့်နှယ်ခေါင်းမင်းအစ်ကို သည်နှစ်သည်မှာ လယ်မလုပ်ရလို့လား၊ ဆန်က ဆန်နီမ တောင်ယာဆန်တွေပါလား...”

“ကျွန်တော်မျိုးတို့ လယ်ကထွက်တဲ့ စပါးတွေကို ဝန်မင်းရဲ့ အမှုထမ်းများက အကုန်သိမ်းယူသွားပြီး ယခု ဆန်နီမကို စားကြရမယ်ဆိုကာ လာပြီး ဟိုဆိုင်က ရောင်းနေပါတယ်ဘုရား...”

“အင်း...ဆီကလည်း နှမ်းဆီမဟုတ်ပါဘူး၊ သည်နယ်ဟာ နှမ်းအင်မတန်ထွက်ပါတယ်၊ မိုးမမှန်လို့လား...”

“နှမ်းများစွာ ရပါတယ်ဘုရား၊ နှမ်းဟာ မြေပေါက်အသီးအနှံဆိုကာ မြို့ဝန်မင်းရဲ့အမှုထမ်းများက သိမ်းသွားပြီ၊ ခု မယ်ဇယ်ဆီများကို ကျေးတော်မျိုးတို့ ရွာသားများနှင့် တော်တယ်ဆိုကာ လာပြီး အမှုထမ်းများက ရောင်းပါတယ်ဘုရား၊ ရှေ့နှစ်မှာ နှမ်းကိုတောင် မလုပ်ကြတော့ဘူးလို့ ရွာသားများက ပြောနေပါတယ်ဘုရား...”

“နှမ်းကို သိမ်းသွားတော့ အသပြာမရဘူးလား...”

“ရပါတယ်ဘုရား၊ ဒါပေ့ အသပြာနှင့် ငါး၊ ဝက်၊ ကြက် စသည်တို့ကို ချက်လို့မရပါဘုရား...”

“အင်း...သည်လိုလည်း သဘောမထားကြနှင့်ပေါ့ခင်ဗျာ၊ ရိုးရာထုံးစံအတိုင်း စပါး၊ နှမ်းတို့ကို လုပ်ကြပါ၊ ကိုယ်၏တာဝန်ကျေတာဟာလည်း လူ့ဗိမာန်ကိုတည်ဆောက်ခြင်းဗျ”

“ဦးတည့်ရပ်ပါဘုရား...”

ထိုသို့ပြောဆို၍ မင်းသားတူးသည် ရွာခေါင်းနှင့်ရွာလူကြီးများကိုနှုတ်ဆက်ကာ ရွာထဲကပြန်လာရာ မင်းသား၏နောက်မှ ရွာလူထု

mgyoe.com

mgyoe.com



သည် လိုက်ပါလာကြ၍ “မင်းသားတူး တို့မင်းသား” “တို့မင်းသား သက်တော်ရာကျော်ရှည်ပါစေ”ဟု ဟစ်ကြွေးကာ လိုက်ပါလာကြလေ၏။

ဂုဏ်ဝန်မင်းနှင့် အိမ်တော်ဝန်များသည်ကား အလွန့်အလွန်ပင် အံ့အားသင့်ကြ၍ ငါတို့တော့ အခက်ကြုံရတော့မှာပဲဟု တွေးဆကာ ဝန်မင်းသုံးဦးသည် ခေါင်းချင်းဆိုင်ကာ တီးတိုးနှိုးနှောကာ ပြောဆိုနေကြလေ၏။

မင်းသားတူးသည် ကျေးရွာသားများကို နှစ်သိမ့်စေကာ ပြန်လွှတ်လိုက်လေ၏။ နောက်တစ်နေ့ စခန်းတွင်လည်း ထိုသဘောအတိုင်း တွေ့ရပြီးနောက် မင်းသားတူးနှင့် သမီးတော်စောနှစ်တို့သည် နေပြည်တော် ခမည်းတော် မယ်တော်တို့၏ခြေတော်ရင်းသို့ ဦးခိုက်မိကြလေ၏။

ဂုဏ်ဝန်မင်းသည် လမ်းခရီးတွင် တွေ့ခဲ့ရသည့်အခက်အခဲနှင့် မင်းသားက သူတောင်းစားလုပ်၍ အမှုတော်ထမ်းအခြွေအရံတို့အား ရိက္ခာလုံလောက်အောင် ထောက်ပံ့ရကြောင်းတို့ကို နန်းရင်းဝန်ကြီး စသောဝန်ကြီးများတို့ကိုပြောကြား၍ တစ်ခါတော့ ခက်ကုန်တော့မည်ဟု ဆွေးနွေးကာ အကြံထုတ်နေကြဟန်ရှိလေ၏။

မင်းသားတူးကား ခမည်းတော်သည် တိုင်းပြည်သူပြည်သားများ၏အကျိုးကို လိုလားသဖြင့် အမိန့်တော်ကို အကြောင်းအားလျော်စွာ ထုတ်ဆင့်တော်မူခြင်းမှန်သည်၊ အမှုထမ်းတို့ကား ကိုယ်ကျိုးကိုသာ မျှော်မှန်းကာ ဆောင်ရွက်ကြသဖြင့် ဤသို့ဖြစ်ရသည်။

လွှတ်တော်ကြီးက ခမည်းတော်၏ အလိုတော်ကျ မြေပေါက် အသီးအနှံဟု အမိန့်တော်ထုတ်သည်။ ထိုအမိန့်တော်ကိုမှီ၍ မင်းမှုထမ်းတို့က ချဉ်ပေါင်ရွက်၊ ဆူးပန်းရွက်၊ မန်ကျည်းရွက်၊ ဆူးပုပ်ရွက်၊ မြူရွက်၊ ငရုတ်သီးစိမ်းကိုပါသိမ်းသည်။

mgyoe.com

mgyoe.com


မတ်ပေ့။

ထိုသို့သောသဘောတို့ကို ခမည်းတော်သည် မသိစေအပ်၊ သိသော် အမျက်တော်ရှပေလိမ့်မည်၊ ဘုရင်နှင့် ဘုရင့်အစိုးရအဖွဲ့သည် သဘော မကွဲကောင်း၊ ဘုရင့်အစိုးရနှင့် အမှုထမ်းအကြီးအမှူးတို့သည် စိတ်ဝမ်း မကွဲကောင်းဟုယူဆကာ အရေးအခွင့်ကို မျှော်နေလေ၏။

ဘုရင်မင်းမြတ်သည်ကား မိမိ၏သားတော်သည် ဘုန်းပညာ လက္ခဏာရှိသည်ဟုယူဆ၍ သားတော်ခြေတော်ရင်းသို့ ဦးခိုက်မိ၍ မကြာမီပင် လွှတ်သို့ဘုရင့်ကိုယ်စားတက်ရန် အမိန့်တော်သတ်မှတ် လေ၏။

ထို့ကြောင့် မင်းသားတူးသည် ဘုရင့်ကိုယ်စား လွှတ်တော်သို့ တက် ရောက်ရာ မှုခင်းရေးရာတို့ကို တစ်စုံတစ်ရာမျှ မကြည့်သေးဘဲ လွှတ်တော် ဝန်ကြီးလေးပါးအား ပန်းတောင်းရွှေပြည်တော်၌ ပြည့်တန်ဆာမ မည်မျှရှိ သလဲဟု မေးတော်မူလေ၏။

လွှတ်တော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများတို့လည်း တညီတည်း ရွှေ မြို့တော်အတွင်း၌ ပြည့်တန်ဆာမနှစ်ယောက်၊ ပြင်လေးပြင်၌ တစ် ယောက်စီရှိကြောင်းကို တင်လေ၏။ မင်းသားတူးလည်း ပြုံးရယ်၍ လုချောတင့်ပ၍ အသွေးအရည်စိုပြည်ပါရဲ့လားဟု မေးပြန်၏။

လွှတ်တော်ဝန်ကြီးများသည် ထိုသို့မင်းသားတူးက မေးသည်ကို မည်သို့မျှမရိပ်မိဘဲ လုချောတင့်ပ အသွေးအရည်စိုပြည်၍သာ ပြည့် တန်ဆာမရာထူးကိုရကြောင်းနှင့် တင်လေလျှင် မင်းသားသည်ရယ်၍ ခမည်းတော်ဘုရားတော့ သိမယ်မထင်ပါဟု ဆိုလေ၏။

ထို့နောက် မင်းသားတူးသည် ထိုပြည့်တန်ဆာမခြောက်ယောက် တို့အား နက်ဖြန်လွှတ်တော်သို့ဆင့်ဟု အမိန့်ပေးပြီးလျှင် လွှတ်တော် မှဆင်း၍ ဖြတိုက်သို့ သွားတော်မူလေ၏။

mgyoe.com

mgyoe.com



မင်းသားတူးသည် ဖြဲတိုက်သို့ရောက်လျှင် ဖြဲတိုက်ဝန်မင်းကို မတွေ့ရ၍ ဝန်ထောက်မင်း၊ ဖြဲမှူး ဖြဲခေါင်းများနှင့် နေ့လယ်စာ မုန့်တီ စားကြပြီးသော် ဤသို့ဖော်ရွေနေလေ၏။

"ခင်ဗျားတို့ပြည်မှာ ပြည့်တန်ဆာမ ဘယ်နှယောက်ရှိသလဲ..."

"ခြောက်ယောက်ပါ ဘုရား..."

"အင်း...လှသလား၊ ချောသလား..."

"လှချောပါသည် ဘုရား..."

"ဝန်ထောက်မင်းပြောသလို ဟုတ်ရဲ့လားမှူးတို့"

"မှန်ကြောင်းပါဘုရား..."

"ကောင်းပြီ ကျွန်တော်ယူမယ့် မိန်းမနှင့် ဘယ်သူကချောလှမလဲ..."

"ကိုယ်တော်ကလေး ယူမယ့်မိန်းမကိုမှ မသိရဘဲနှင့်"

"ဖြဲမှူးကြီး ဦးလေးခန့်ရယ်၊ ဖြဲမှူးကြီးလုပ်နေပြီး ကျွန်တော်ယူ မယ့်မိန်းမကို မသိတာ အံ့တယ်ဗျာ..."

"ကိုယ်တော်ကလေး၊ ဒါကိုတော့ ဘယ်သူမှ မသိနိုင်ပါဘုရား..."

"ရှိစေဗျား၊ ဝန်ထောက်မင်း နေပြည်တော်မှာ ဖာသည်ဘယ်နှ ယောက်ရှိသလဲ..."

"ပြည့်တန်ဆာမဆိုတာ ဖာသည်ပါဘုရား..."

"ဟာ ဟုတ်ရဲ့လား ဖြဲမှူးများ..."

"ဟုတ်ကြောင်းပါ ဘုရား..."

"ဟာ...ခက်နေပါပြီ၊ ပြည့်တန်ဆာမနှင့် ဖာသည်ကိုမှ ခွဲခြားပြီး ဖြဲတိုက်မှာလုပ်နေပါလျက် မသိသေးဘဲကိုး၊ ထိပ်ထားစောနှစ်ထံ သွားမေးကြ..."

"ကိုယ်တော့် ထိပ်ထားထံသွားမေးရင် ပါးရိုက်ခံရမှာပေါ့..."

"မင်းနှယ်ကွယ်၊ ပါးရိုက်ခံရရင်တော်သေး...၊ အာကိုဟက်မှ အော

mgyoe.com

mgyoe.com


ပွဲဖြစ်နေမယ်..."

"ဟာ...ခင်ဗျားတို့၊ ခင်ဗျားတို့ရဲ့ ထိပ်ထားစောနှစ်ကို ဆဲနေကြတာကိုး..."

"မဝံ့ပါဘုရား..."

"စောနှစ်ဟာ အရင်ကလိုမဟုတ်ဘူး၊ ယခု သုနာပရန္တတိုင်း ခေတ်မိတက္ကသိုလ်က ပြန်လာလို့မိုက်လာတယ်"

"ဟာ ကိုယ်တော်ကြီးနှယ်..."

"ဝန်ထောက်မင်း၊ ဘာကိုယ်တော်ကြီးလဲ..."

"တက္ကသိုလ်က ပြန်လာတာနှင့် မိုက်ရမယ်လို့၊ လိမ္မာလာမှာပေါ့ဘုရား..."

"အဲဒါက ဝန်ထောက်မင်းတို့ နောက်ကျတာ"

"မိန့်တော်မူပါ ဘုရား..."

"လိမ္မာရင် ခက်ကရောပေါ့၊ လိမ်ပြီးမာနေရင် တိုင်းပြည်ကြီးကျွမ်းထိုးမှောက်ခုံ ပက်လက်လန် ဖြစ်ကုန်မယ်၊ ဝန်ထောက်မင်းတို့လိုလူလိမ္မာတွေကြောင့်၊ ဘဂုဏ်ဝန်မင်းကိုမေးကြည့်၊ ကျွန်တော် သူတောင်းစားလုပ်ကာ ရိက္ခာရှာခဲ့ရတယ်၊ ကတည်း စစ်တပ်သာဆိုရင်မခက်ပါလား"

"အမိန့်ရှိပါ..."

"စစ်တပ်ကြီးက တပ်စိတ်တစ်စိတ်ဟာ နယ်ခြားမှာ ကင်းထောက်သွား၊ ဟောရိက္ခာကုန်၊ အဲသည်အခါမှာ ရွာကြီးတစ်ရွာကိုတွေ့၊ ဝန်မင်းများက ထားတဲ့ဆိုင်ကြီးကို ဝင်ဝယ်၊ အိမ်ထောင်ပုရပိုက်ပေတို့ကိုမပြနိုင်လို့ ဝယ်မရ၊ ရွာကလည်း မရောင်းဝံ့၊ သည်းထန်သော ပြစ်ဒဏ်ကိုကြောက်နေ၊ ကိုင်း ဘယ့်နှယ်လဲ..."

"ကိုယ်တော်ကြီးနှင့် တွေ့ရတော့၊ နောက်သွားတာပဲ"

mgyoe.com

mgyoe.com


"မနောက်နှင့်၊ ကြပ်ကြပ်နောက်ရင် ရူးတတ်တယ်၊ နားထောင်..."

"မှန်လှပါ..."

"မိုက်တယ်ဆိုတာ၊ မအပေါင်း အိုက်မိုက်..."

"မှန်လှပါ..."

"အိုက်တယ်ဆိုတာ ပူလို့ ချွေးတစီစီနှင့် မိတ်တွေကလည်းထွက်၊ ညများမှာဆိုရင် မိတ်ကယား၊ ခြင်ကကိုက်၊ ဘယ်မှာစိတ်ကောင်း၊ ဉာဏ်ကောင်း၊ အသိသဘောကောင်းရှိတော့မှာလဲ..."

"မှန်လှပါ..."

"မိုက်၊ မအိုက်မှ စိတ်နှလုံးချမ်းသာပြီး အေးချမ်းသာယာကာ၊ အတွေးနက်နိုင်တယ်၊ ဉာဏ်ရှိလာတယ်၊ စိတ်ရှည်လာတယ်၊ ဒါကြောင့် ပြောတာ၊ ဒါကြောင့် ဝန်ထောက်မင်းတို့ရဲ့တိုင်းပြည်မှာ လူမိုက်တွေ မစိမ်ဘဲ၊ လူလိမ္မာတွေစိမ်နေလို့ ကြက်တွန့်တက်နေတယ် မဟုတ်လား..."

"ဆိုရမလိုပါ..."

"ဝန်ထောက်မင်းရဲ့၊ မြဲဝန်မင်းက မြဲများရဲ့သတင်းပေးကို အတွင်းဝန်မင်းထံ မပို့ဘူးလား..."

"ကျွန်တော်မျိုးကိုယ်တိုင် ပို့ပါတယ်ဘုရား..."

"သြော်၊ ကျွန်တော်လွှတ်သို့ တက်ဖို့ ရွှေနန်းတော်အစဉ်းစားခန်းမှာ အတွင်းဝန်မင်းနှင့်တွေ့တော့၊ အတွင်းဝန်မင်းက မြဲများရဲ့ အစီအရင်ခံစာပေကို တစ်တိုမျှ တင်မပြဘူး၊ ဒါဟာ လိမ္မာတာပဲ၊ အဲသည်လို လိမ္မာလို့ ဘုရင်မင်းမြတ်ဟာ၊ မျက်ကန်း၊ နားပင်းနှင့် တူနေရတာပဲ..."

မြဲတို့သည် တိတ်နေကြ၏။

မင်းသားတူးလည်း မြဲတို့ကိုနှုတ်ဆက်၍ သူ့အိမ်တော်သို့ ပြန်လေ

mgyoe.com

mgyoe.com


၏။ ၎င်း၏အိမ်တော်၌ စောနှစ်နှင့် နန်းရင်းဝန်ကြီး၏သမီး မြမြသည် စီမံစရာများတို့ကို စီမံနေလေ၏။

ညနေစောင်းသော် မင်းသားတူးဖိတ်ထား.သော ပန်းတောင်းပြည်ရှိ သူဌေး၊ သူကြွယ်တို့သည် ရောက်လာကြလေ၏။ မင်းသားတူးလည်း ငါတက္ကသိုလ်ပြန် မင်းသားဟု သဘောထားမပြဘဲ အယ်လဲကျောက်ကျက် (ပေါရာဏ) ကိုယ်နှင့်တန်းတူထား ဖော်ရွေသည်။ အယ်လဲကျောက်ကျက်နှင့် သူဌေးသူကြွယ်တို့ကို ဧည့်ခံနေလေ၏။

သူဌေးကြီးလေးယောက်၊ သူကြွယ်ကြီး ဆယ်ယောက်တို့ စုံညီသော အခါ ထိုဆယ့်လေးယောက်သောသူတို့နှင့် မင်းသားတူး၊ မင်းသမီးစောနှစ်၊ မြမြတို့သည် အဆင့်အတန်းအရာမထားဘဲ ညစာပွဲတော်ကို မြိန်ရှက်စွာ စားသောက်ကြလေ၏။

မင်းသားတူးသည် ငွေ့ရှင်များနှင့် မျက်နှာစိုသလော။

ညစာပွဲတော်ကို သုံးဆောင်ပြီးကြသောအခါ ဒန့်ကျွဲစေ့မှုန့်၊ ရေနွေးနှင့် အကြော်များကို ဧည့်တန်ဆာပြုပြီးလျှင် စကားပြောဆိုခြင်းဖြင့် ဖော်ရွေမှုကို ဤသို့ပြုလေ၏။

"ခု၊ ကြွရောက်လာကြသော ဘတို့ စဉ်းစားစရာပေါ့ဆိုပါတော့ ခင်ဗျာ..."

"မှန်လှပါ..."

လျှာဖျားသွားထိပ်နှင့် ဆိုတဲ့သူထေး၊ လျှာထိပ်နှင့်ဆိုတဲ့သူဌေးလို့ ရှိရာတွင် ဘတို့ ဘယ်လိုသူဌေးပါလဲ ခင်ဗျား..."

သူဌေးကြီးများသည် ငေးနေ၏။ သူကြွယ်များကားမော့နေ၏။ ထိုအခါ မင်းသားတူးလည်းပြုံး၍ "စောနှစ် ရှင်းပြပါ၊ နမတော်က ပြေပြေပြစ်ပြစ် ရှင်းတတ်ပါတယ်..."

"သည်လိုပါ ဘဘတို့ရယ်၊ သူဌေး၊ သူဌေးဆိုကာ စာလုံးသံကို

mgyoe.com

mgyoe.com

လိုက်ပြီး သံတူယောင်ယောင် ကြောင်းကွဲရှိနေပါတယ်ရှင့်...”

“ထိပ်ထားဆက်ပြီး မိန့်တော်မူပါ၊ နာပါရစေ...”

“ဘာဘတို့ရယ်၊ ဌဝမ်းဘဲက လျှာထိပ်သီနှင့် ရွတ်ဆိုရတော့ အာဏာသံပါတဲ့ လျှာထိပ်သံပါရှင်၊ ထဆင်ထူးကတော့ သာယာခြင်း သဘောကိုပြတဲ့၊ လျှာဖျားသွားထိပ်သံနှင့် ရွတ်ဆိုရပါတယ်ရှင့်၊ အဲသည် အသံတည်ရာကိုလိုက်ပြီး အကြောင်းဖြစ်လာပါတယ်...”

“သြော်...သြော်...သြော်...သြော်...”

“အဲသည်တော့ သူထေးဆိုတာဟာ သူထလျှင် အေးသောကြောင့်သူထေးပါ၊ ဘယ်လိုအေးသလဲ မိမိလည်းအေးအေးပဲ၊ သူတစ်ပါးလည်းအေးချမ်းသာယာတာပဲ...”

“အဓိပ္ပာယ်နက်ကို မိန့်တော်မူပါ...”

“မိမိကောင်းစားလာသောအခါ ငါ့မှာ ရွှေငွေမရှား၊ အေးကြောင်းအေးရာကိုရှာပြီးနေမယ်၊ ငါ့မှာ ရင်းဖို့၊ နှီးဖို့၊ စားဖို့၊ ဝတ်ဖို့အပြင်ပိုသမျှငွေများသည် တိုင်းပြည်ဖို့၊ တိုင်းပြည်မှာအကြောင်းရှိလျှင် သုံးမည်၊ ဘုရင်နှင့်တကွ၊ ဘုရင်အစိုးရမှာ အကြောင်းရှိလျှင်သုံးမည်၊ တိုင်းပြည်အတွက်လည်း လုပ်ခင်းကိုင်တာများအတွက် ဆည်ကြီး တည်မည်၊ ကန်ကြီးတူးမည်၊ သောက်ရေသုံးရေများအတွက် ရေတွင်း ရေကန်များကို အန့်တူးဖော်မည်။

“အင်း သဘောကျပြီ...”

“ကျေနပ်ပြီ...”

“လင်းပြီ...ရှင်းပြီ...”

“အရင်းအနှီးလိုသော သူများအား မျိုးအတွက်ဖြစ်စေ၊ လုပ်ငန်းအတွက်ဖြစ်စေ၊ အလုပ်လုပ်ကိုင်ရင်း၊ စားရေး၊ သောက်ရေး၊ နေထိုင်ရေးတို့အတွက် အတိုးမဲ့ငွေချေးငှားရမည်၊ အပျောက်မစ ကန်သူတို့အား

mgyoe.com

mgyoe.com


ထိုက်တန်သလိုကြည့်၍၊ မစရမည်၊ မြေယာလက်မဲ့သူများအား ထိုက်သက်သည်နှင့်အညီ၊ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရန် မြေ၊ ယာများကိုရစေရမည်၊ အလုပ်သမားတို့အား အလုပ်ရုံကြီးကို တည်ထောင်ပေးရမည်၊ အလုပ်သမားတို့အား ၎င်းတို့လုပ်ငန်းအတွက် အရင်းအနှီးရစေရမည်၊ အချုပ်မှာ၊ တံငါ၊ မုဆိုး၊ ကြက်–ဝက်မွေးသူ၊ တိရစ္ဆာန်တို့၌ပင် အရင်းအနှီးရစေရပါမည်ရှင်..."

"အင်း...အင်း...အင်း...အင်း..."

"ဒါဟာ ဘတို့အား လိုက်နာရမည်ဟု ကျွန်မက အစီရင်တော်မခံပါ၊ သူထေးဆိုသော သဘောကိုရှင်းပြခြင်းမျှသာပါရှင်..."

"သူဌေးဆိုတာကကော ထိပ်ထား..."

"သူဌေးကတော့ရှင်...ဋ္ဌဝမ်းဘဲဆိုတာ လျှာထိပ်သံနှင့်ဖြစ်နေလို့ အာဏာသံသဘောသက်ရောက်ကာ ငါဟူသာ တက်ကြွသောသဘော၊ ခက်ထန်သောသဘော၊ သူတစ်ပါးအပေါ်၌ နိုင်ထက်စီးနင်းသဘော..."

အဓိပ္ပာယ်နက်။

သူတစ်ပါးအပေါ်၌မျှတခြင်းမရှိ၊ အတိုးစားခြင်း၊ အတိုး အတိုးကြီး မတန်မဆယူခြင်း၊ သူတစ်ပါးရဲ့ လယ်၊ ယာမိုးမြေတို့ကို ရသမျှနှင့်သိမ်းခြင်း၊ အမြတ်ကြီးစားခြင်း၊ နိမ့်သူများအပေါ်မှာ မောက်မောက်မာမာ ဆက်ဆံခြင်း၊ ကိုယ်ဖို့ကောင်းကိုသာ ရှေးရှုတတ်ခြင်း၊ သခင်ဝါဒနှင့်ကျွန်စနစ်ကို တည်ထောင်ခြင်း။

"ထိပ်ထား...ကျွန်တော်တို့ သဘောပေါက်ပါပြီ၊ သူကြွယ်ကို အမိန့်တော်ရှိပါ..."

"မောင်ကြီးဘုရား၊ စောနစ်ပန်းပြီ..."

"အင်း...သူကြွယ်တဲ့၊ သူကောင်းတဲ့..."

"မှန်လှပါ...မှန်လှပါ....မှန်လှပါ....မှန်လှပါ...."

mgyoe.com

mgyoe.com


"သူကြွယ်ဆိုတာ သူကရသမျှဝယ်၊ ရသမျှကိုမြှုပ်ထားပြီး၊ သူက ရဝယ် သူကြွယ်တဲ့၊ သူဟာ ရသမျှဝယ်ပြီး မိမိလိုသလောက် အမြတ်ကိုမရရင် မရောင်း၊ သိုလှောင်ထား၊ ကုန်စည်ပစ္စည်းများကို ရသမျှဝယ်လှောင်ထား၊ ရှားပါးတော့မှ ဈေးကြီးနှင့် အမြတ်များများတင်ရောင်း၊ အဲဒါဟာ သူကြွယ်တဲ့ခင်ဗျ....."

"အင်း....အဓိပ္ပာယ်နက်"

"သည်တော့ တိုင်းသူပြည်သားများမှာ ကုန်ဈေးနှုန်းကို မတန်မဆ ကြီးကာဝယ်ရတော့ ခက်ကုန်တာပေါ့၊ ဟော ရှင်ဘုရင်ဆိုသူနှင့် ဘုရင်အစိုးရရဲ့ခေါင်းကိုထိပြီး၊ အဲသည်တော့.....သူကြွယ်များဟာ ဘုရင်နှင့် အစိုးရရဲ့ ခေါင်းကိုပုတ်နေတာပဲ....."

"ဟုတ်ပါတယ်....ဘယ့်နှယ် သူကြွယ်ကြီးဦးမာ...."

"သည်သဘောတရားကို ခုမှနားလည်တယ် သူဌေးမင်း"

"အဲသည်တော့ ဘုရင်နှင့်အစိုးရက ကြားဝင်ပြီး ကိုင်ရပြီ၊ ကိုင်တော့လည်း မင်းမှုထမ်းဆိုတာဟာ လိုချင်တဲ့လူ၊ သာယာတဲ့လူ၊ ထောင်လွှားတဲ့လူ၊ ဟော....ကိုယ်ဖို့ကောင်းတွေဝင်လာပြီး ကိုယ်ရေးကိုယ်တာအတွက် စဉ်းလဲလာပြီး၊ မြို့ရွက်နှင့် ပဲကြီးစိမ်း၊ ငရုတ်သီးစိမ်းကို မြေပေါက်အသီးအနှံပါတယ်ဆိုကာ မြို့ဝန်အမှုထမ်းက သိမ်းနေပြီ၊ ကြီးတော်စားဖို့ဆိုတာယူလာတဲ့ နှမ်းကလေး နို့ဆီဘူးတစ်ဘူးကို ရွှေပြည်ဝန်အမှုထမ်းက လမ်းမှဖမ်းပြီ၊ သိမ်းပြီ၊ သည်အထိ ဖြစ်လာတာရဲ့ အခြေခံဟာ သူကြွယ်တွေပဲ၊ ကြွယ်ဝလိုသူတွေပဲ၊ ခုကျွန်တော် တက္ကသိုလ်မှ ပြန်လာရာလမ်းခရီးမှ ရိက္ခာမလောက်ဖြစ်နေလို့ မင်းသားသူတောင်းစားလုပ်လာခဲ့ရတယ်၊ မရှက်ပါဘူး...."

"အင်း.....ခင်ဗျားတို့သူကြွယ်တွေ...."

"ကိုရင်တို့ သူဌေးတွေလည်း မကောင်းပါဘူး"

mgyoe.com

mgyoe.com


"ကျွန်တော် ဆက်ပါဦးမယ်ခင်ဗျား"

"အမိန့်တော်ရှိပါ ကိုယ်တော်....."

"ကျွန်တော်ဟာ စစ်သည်တော် တပ်သားများနှင့် နယ်စွန်ပယ်ဖျား မှာ နယ်စပ်ကျောက်တိုင် သတ်မှတ်ရင် စစ်တံခွန်လွှင့်သွားတယ်ဆိုပါ"

"ဟုတ်ကဲ့......"

"ဘယ်နှရက်ကြာမယ်၊ ဘယ်လောက်ကြာမယ်ဆိုတာကို အဘယ် မှာခန့်မှန်းနိုင်မလဲ အဲသည်တော့ စားရေရိက္ခာကို လုံလောက်အောင် ယူဆောင်သွားဖို့ ဘယ်နည်းနှင့်မျှ တတ်နိုင်ဖို့မရှိဘူးခင်ဗျ၊ လူတစ် ယောက်ဟာ ကိုယ့်ရဲ့ ဆယ်ရက်တွက်ကိုယူသွားနိုင်ဖို့ အခက်ဗျ"

"မှန်ပါတယ်"

"အဲသည်တော့ ခင်ဗျား အဲသည်လိုသွားရလို့ တောမှာရိက္ခာ အံပြတ် တွေနှင့် မြို့ဝန်တွေက မရောင်းရဘူး၊ ပညတ်ထားလို့ ဝယ်မရ၊ ဘယ့်နှယ် လုပ်ရမလဲ၊ လုစားဖို့သာရှိတော့တယ်၊ လုစားတော့လည်း စစ်သားတွေ လက်နက်ကိုင်ပြီး လုကုန်ပြီလို့ ဖြစ်လာဦးမယ်"

"ဟုတ်ပါတယ်၊ ကိုယ်တော် အကြံပေးပါ"

"ကျွန်တော်မပေးတတ်လို့ ဘတို့ကို ပင့်ချီတာပေါ့"

"အင်း....အင်း...."

"တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့ တက္ကသိုလ်မှာရှိစဉ်က မြို့တစ် မြို့ကို အကြားအမြင် ဆည်းပူးဖို့ သွားကြပါတယ်၊ မောင်မယ် ငါးဆယ် လောက်ရှိမယ်ထင်တာပဲ"

"မှန်လှပါ...."

"အဲသည်မြို့ရောက်တော့ သူကောင်းကြီးဆိုသူ အိမ်ရောက်သွား လို့ စုံစမ်းရာ၊ အဲသည် သူကောင်းမှာ လယ်၊ ယာ မိုးမြေများစွာနှင့် အင်မတန် ရွှေမရှား ငွေမရှား ကြွယ်ဝချမ်းသာတာကို တွေ့ရပါတယ်"

mgyoe.com

mgyoe.com


"အင်း...."

"ကျွန်တော်က ခေါင်းဆောင်ဆိုပါတော့ ခင်ဗျာ၊ ခင်ဗျားတို့ အင်မတန်ပေါ်များ ကြွယ်ဝချမ်းသာလှပါကလားလို့ မေးပါတယ်၊ အိမ်စိုးမက မောင်ရင်ကလေး၊ ဒေါ်ဒေါ်တို့အိမ်မှာ ပြောပလောက်အောင် ချမ်းသာကြွယ်ဝခြင်းမရှိပါကလား ဆိုခြင်းကြောင့် ကျွန်တော်က ကြည့်ပါခင်ဗျာ၊ ဟောသည် ဝဲလင်းခန်းမှာ ရွှေတွေ၊ ငွေတွေစုပုံထားလိုက်တာလို့ ပြောပါတယ်"

"သည်တော့ အိမ်စိုးမက မောင်ဟာ ပန်းတိမ်းနယ်သားမဟုတ်ဘူးထင်တယ်၊ အဲသည် ရွှေ–ငွေတွေဟာ ဒေါ်ဒေါ်တို့လုပ်ကိုင်စားသောက်ရင်းနိုးဖို့မှ ပိုတဲ့ဟာတွေ၊ အဲတာတွေဟာ အဲသည်လို ပိုနေလို့ ထောက်ပံ့သင့်သူအား ထောက်ပံ့ဖို့ထားတဲ့ ဘုံပစ္စည်းတွေ၊ ဒါတွေကို ဒေါ်ဒေါ်တို့က အုပ်ချုပ်ထားရုံသာပါ၊ ဒါတွေကို ကိုယ့်ပစ္စည်း၊ ကိုယ့်ဥစ္စာလို့ ထင်နေရင် ဒေါ်ဒေါ်တို့တစ်အိမ်လုံး ရွှေ–ငွေ ဥစ္စာစောင့်ရှောက်ရတဲ့ လူရှင်ပြကတော့နှင့် ပြိတ္တာဖြစ်နေမတဲ့ ကိုင်းဗျာ သူတို့အယူ"

"အင်း...."

"ကျွန်တော်ကလည်း ခပ်ရှည်ရှည်ပဲ၊ ဒေါ်ဒေါ်တို့မှာ လယ်ယာ မိုးမြေလို့စလိုက်ရင်ပဲ အိမ်စိုးမက မောင်လယ်ယာ မိုးမြေကိုတော့ စာရင်းကိုမမှတ်မိတော့ဘူးဆိုပါတယ်၊ ကျွန်တော်ကဟာ ဒါဖြင့် ဒေါ်ဒေါ်တို့ဟာ ငွေကို လက်နက်ပြုပြီးတိုက်နေတဲ့ စားပြပေါ့လို့ ဆိုလိုက်ရာ၊ သူကောင်းကြီးရဲ့သမီး ခပ်လှလှခပ်ချောချော ပြောပလောက်အောင်ပါပဲ နာမည်..... စောနှစ်၊ နာမည်ကို မှတ်မိသေးလား"

"ကြွေကြွေတဲ့"

"ကြွေကြွေက ဒေါ်ဒေါ် ကျွန်မပြောပြမယ်ဆိုကာ ပြောပြပါတယ်၊ ကျွန်မတို့ ငွေတိုးကြီးစွာယူဖို့ထား အတိုးတစ်ရွေးသားမျှ မယူဖူးပါ၊

mgyoe.com

mgyoe.com


ငွေလိုချင်တဲ့ အလုပ်သမားတွေ၊ တောင်သူတွေ၊ လက်လုပ်လက်စားတွေ ဟာ ငွေကိုလာယူကြတာပဲ၊ ဒေါ်ဒေါ်စာက ပေးလိုက်ဆို ကျွန်မကိုယ်တိုင်ပေးလိုက်တာပဲ၊ ပုရပိုက်တင်ပေါင် (သုနာပရန္တတိုင်းကောင်းစားသော ပဒေသရာဇ်ခေတ်) လာဆပ်ကြတော့လည်း ထားခဲ့ကြလို့ပြောတာပဲ.....”

“အင်း.....”

“အာဂ ကြွေကြွေ တချို့ကတော့ မျိုးနှစ်စဉ်လိုလုပ်ရင်း စားသောက်ဖို့ ငွေကိုဆိုတော့ သူတို့မတတ်နိုင်တဲ့ ငွေများအတွက် မြေများကို လာသွင်းပါတယ်၊ လက်မခံဘူးဆိုရင် သူတို့နောင်ဘဝမှာ နွား–မြင်း–ကျွဲ–ဆင် မဖြစ်ပါရစေနှင့်တဲ့ အဲသည်လို မြေကိုလာသွင်းတော့ ရှင့် ကျွန်မတို့က မျိုးထောက်ပံ့ရတယ်၊ မြေကိုလည်း သူတို့ကိုပဲ ချရတယ်၊ အထူးငွေလိုရင်လည်း ထောက်ပံ့ရတယ်၊ အသီးအနှံကိုတော့ သူတို့ကျီထဲစေ့ထဲသို့ လာသွင်းချင်သလောက် သွင်းကြတာပဲ၊ လိုတော့လည်း လာယူကြတာပဲ၊ သူတို့အတွက် အခွန်တော်ကိုလည်း ကျွန်မတို့ကဆောင်ရတာပဲ၊ အဲသည်တော့ လယ်ယာ မိုးမြေတွေကို မမှတ်သားတော့ပါ၊ လာသွင်းတဲ့ ကောက်ပဲသီးနှံကိုလည်း ပုရပိုက် တင်ပေါင်လို့ပြောတယ်”

“ရောင်းချတော့ကောလို့ မေးတော့၊ နယ်အတွင်းရောင်းတာတော့ အလုပ်သမားတွေရောင်းတာပဲ၊ ဘာတွေကိုရောင်းတယ်၊ ဘယ်လောက်ရောင်းတယ်လို့ ကြွေဖြင့်သိပေါင်၊ ကမ်းယံပြည်များသို့ သွားဖို့ နွားဝန်တင်များကလည်း ကျီထဲ၊ ကျထဲ၊ စေ့ထဲက ကုန်တွေကို လိုချင်သလောက် သူတို့ဘာသာ သူတို့ ပုရပိုက်တင်ကာ အလုပ်သမားတွေကိုပြောပြီး ယူသွားကြတာပဲ၊ ကမ်းယံပြည်က ပြန်လာတော့ ငွေလာဆပ်သူတွေလည်းဆပ်၊ ကုန်ချင်းဖလှယ်ခဲ့လို့ ကုန်လာပေးသူလည်း ပေးပေါ့၊ ခုရှင်တို့ရွှေတွင်ပဲ ဟော ဟိုနွားဝန်တင်တွေ အလုပ်သမား

mgyoe.com

mgyoe.com


တွေနှင့် ကုန်တင်နေတယ်၊ ငွေထုပ်ကြီးကို ဖျော၊ ဖျော ဖျောနှင့် လာပြီး သွန်တာ ရှင်တို့အမြင်၊ ကျွန်မတို့သဘောတရားနှင့် လုပ်ကိုင်ရောင်း ဝယ်နေတာရှင့်.....”

“အင်း.....ပြုတ်ဆင်းသွားမှာ စိုးရိမ်စရာဆိုတော့ တကယ့်ကြွေ ကြွေပြုံးကာ ရှင့်နှယ်ရှင် ကြံကြံစည်စည်၊ ရှင်တို့သဘာဝကို စဉ်းစား ရမယ်တဲ့၊ ခိုတောင် ကျွေပေါက်နေတဲ့သစ်တောရှိ အနောက်ရိုးမကြီး မှာ ဘယ်တော့မှမိုးမခေါင်ဘူးတဲ့.....”

“ကျွန်တော်ကလည်း လျှာမတိုဘဲကိုဗျာ၊ ဒေါ်ဒေါ်ကငွေပိုတွေကို ထောက်ပံ့သင့်သူအား ဆိုပါတယ်၊ သည်သဘောနက်ကို မိန့်ပါဆိုတော့ သည်လိုပြောတယ်ဗျာ၊ ရသေ့မြင်တိုင်း၊ ပုရဗိုဇ်မြင်တိုင်းလှူ၊ သူတောင်း စားမြင်တိုင်း စွန့်ကြဲပေးကမ်း၊ အဲဒါဟာ သဘာဝရဲ့ အညွန့်ချိုးမှုကို မမြင်ဘဲ တိမ်သလ္လာစွဲနေတဲ့ မှုန်တိမှုန်မွှားလူတဲ့၊ ဆင်းရဲပင်ပန်း လုပါ သည်ဆိုတိုင်း ချီးမြှင့်ထောက်ပံ့ခြင်းသည် သဘာဝ၏လှည့်စားမှုကို မမြင်တဲ့အကန်းတဲ့၊ သေရည်သေရက်သောက်စား၊ ကြွေအန် ပဆစ် လောင်းကစား၊ အရမ်းသုံးစွဲအပျော်ကြူး၊ ကိုယ့်အမျိုးကိုနားမလည်ဘဲ ဂုဏ်တုဂုဏ်ပြိုင်လုပ်သူတို့အား ချီးမြှင့်ထောက်ပံ့ခြင်းသည် အရူးတဲ့၊ ဘယ်အခါမဆို ကြာသည်ရေပေါ်မှာ ပေါ်လွင်၍ပွင့်သည်ကို သိတတ်၍ သဘာဝကို စဉ်းစားမိသောသူသည် အကြားအမြင်ရှိ သူတဲ့....”

“အဖိုးတန်ပါပေတယ်”

“ကျွန်တော်တော့ အတော့်ကိုပဲ သည်သူကောင်းများကို အံ့ခဲ့ပါတယ် ခင်ဗျာ၊ သူကောင်းများသည် အလိုရမ္မက်ကို ခြိုးခြံနိုင်သမျှ ခြိုးခြံပြီး တင်းတိမ်ရောင့်ရဲခဲ့တယ်၊ တုန်လှုပ်မှုကို သည်းခံနိုင်သရွေ့ သည်းခံတယ်၊ နှိမ့်ချနိုင်သမျှ မိမိကိုယ်ကိုယ်မိမိ နှိမ့်ချတယ်လို့ မှတ်သားခဲ့တာပဲ၊ သူတို့ရဲ့အိမ်မှာ အိမ်မှုကိစ္စအဝဝ၌ အိမ်စိုးမ သို့မဟုတ် အိမ်စိုးမောင်တစ်ခု

mgyoe.com

mgyoe.com


ဖြစ်နေတဲ့အပြင် သားရေးသမီးရေးကိစ္စမှာတောင် အိမ်စိုးများရဲ့သဘော အတိုင်းလိုပင်ဖြစ်နေ၍ သားသမီးကစ၍ သူကောင်း၊ သူကောင်းကတော် မှအပ တစ်အိမ်လုံးပင် အိမ်စိုးကိုလေးစားကြရပါတယ်...."

"ဩော်.....သည်လိုကိုး...."

"ကျွန်တော်ကလည်း လူလှလှချောချောဆိုတော့ သူကောင်းကြီး သမီးကြွေကြွေဟာ စကားပြောပြီး ကျွန်တော့်ကို ညကြာ ကြည့်နေ သည်ယောင်ပေါ့ခင်ဗျာ....."

"မောင်ကြီးဘုရား...."

"ဆို....ဘာလဲ...."

"ဒါဟာ မောင်ကြီးဘုရားကို လှလို့ချောလို့ ကြည့်တာမဟုတ်ဘူး...."

"အလို ဘာကြောင့်လဲ ဟဲ့....စောနစ်ရယ်...."

"တက္ကသိုလ်မောင်ထဲမှာ မောင်ကြီးဘုရားက ထူးထူးခြားခြား ခေါင်း တုံးကိုပြောင်လှအောင် ရိတ်ထားပြီး တမင်သက်သက် လက်နှစ်သစ် လောက်အလျားရှိ နှုတ်ခမ်းမွေးကို လုပ်ယူလာခဲ့ပြီး နှာခေါင်းအောက် မှာတပ်ထားလို့ ဘုရား"

(ရယ်ကြ၏)

"ဟယ်.....ငါကတော့ ငါလှလို့ ချောလို့ထင်တာပဲ၊ ဒါကိုကြည့် သယောင်ဖြစ်နေရာ အိမ်စိုးမက ကြွေကြွေကို မျက်နှာထားနှင့် စောင်း လိုက်လျှင်ပဲ ကြွေကြွေဟာဖြုတ်ဆိုတစ်နေရာမှာ မျက်နှာပိုးသတ်ကာ နေရရှာတယ်"

"သူတို့ရဲ့ထုံးစံဟာ မှတ်သားစရာပဲ၊ ကိုယ်တော်ကြီးရောင်းဝယ်မှု၌ ဘယ်လိုစီမံတော်မူပါသလဲ၊ လုပ်ကိုင်မှုအရပ်ရပ်၌ ဘယ်လိုလိုက်နာ စေလိုပါသလဲ....."

"ဘတို့ ကျွန်တော်ဟာ ဘတို့အားလုံးတစ်စုံတစ်ရာ လုပ်ကိုင်ဆောင်

mgyoe.com

mgyoe.com


ရွက်ရန် လွှတ်သို့တက်ပြီး ခမည်းတော်ကိုယ်စား စီမံလုပ်ကိုင်မည် မဟုတ်.....၊ အကြားအမြင်သဘောကို ဖောက်သည်ချခြင်းမျှသာပါ၊ စောနစ်ဟာ တက္ကသိုလ်မှာ စီးပွားရေးပါရဂူတက်ခဲ့ပါတယ်၊ ဘတို့ စောနစ်နှင့် တိုင်ပင်ပြီးလိုအပ်တဲ့ ဥပဒေကို တိုင်းပြည်က လက်ခံအောင် ညှိနှိုင်းတိုင်ပင် ပုရပိုက်တင်ပါ၊ တင်ပြီး ညီလာခံပို့၊ ညီလာခံက ဝေဖန် တည်းဖြတ် သဘောတူပြီးမှ လွှတ်တော်က ကြေညာရန်ပါ၊ ဤမျှသာ ပါ....."

အချိန်အတော် ညောင်းသွား၍ သဘာကလေးတစ်ခုကဲ့သို့ သည် ကွဲလေတော့ပြီ၊ နောက်တစ်နေ့၌ မင်းသားတူးသည် အတွင်းဝန်မင်း နှင့်တွေ့ပြီးသော် လွှတ်သို့တက်လေ၏။

"နာခံတော်...."

"ဘုရား...."

"ပြည့်တန်ဆာမများ ရောက်ကြပလား...."

"ရောက်ကြောင်းပါ ဘုရား...."

"ဘယ်မှာလဲ...."

"ရှေ့တော်ပါးက ဝပ်တွားလျက်ပါ ဘုရား...."

"ဟာ.....ပြည့်တန်ဆာမဆိုပြီး လှလည်းမလှ၊ ချောလည်းမချော ပါလား...."

ထိုအခါတောင်ပြင်မှ စွာစွာပြည့်တန်ဆာမ မိန်းမချောမိန်းမလှ လုံးကြီးပေါက်လှက ဤသို့တင်လေ၏။

"မလှ မချောလို့ မက်မောလောက်စရာ မဟုတ်ပေမဲ့ ပြည့်တန် တန်ဆာမ ရာထူးကို ဘယ်လိုနည်းနှင့်မဆို ရထားလျှင် ပြည့်တန်ဆာမ ပါဘုရား....."

"အင်း.....အင်း....မမတို့အား....."

mgyoe.com

mgyoe.com


"ရပ်တော်မူပါဦး ဘုရား..."

"ဟင်....ဘာများလဲ...."

"ဘုရား ကျွန်တော်မျိုးတို့အား ထီးရုံနန်းရုံမင်းသားတစ်ပါးက မမ ဆိုတာကို လက်မခံဝံ့ကြ၍ပါ ဘုရား"

"ဟာ....ဘယ့်နှယ် ကျွန်တော့်ကို ထီးရုံနန်းရုံတို့ မတော်မလျော် မဦးမချွတ်လို့ ဆိုရသလဲ...."

"ကိုယ်တော်အား ဘုရင်မင်းမြတ်နှင့်တကွ ဝန်ကြီးမှူးမတ်တစ်စု က ထီးရုံနန်းရုံ မထားစေလိုပါမူ။ ကျေးတော်မျိုးမများနှင့် ဖာသည်မ များကပါ တစ်ပြည်လုံးက ထီးရုံ၊ နန်းရုံလို့ ရွေးချယ်ပြီးကြောင်းပါ ဘုရား...."

"ခက်နေပါပြီ၊ ထားဦးတော့၊ မမလို့ခေါ်တာကို လက်မခံနိုင်ရင် ဘယ်လိုခေါ်ရမှာလဲဗျာ...."

"မယ်မင်းအသင်လို့ ခေါ်ရိုးပါဘုရား...."

"ဟာ ဒါက အာဏာသံပါတယ်၊ ဒါကို ကျွန်တော်မလို၊ သည်းခံ ပြီး မမလို့ခေါ်တာကို လက်ခံကြရန် တောင်းပန်ပါတယ်၊ အာဏာသံ ဟာ အင်မတန်ရိုင်းတယ်...."

"ဒါကြောင့် ကိုထီးရုံ နန်းရုံလို့ သဘောတူကြပါတယ်ဘုရား..."

"ခက်နေပါပြီ၊ စကားဟာ ရှေ့သို့ မတိုးနိုင်၊ မမလို့ခေါ်တာကို လက်ခံပါ...."

"သဘောတော်မြတ်အတိုင်းပါဘုရား...."

"အဲသည်လိုမှပေါ့၊ နည်းနည်းလှလာကြပြီ၊ မမတို့အား တောင်းပန် ပါရစေ၊ အမိန့်မဟုတ်ဘူးနော်....ခွင့်ပြုပါ...."

"မိန့်တော်မူပါ ဘုရား...."

"မမတို့ထံ ကျွန်တော်လာချင်တဲ့အချိန် လာပါရစေ၊ အတားအဆီး

mgyoe.com

mgyoe.com


မရှိ၊ လာခွင့် ဝင်ခွင့်ပြုပါ"

"ဒါကြောင့် ကိုယ်တော်ကလေးကို ဘုရားကျွန်မတို့ ချစ်ကြပါသည်ဘုရား" ဟု သံပြိုင်တင်ကြလေ၏။

"အင်း....ကျွန်တော် တန်ခိုးပြောင်ပြီး ထောင်လာပြီ၊ ပြည့်တန်ဆာမကတောင် ချစ်သတဲ့၊ ဒါပေမဲ့ ဖြူစင်ခြင်းထည့်ပါ...."

"ဖြူစင်ခြင်းနှင့်ပါဘုရား၊ ကိုယ်တော်ကလေး သဘောအတိုင်း လာခွင့်ဝင်ခွင့်ပြုပါသည် ဘုရား...." ဟု တစ်ညီတည်း တင်ကြလေ၏။

"ဝမ်းသာပါ့၊ အားထားအားကိုးပါ့၊ ကျွန်တော့်အိမ်တော်သို့ ဖိတ်ခေါ်ရင်လည်း ပျော်ပျော်ပဲကြွခဲ့ကြပါ"

"ဦးတည့်ရပ်ပါဘုရား...."

"မမတို့အား အသပြာငါးရာစီ လွှတ်တော်က နာရီပိုင်းအတွင်း ချီးမြှင့်၍ ပြန်ပို့...."

"အသပြာကို သည်းခံတော်မူပါဘုရား...."

ထိုသို့တင်၍ ပြည့်တန်ဆာမတို့သည် ပြန်ကြလေ၏။ မင်းသားလည်း မှူခင်းရှိက တင်ဟုဆိုလေ၏။ ထိုအခါ လွှတ်တော်ဝန်ထောက်မင်းသည် ငကျော်၏ အယူခံအမှုတွဲကို တင်သဖြင့် နာခံတော်သည် ဤသို့ဖတ်လေ၏။

"ကျေးတော်မျိုးလုပ်ကိုင်စားသူ မောင်မောင်ကျော်လျှောက်ထားအသနားတော်မြတ်ခံပါသည်ဘုရား"

"ကျေးတော်မျိုးသည် ကိုင်းလုပ်ရာမှပြန်လာရာ အချိန်မှာ ထိုနေ့တွင်အတော်နောက်ကျပါသည်။ ကျွန်တော်မျိုးသည် ထိုသို့ပြန်လာရာ၌ ရေအလုပ်သမားများထံမှ ငါးလိပ်ကျောက်သေတစ်ကောင်ကို ဘူးသီးတစ်လုံးနှင့် လဲယူလာခဲ့ပါသည်။

"ကျွန်တော်မျိုးတို့သည် ထိုငါးလိပ်ကျောက်သားကို ကိုင်၍ ငရုတ်၊

mgyoe.com

mgyoe.com


ကြက်သွန်၊ ချင်းတို့နှင့် ညစာကို ချစ်မယား၊ သားသမီးတစ်စုနှင့် သာယာစည်ပင်သည်ဟုဆိုသော ပန်းတောင်းရွှေပြည်တော်ရွေးဆယ် လီရပ်၊ နှစ်ခန်းအိမ်တွင် ပျော်ရွှင်စွာ စားသောက်ရန်ချက်နေပါသည်။ ထိုအခါ အမှုထမ်းအုပ်ကြီးဦးကျော်ခိုင်နှင့် အမှုထမ်းလေးယောက်တို့ သည် ရောက်လာ၍ မီးဖိုနားတွင် ဝိုင်းထိုင်ကာ စကားတပြောပြောနှင့်နေ သော ကျေးတော်မျိုးတို့အား မင်းတို့သည်အချိန်မှ ဘာသားကို ချက်နေ သလဲ မေးပါသည်။ အာဏာသံနှင့် အော်ငေါက်၍မေးပါသည်။

"ကျေးတော်မျိုးက ငါးလိပ်ကျောက်သားပါ...." ဟု ဆိုရာ၊ ဦးကျော် ခိုင်က အမှုထမ်းတစ်ယောက်အား ဖွင့်ကြည့်စေပြီးသော်၊ သယ်....လာ လား၊ နွားသားကိုချက်နေတာပါကလား၊ သည်အရပ်မှာ နွားပျောက် သွားတာ မင်းပဲ၊ ခုမှမိသည်ဟု ငေါက်ငင်းပြီးလျှင် ဟင်းအိုးကြီးကို ဖမ်းသည်ဆိုကာ ယူသွားပါသည်။

နောက်တစ်နေ့တွင် ရွှေမြို့တော်တရားသူကြီး ဦးတည့်မတ်ရုံး တော်က အမိန့်တော်နှင့်ခေါ်ပြီးလျှင် ကျေးတော်မျိုးအား နွားခိုးသတ် နေသူဟု စီရင်ချက်ရေးပြီးသော်၊ ထောင်တစ်လမိုက်ပြစ်ဟု ချမှတ်ပါ သည်။ ထို့ကြောင့် ထိုအမှုကို လွှတ်တော်ကြီးက ပြန်လည်စစ်ဆေး တော်မူပါဘုရား...."

လျှောက်တင်သူ အယူခံတရားလို မောင်ကျော်၏ရှေ့ဆောင် ဦးဆို:....။

"ဝန်ထောက်မင်း၊ ထိုအမှုနှင့်ပတ်သက်၍ ရွှေမြို့တော်တရား သူကြီး ဦးတည့်မတ်၏ စီရင်ချက်နှင့်အမှုတွဲကို တင်ပြ"

"အယူခံလျှောက်လွှာတွင် အောက်ရုံးမှစီရင်ချက်ကို ပေနှင့်ပူးတွဲ တင်ပြထားပြီးပါဘုရား...."

"ဝန်ထောက်မင်း၊ ကျွန်တော်မင်းသားငတူးသည် လွှတ်ရုံးတော်

mgyoe.com

mgyoe.com


လာ၍ အလုပ်သင်နေသူမဟုတ်၊ မင်းသားဖြစ်သည့်အတိုင်း ဘုရင့်ကိုယ်စား လွှတ်သို့တက်ပြီးလျှင် တရားစီရင်ရသူဖြစ်သည်၊ သေသေချာချာမှတ်ထား....”

ထို့ကြောင့် ကျွန်တော်ဝန်ထောက်မင်း၏ ဆရာစားခြင်းကိုမခံ၊ ကျွန်တော် တောင်းဆိုသည်အတိုင်း တင်ပြ။

လွှတ်တော်ဝန်ထောက်မင်းသည် ရွှေမြို့တော် တရားသူကြီးက တင်ပို့ထားသော အမှုတွဲနှင့် စီရင်ချက်ကို မလွှဲမတိမ်းသာဘဲ တင်ပြရလေ၏။

“ဦးဆိုး....”

“အသင့်တည်နေပါသည် ဘုရား”

“အယူခံလွှာတွင် ပူးတွဲတင်ထားသော ရွှေမြို့တော်တရားသူကြီး၏ စီရင်ချက်အမှုတွဲနှင့် လွှတ်တော်ဝန်ထောက်မင်း၊ လွှတ်တော်ဝန်လောင်း ဦးဉာဏ်ကြီးတင်ပြသော စီရင်ချက်၊ အမှုတွဲပေနှစ်ခုကို တိုက်ကြည့်”

“မှန်လှပါ့”

ရှေ့ဆောင်ဦးဆိုးသည် တိုက်၍ကြည့်နေ၏။ ရုံးဝန်ထောက်မင်းကား ဆတ်ဆတ်တုန်သကဲ့သို့ ဖြစ်နေ၏။ လွှတ်ရုံးတော်ဝန်ကြီးလေးနှင့် ဝန်ကြီးချုပ်သည် မျက်နှာမသာသကဲ့သို့ ရှိနေ၏။ မင်းသားကား ပုရပိုက်တစ်ခုကို ကြည့်နေ၏။ အတန်ကြာသော်.....

“ဘယ့်နှယ် ဦးဆိုး....”

“မတူကြောင်းပါ ဘုရား....”

“အမှုတွဲကို ဘယ်သူကူးသလဲ....”

“ရွှေမြို့တော်တရားသူကြီးရုံး.....စာရေးမောင်ဉာဏ်ကျယ်ကူးပါသည်ဘုရား....”

“ကူးခဘယ်လောက်ပေးရသလဲ....”

mgyoe.com

mgyoe.com


"ငွေသားနို့ဆီဘူး လေးလုံးခန့် တစ်ခွက်ပေးရပါသည်ဘုရား...."

"မောင်မောင်ကျော်ကပေးနိုင်သလား....."

"မပေးနိုင်ပါဘုရား...."

"ဒါဖြင့် ဘယ်ကရသလဲ"

"တင်လျှောက်ရန်မသင့်ကြောင်းပါဘုရား...."

"ဤမှာ တရားရုံး၊ ထုံးတမ်းစဉ်လာအတိုင်း မိမိ၏တိုင်းပြည်ကို ချစ်၍ နေရောင်လရောင်ကဲ့သို့ ထွန်းလင်းစေလိုသော် ထုံးတမ်းစဉ်လာကို နောက်ကျောပြုခြင်း၊ ဘေးတွင်ချိတ်ခြင်းမပြုဘဲ တိုင်းနေပြည်သူ၏ သဘာဝကိုလေးစားရမယ်၊ တင်၊ ရဲရဲတင်၊ တရားရုံးသည် တရားရုံးတည်း။ တရားရုံးကို ရိုသေမှ လူတစ်ယောက်။

"တင်ဝံ့ပါဘုရား...."

"တင်၊ ရဲရဲတင်...."

ငမောင်ကျော်ကို တရားသူကြီးက မိုက်ပြစ်ဟု ထောင်တစ်လချသောအခါ၊ အမျိုးသားများက ခေါင်းမထောင်၍၊ ရွေးဘယ်လီအရပ် အမျိုးသမီးများက ခေါင်းဆောင်ကာ ငမောင်ကျော်အမှုအတွက် အယူခံရန် စရိတ်အလို့ငှာ အရပ်သို့လှည့်ပြီးသော် ကြေးငွေအလှူခံပါသည်ဘုရား"

"အင်း....ဘတို့ ဒါဟာ သိရဲ့လား၊ သတိပြုပါ၊ အမျိုးသမီးဆိုတာကို အရမ်းမနှိပ်စက်ရ၊ လွတ်လပ်ခြင်းပြုထားကြောင်းကို ဤပြည်၌ ထင်ရှားတယ်၊ ဒါကြောင့် ပန်းတောင်းရွှေပြည်ကြီးသည် ဇကေရာဇ် နိုင်ငံတော်ဟု ရွှီးရှာခြင်းဖြင့် မခံယူစေကာမူ ဘုန်းမီးနေလဖြစ်ဖို့ တပေါင်၊ ကိုင်းဆက်တင်ဦးဆို...."

"သည်လိုနှင့် အရပ်မှာ လှည့်လည်ကာ အလှူခံရာ ဘယ်ငွေရှင်က မျှမလှူဝံ့ကြသောကြောင့် မိသက်ပုံခေါင်းဆောင်ကာ ဆောင်ရွက်လာ

mgyoe.com

mgyoe.com


သော အမျိုးသမီးတစ်စုသည် အခက်အခဲနှင့် တွေ့နေရသကဲ့သို့ ဖြစ်ပါသည်”

“အင်း ကျွန်တော်နားလည်ပြီ၊ ဦးဆိုးရှေ့ဆောင်ခ”

“ကျွန်တော်မျိုး ဘုရင်မင်းမြတ် အရှင်ကျော်စွာ၏ ဝါဒလမ်းစဉ်ဝင်သူတစ်ဦးဖြစ်ပါ၍ ရှေ့နေခဍ္ဍအမှုမျိုး၌မယူ၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ခြင်းပါဘုရား”

“တရားရုံးမှ စာရေးများ၊ လွှတ်တော်ရုံးမှ စာရေးအရာရှိများကော ဘုရင်မင်းမြတ်ရဲ့ လမ်းစဉ်ဝင်သူများမဟုတ်လား၊ ငွေကုန်ဖို့လိုသေးသလား....”

“တောင်ကပ်ဖားကျားခေတ်ဖြစ်နေပါ၍ မီးကြီးခြင်းကြောင့် ငြိမ်းနိုကြခြင်းပါဘုရား....”

“ဆက်တင်....”

“သည်လိုနှင့် ဘုရင်မင်းမြတ်၏ လမ်းစဉ်ဝင်ပြည်သူ့အကျိုးကိုလိုလားသူ ပစ္စည်းမဲ့လူတန်းစား မိသက်ပုံခေါင်းဆောင်သည့် လက်လုပ်လက်စား အမျိုးသမီးတစ်စုသည် မှိုင်တွေချနေကြစဉ်၊ မိဖုရားကြီးသည် အပျိုတော်များနှင့် အရှေ့ပြင်ဥယျာဉ်တော်သို့ ထွက်လာတော်မူရာ ထိုအမျိုးသမီးတို့နှင့်တွေ့ပါသည်။

“အင်း....တင်–ရဲရဲတင်....”

“ထိုအခါမိဖုရားကြီးက သမီးတို့၊ သည်မှာဘာလုပ်နေကြသလဲ၊ သည်ကနေ့အလုပ်နားကြသလားလို့ မေးတော့၊ မိသက်ပုံက အကုန်လုံးဖြစ်ပျက်ပုံကို ဖွင့်ချလျှောက်ထားရာ တရားရှင်မိဖုရားကြီးက အို...ဟုဆိုကာ ရွှေစာဟု အသံတော်ကို ပြုလိုက်လျှင် အပျိုတော်အုပ် မရွှေစာသည် ငွေသားတစ်ပြည်ခွဲခန့်ခွက်သုံးခွက်ကို ပန်းတောင်း ရွှေပြည်တော်မှာတရားမသေစေပါနှင့်ဆိုပြီးလျှင် အမျိုးသမီးခေါင်းလက်ထဲသို့ ထည့်ခဲ့ပါ

mgyoe.com

mgyoe.com

သည် ဘုရား...."

"အင်း....တက်လမ်းမျှော် ကိုယ်ကျိုးရှာ၊ ကြီးသူ့ထံခိုဝင်ခြင်းသည် တိုင်းပြည်နိမ့်ကျရာ အကြောင်း ဦးဆို...."

"ဘုရား..."

"ခု မောင်မောင်ကျော်ဘယ်မှာလဲ...."

"ထောင်ထဲမှာပါ ဘုရား...."

"အမိန့်တော်သံကို နာခံလျက်ပါ ဘဘတို့...."

"မောင်မောင်ကျော်ကို ထောင်မှထုတ်၊ အမှုမပြီးမီစပ်ကြား ကိုယ်တိုင်ခံဝန်ချုပ်နှင့်နေစေ"

"မှန်လှပါ...."

"ကိုင်း နာခံတော်က ရွှေမြို့တော်တရားသူကြီးစီရင်ချက်ပေကို ဖတ်စေ...."

ပန်းတောင်း ရွှေမြို့တော် တရားသူကြီးရုံး။

တရားသူကြီး ဦးတည့်မတ် ဆုံးဖြတ်စီရင်ချက် အမှတ် ၁၂၅-။

ပန်းတောင်းပြည့်ရှင် ဘုရင်မင်းမြတ် ကျော်စွာသည် တိုင်းနေပြည်သူတို့၏ အကျိုးငှာ နိုင်ငံတော်၌ နွားများကို မသတ်ရ၊ နွားကိုသတ်၍ အမဲသားပြုကာ မပေါ်ရဟု ကျပ်တည်းစွာ အမိန့်တော်ပြန်တမ်းထုတ်ဆင့်တော်မူထားသည်။

သို့စဉ်လျက် ထိုအမိန့်တော်ကို စော်ကားကာ မထိမဲ့မြင်အရှေ့ပြင် ရွေးဆယ်လီရပ်အစွန်၌ ခိုင်းနွားများသည် ခဏခဏ ပျောက်ပြီးလျှင် အမဲသားဖြစ်သွားသည်ဟု သတင်းကျော်ကြားကာ ရှိလေသည်။ ထို့ကြောင့် အမှုတော်ထမ်းများသည် အမြဲမပြတ် စုံစမ်းကာ ရှိလေသည်။ တစ်နေ့သောညနေဝင်စချိန်ခါတွင် အမှုတော်ထမ်းအုပ် မောင်ကျော်ခိုင်သည်အမှုထမ်း ငါးယောက်နှင့် ထိုရပ်ကွက်သို့ စုံစမ်းရန် ရောက်သွား

mgyoe.com

mgyoe.com


သောအခါ အမှုထမ်းအုပ်နှင့် အမှုထမ်းတို့သည် အမဲသား ဟင်းချက်သော အနံ့ကိုရ၍ သေချာစွာစုံစမ်းရာ၊ မောင်ကျော့်အိမ်၌ ဟင်းချက်နေခြင်းကို မြင်ကြရလေသည်။

ထိုအခါ အမှုထမ်းတို့သည် ထိုဟင်းချက်ရာသို့ သွားရောက်ကြည့်ရာ အမဲသားဟင်းအိုးဖြစ်ကြောင်းကို တွေ့ရလေသည်၊ ထို့ကြောင့် ငမောင်ကျော်သည် နွားကိုခိုးသတ်၍ ရောင်းချစားသူသော်လည်းကောင်း၊ နွားကိုခိုး၍သတ်ပြီးလျှင် ရောင်းချစားသူများ ဂိုဏ်းသားသော်လည်းကောင်း၊ အမဲသားကိုဝယ်စားခြင်းဖြင့် နွားခိုးဂိုဏ်းအမဲသားပေါ်သူများအား အားပေးသူသော်လည်းကောင်း၊ ဖြစ်ရမည်ဟု အမှုတော်ကို ရိုသေကျိုးနွံ လေးစားစွာဆောင်ရွက်သော အမှုထမ်းအုပ် မောင်ကျော်ခိုင်နှင့် အမှုထမ်းများသည် အမဲသားဟင်းအိုးနှင့်တကွ ငမောင်ကျော်ကိုဖမ်းဆီးယူဆောင်လာခဲ့ပြီးသော် ကျွန်ုပ်၏ ရုံးတော်၌ တရားစွဲဆို တင်ပို့လေသည်။

ဤရုံးတော်က ဆင်ကောင်ကိုပင် တွေ့နေပြီဖြစ်၍ ဆင်ခြေရာကို လိုက်လံစုံစမ်းရန် မလိုသောကြောင့် ငမောင်ကျော်အား မိုက်ပြစ်ထောင် တစ်လချလိုက်သည်။

ဦးတည့်မတ်။

ရွှေမြို့တော်တရားသူကြီး။

"အင်း....အမှုထမ်းများနှင့် အမှုထမ်းအုပ်ကိုဆောင်း၊ အနံ့ခံအင်မတန်ကောင်း၊ ခွေးများရဲ့အနံ့ခံပညာကို လေးပုံတစ်ပုံလောက် တတ်နေဟန်တူတယ်၊ ရွှေမြို့တော်တရားသူကြီး ဦးတည့်မတ်၊ ရွှေမြို့တော်ဝန်မင်းဦးပေစိ၊ ရွှေပြည်တော်ဝန်မင်း ဦးခန့်၊ အမှုထမ်းအုပ်ကိုကျော်ခိုင်တို့ကို လွှတ်တော်သို့ဆင့်"

မင်းသားတူးသည် ထိုသို့ အမိန့်တော်ချမှတ်၍ လွှတ်တော်မှဆင်း

mgyoe.com

mgyoe.com


သွားလေ၏။ "ဝန်ကြီးချုပ်ကား သတိနှင့်မှန်မှန်ကန်ကန် တရားဆောင် ဝင်အောင် ဆောင်ရွက်ကြကွယ်တို့၊ မင်းသားတူးကတော့ တူးသွားပြီ ဘာတွေကိုတွေ့ကုန်မယ် မဆိုနိုင်ဘူး"

မင်းသားတူးသည် လွှတ်တော်မှဆင်း၍ ဗြဲတိုက်သို့သွားရောက်ပြီး လျှင် ဗြဲဝန်မင်းအား ထန်းဖူးတစ်ရွက်ကို တောင်းယူကာ အောက်ပါအမိန့် ကို ချမှတ်လေ၏။

ဗြဲက တရားသူကြီးဦးတည့်မတ်၊ ရွှေမြို့တော်ဝန်ဦးပေစိ၊ ရွှေပြည် ဝန်ဦးခန့်၊ အမှုထမ်းအုပ်ကိုဆောင်းတို့၏ အိမ်၌တွေ့ရမျှသော အမဲ ခြောက်များကိုသိမ်းပြီးလျှင် တစ်သန့်စီထုပ်လျက် စာရင်းနှင့်မှတ်ယူ ခဲ့စေ။

မင်းသားတွေး၊ ဘုရင့်ကိုယ်စားတော်။

မင်းသားတူးသည် ထိုကဲ့သို့ အမိန့်တော်ကို ချမှတ်ခဲ့ပြီးသော် အိမ် တော်သို့ ပြန်လေ၏။

ဗြဲတိုက်ကား ရွှေမြို့တော်တရားသူကြီးအိမ်သို့ တချို့သည် သွား ရောက်ကြ၍ ရပ်ကွက်သွေးစည်းနှင့် လူကြီးများကိုခေါ်ပြီးလျှင် ဝင် ရောက်ကြလေ၏။ ထိုအခိုက်အတန့်၌ တရားသူကြီးကတော်သည် သမီးများနှင့် ပုရပိုဇ်တစ်ပါး၏ တရားကိုနာလျက်ရှိ၏။ ထိုတရားကား လျှုဒါန်းခြင်းအားဖြင့် နတ်ပြည်နတ်ရွာသို့ ရောက်ကြောင်းတရား ဖြစ်၏။

တရားသူကြီးကတော်နှင့် သမီးသုံးယောက်တို့သည် တရားနာရာ မှ ထလာ၍ "ဟော့မောင်မင်းတို့ဘာလဲ" ဟု မေး၍ ဤသို့တွေ့ရလေ ၏ ။

"ကျွန်တော်တို့ဗြဲ...."

"ဘာကိစ္စ...."

"သည်အိမ်မှာရှာစရာရှိလို့....."

mgyoe.com

mgyoe.com


"အမိန့်တော်ပါရဲ့လား...."

"ဒေါ်ဒေါ်ဖုရား မြဲဆိုကတည်းက အခွင့်ရအမိန့်တော်ပါပြီးပါ...."

"ဘာရှာမလဲ...."

"သွေးစည်းကြီးမြင်လား၊ ဟောဟိုမှာ အမဲခြောက်တွေလှန်းထားတယ်"

"ဒါဘာဖြစ်သလဲ ပုရဗိုဇ်အရှင်များ၊ ရသေ့ကိုယ်တော်များအား နေ့စဉ်လှူဖို့...."

"ဘာပဲဖြစ်ဖြစ် သွားသိမ်းလိုက်ကြ...."

"ဟော့-ဟော့-ဟော့ မင်းတို့ဓားပြတွေဖြစ်ကုန်မယ်"

"မမဖျား မကျေနပ်ရင် သက်ဆိုင်ရာမှ တိုင်ပေါ့"

မြဲများသည် လှမ်းထားသော အမဲညှဉ်းခြောက်များကို သိမ်းကြ၏။

မြဲအချို့သည် အရပ်လူကြီးများနှင့် စားဖိုချောင်သို့ဝင်၍ ရှာဖွေကြရာ အမဲကင်များ၊ အမဲကျပ်တင်ခြောက်များ၊ အမဲညှဉ်းခြောက်များကို တွေ့သဖြင့် သိမ်းပြီးသော် ပြန်ကြလေ၏။

တရားသူကြီးကတော်ကား ထိုကဲ့သို့ နိုင်ထက်စီးနင်းပြုခြင်းများကို မခံရပ်နိုင်သဖြင့် အလွန့်အလွန် စိတ်ဆိုးပြီးသော် မင်းသားတူး၏ အိမ်တော်သို့ သွားလေ၏။

မြဲအချို့သည်လည်း ထိုနည်းအတိုင်း ရွှေမြို့တော်ဝန်မင်းအိမ်တော်သို့ သွားရောက်ကာ အမဲညှဉ်းခြောက်၊ အမဲညှပ်တင်ခြောက်များကို သိမ်းကြရာ၊ ဝန်ကတော်၊ ဝန်မင်းသမီးများနှင့် ဆူညံကာ ရှိလေ၏။ ရွှေမြို့တော်ဝန်သမီးများမှာ ဆတ်ဆတ်ကြဲဝန့်သမီးများဖြစ်ကြ၍ "နင်တို့တော့ သိစေ့မယ်၊ နင်တို့ခုပြုကျင့်တာဟာ ဓားပြတိုက်တာပဲ၊ နင်တို့ လမ်းစဉ်ဟာ ဓားပြလမ်းစဉ်" စသည်ဖြင့် ရန်တွေ့ကာ ဆူညံနေ၏။

မည်သို့ပင်ဖြစ်ဖြစ် မြဲများကား ခင်ဗျားတို့ကျွန်တော်တို့ကိုခုခံရင်

mgyoe.com

mgyoe.com


စစ်တပ်ကလာပြီး မြေလှန်မှာဗျာဟု ပြောဆိုကာ တွေ့ရသမျှ အမဲကင်၊ အမဲကျပ်တင်ခြောက်၊ အမဲညှဉ်းခြောက်များကို သိမ်းယူကာသွားလေ၏။

ဝန်ကတော်ကား ဤကဲ့သို့ မလောက်လေးမလောက်စားလူများက စားပြတိုက်သကဲ့သို့ မခန့်လေးစား ပြုမူကြသဖြင့် အလွန့်အလွန် စိတ်ထွက်ပြီးလျှင် မင်းသားတူး၏အိမ်တော်သို့ သမီးများနှင့် သွားလေ၏။

ရွှေပြည်တော်ဝန်မင်း၏အိမ်သို့ သွားရောက်ကြသော ဖြဲများမှာမူကား ရွှေပြည်တော်အမှုထမ်းများက ခုခံဟန်ပြုကြ၍ "ဖြဲမှူးကမင်းတို့က ဘာလဲ၊ မင်းတို့ကခုခံမလို့လား မင်းတို့သူပုန်ဖြစ်ပြီး မြေလှန်ခံရချင်သလား" ဟု ခြိမ်းခြောက်တော့မှ အလွယ်တကူ အရှာခံရကား ဖြဲများသည် အမဲကင်၊ အမဲကျပ်တင်ခြောက်၊ အမဲညှဉ်းတို့ကို ရသမျှသိမ်းယူလေ၏။

ရွှေပြည်ဝန်ကတော်ကား အလွန့်အလွန် စိတ်ပေါက်၍ နင်တို့တော့ သိစေမယ်ဟုကြိမ်းပပြီးနောက်၊ ၎င်း၏သမီးများနှင့် မင်းသားတူး၏ အိမ်တော်သို့သွားရောက်လေ၏။

အမှုထမ်းအုပ်မောင်ကျော်ခိုင်အိမ်ကမူကား၊ အမဲညှဉ်းခြောက် ငါးဆယ်သားခန့်ဖြဲများသည်တွေ့ရ၍ သိမ်းခဲ့လေ၏။

သဘောသွားကား ထိုသို့ဖြစ်၍ တရားသူကြီးကတော်၊ ရွှေမြို့တော်ဝန်ကတော်၊ ရွှေပြည်ဝန်ကတော်တို့သည် သမီးများနှင့်တကွ မင်းသားတူး၏ အိမ်တော်တွင် တွေ့ဆုံကြလေ၏။ မင်းသားတူးအိမ်က အိမ်စိုးကတော်မိဖူးသည် ထိုကတော်များနှင့်သမီးများကို ကောင်းစွာဧည့်ခံထားရပြီးလျှင် ၎င်း၏မင်းသားတူးထံ တွေ့ဆုံရန် အမိန့်တောင်းရာတွင် ဤသို့စကားအချီအချဖြစ်နေတော့သည်။

"တရားသူကြီးကတော်နှင့် ရွှေမြို့တော်ဝန်ကတော်၊ ရွှေပြည်ဝန်

mgyoe.com

mgyoe.com


ကတော်တို့က သမီးများနှင့် လာရောက်နေတယ်..."

"ဘယ်မှာလဲ...."

"အိမ်တော့် အောက်က ဧည့်ခန်းမှာပါ...."

"ဒါ ဘာဖြစ်သလဲ...."

"ဆင်းပြီးတွေ့ကာ စကားပြောပါ...."

"မလိုဘူးဗျာ...."

"လိုတယ်မောင်မောင်၊ သည်လိုဖွတ်မပြောနှင့်....."

"မလိုပါဘူး၊ သူတို့ရဲ့သမီးတွေကို ထားခဲ့ကြ၊ အကုန်လုံးလက်ခံပြီးသိမ်းတယ်လို့ပြောလိုက်ဗျာ...."

"တယ်.....ကိုယ်တော့်ကို ဆွဲထုမိတော့မယ်၊ သည်လိုဘောက် မပြောရဘူး...."

"ဘယ်လိုပြောရမလဲ...."

"ယဉ်ယဉ်ကျေးကျေးတွေ့ပြီး၊ သာယာချေင်စွာ ပြောမှပေါ့...."

"တက္ကသိုလ်က သည်အတတ်ကို သင်မပေးလိုက်ဘူးဗျ...."

"ခက်တယ်၊ ဘာတွေကိုပြောနေတယ်မသိဘူး၊ ထ,သွားတွေ့ပါ..."

"အမေဖူးဟာ သိပ်ခက်တာကို၊ အိမ်တော်ဝန်ကို တိုင်ရမှာပဲ...."

"တိုင်....တိုင်....ထသွားတွေ့ပါ...."

"တွေ့တော့တွေ့မှာပဲ၊ ထတော့မထဘူးဗျ...."

* * *

မင်းသားတူးသည် ပုရပိုက်ကြည့်နေရာမှ ထသွား၍ ခေါင်းတွင်သျှောင်မရှိ၊ ပြောင်လျက်ရှိ၏။ အင်္ကျီညစ်ညစ်တွင် တဘက်ညစ်ညစ်ကိုပခုံးတွင် တင်လျက်ရှိ၏။ လုံကွင်းညစ်ညစ်ကိုဝတ်ထား၏။ မင်းသားနှင့်ရွေးမှု မတူချေ။ ထိုသို့နှင့် ဧည့်သည်များကိုတွေ့လေ၏။

mgyoe.com

mgyoe.com


ဧည့်သည်ကတော်များနှင့် ၎င်းတို့၏သမီးများသည် ဤကား၊ မင်းသားဟု မည်သည့်နည်းနှင့်မျှ မထင်ကြချေ။ သို့သော် ဧည့်ခန်းတော်ရှိ သလွန်ပေါ်တွင် ထိုင်လိုက်သဖြင့် အင်း....ဘယ်လိုမင်းသားပါလိမ့်ဟု တွေးဆနေပုံပေါ်လေ၏။ မင်းသားတူးသည် ကြည်သောမျက်နှာ၊ ချိုသာလှသောအသံနှင့် ဤသို့ဆိုလေ၏။

"ဒေါ်ဒေါ်တို့ ဘာကိစ္စကြွတော်မူလာကြပါသလဲခင်ဗျာ...."

တရားသူကြီးကတော်နှင့်ဝန်ကတော်များက မိမိတို့၏အိမ်များတွင် ဖြဲများက နိုင်ထက်စီးနင်းပြုပြီးလျှင်၊ အမဲခြောက်များကို သိမ်းသွားကြောင်းနှင့် စိတ်ဆိုးသည့်မျက်နှာထားဖြင့် ပြောကြလေ၏။

"အံမယ်လေးဗျာ.....သည်းခံကြပါ၊ တကယ့်မောင်များပဲ၊ ခွေးကဟိန်းလို့ ခွေးကိုခဲနှင့်ထုချင်ပေမဲ့ ခွေးရှင်မျက်နှာကရှိပါသေးတယ်ခင်ဗျ...."

(စိတ်တို၊ စိတ်ဆိုးလာသော ကတော်များသည် တစ်ဝက်စိတ်ကျေနပ်သွားသကဲ့သို့ဖြစ်နေ၏။ ၎င်းတို့၏ သမီးများကလည်း မင်းသားကဘယ်လိုမင်းသားပါလိမ့်မလဲ၊ အရင်းရှင်အမြတ်ကြီးစားတွေကြောင့် ဆင်းရဲနေလို့လား၊ အဆင့်ကရေထမ်းသမား၊ ထင်းပေါက်သမားလိုရှိပေမဲ့ မျက်နှာတော်ကလေးဟာ ပြည့်ဖြိုးပြီးသိပ်ကိုကြည်တာပဲ၊ ချစ်စရာပဲ၊ အသံတော်ကလည်း သိပ်ကိုသာယာတာပဲ၊ မထဘဲ နားထောင်နေချင့်စရာ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း သိပ်ကိုဖြောင့်စင်းပြီး ဥပမိရုပ်အင်မတန်ကောင်းတာပဲဟု အသီးသီးတွေးဆနေကြလေ၏။)

"ကျွန်တော်ခင်ဗျာ....ခမည်းတော်ကိုယ်စား လွှတ်တက်စီရင်ပြီးရင်စီမံခန့်ခွဲရတော့ အင်မတန်အလုပ်များပါတယ်ခင်ဗျာ၊ အဲသည်တော့....ညမှာ ရုတ်တရက်အိပ်မပျော်တာကြောင့် အမဲခြောက်ကလေး များရရင်ဖုတ်ပြီးဒန့်ကျွဲစေ့ရေပူပူနှင့် မြည်းရကကောင်းမယ်ထင်တာပဲလို့ ညည်းမိ

mgyoe.com

mgyoe.com


တယ်ခင်ဗျာ၊ ကျွန်တော့်အပြစ်ပါပဲ သည်းခံတော်မူကြပါ"

"တကတဲ.....ကိုယ်တော်ကလေးနှယ် ဗြဲဆိုတာ လူကြမ်းလူရမ်းတွေပါ၊ သည်လိုဆိုရင်....ဟယ်....တရားသူကြီးအိမ်သွားချေစမ်းလို့ မိန့်တော်မူပါတော့ တကတဲယော့သမီးကြီး ခင်စောအုံကိုယ်တိုင် လာမပို့ရပါလား"

"ဒေါ်ဒေါ်ရယ်.....သမင်သားခြောက်၊ ချေသားခြောက်တွေနှင့် တွေ့နေမှာ စိုးလို့ပါ...."

"သိပါတယ်ကိုယ်တော်....အစစ်ကိုရှာရင် ရနိုင်ပါတယ်"

"ဟုတ်ပါတယ်ကိုယ်တော်ကလေးရယ်၊ ရွှေမြို့တော်ဝန်အိမ်သွားချေ....."

"သည်လိုအကြောင်းနှင့် လွှတ်လိုက်ရင်၊ ဘယ်ကသမင်သားခြောက်၊ ချေသားခြောက်၊ ရွှေမြို့တော်မှာ ရှားကရှားသနှင့် ရနိုင်မှာလဲ၊ အစစ်ကိုရအောင်ရှာပြီး ဟောသည်လှလှဦးကို အပို့လွှတ်မှာပေါ့...."

"ဟုတ်ပါတယ်၊ ရွှေမြို့တော်ရွှေပြည်တော်ဆိုတာ သမင်သားခြောက်၊ ချေသားခြောက်မရနိုင်ပါ၊ နွားသားခြောက်သာ၊ မြွေကိုက်လို့သေ၊ နွားချင်းဝှေ့လို့သေ၊ ဖုတ်တွင်းထဲကျလို့သေနှင့်လွယ်ကူပါတယ်၊ အကြောင်းကိုရွှေပြည်တော်ဝန့်ထံ ကြားတော်မူလိုက်၊ ဟောသည်စိန်စိန်ကို အပြည့်အစုံနှင့် လွှတ်လိုက်မှာပေါ့....."

"ကျေးဇူးတင်ပါတယ်၊ ဒါပဲမဟုတ်လားခင်ဗျား....."

"ဟုတ်ပါတယ်...."

မင်းသားတူးသည် အိမ်ပေါ်သို့ ပြန်တက်သွားလေ၏။ ကတော်များကား စိတ်ကျေနပ်စွာနှင့် မိမိတို့၏အိမ်သို့ ပြန်ကြလေ၏။ တရားသူကြီးသည် ရုံးဆင်း၍အိမ်သို့ပြန်ရောက်ရာ အကြောင်းကိုသိရလေလျှင် "ဟာ....အမှုရောက်တော့မှာပဲ၊ ငမောင်ကျော်ဆိုတဲ့အကောင်က ဘုရင့်လမ်းစဉ်ကို ယုံကြည်ကိုးစားတယ်ဆိုတဲ့ လူဆင်းရဲလူမွဲအဖွဲ့မှာ ခေါင်း

mgyoe.com

mgyoe.com


ဆောင်ဘာတွေတင်၊ ဘာတွေလျှောက်လို့ ဘာဖြစ်ကုန်ပါလိမ့်မလဲ"ဟု အောက်မေ့ကာ မိမိ၏အဆောင်ကိုင်ကို ထောင်ကြီးသို့လွှတ်ကာ၊ မောင်ကျော်ထံ သွားရောက်စုံစမ်းစေလေ၏။

ရွှေမြို့တော်ဝန်မင်းနှင့် ရွှေပြည်တော်ဝန်မင်းလည်း အစိုးရအဖွဲ့ ရုံးကြီးမှ အိမ်သို့ပြန်ရောက်ကြလေလျှင် အကြောင်းကိုသိရကြ၍ ရာဇဝတ်မှု ဖြစ်ကုန်တော့မည်၊ ငကျော်ဟာ ဘယ်လိုပွေပါလိမ့်မလဲဟု ထောင်ကြီးရှိ ငကျော်ထံ ၎င်းတို့၏အဆောင်ကိုင်များကို လွှတ်ပြီးလျှင် စုံစမ်းစေလေ၏။

အဆောင်ကိုင်တို့သည် ထောင်ကြီးသို့ရောက်သောအခါ ထောင်ကြီးမှ မောင်မောင်ကျော်ကို နေ့လယ်ကပင် လွှတ်တော်လုလင်များ လွှတ်တော်ကြီးက အမိန့်နှင့်လာရောက်ထုတ်ယူကာသွားကြောင်းနှင့် ပြောလိုက်လေ၏။

အဆောင်ကိုင်များလည်း ထိုအကြောင်းကို မိမိတို့၏အရှင်အား ပြောကြားလိုက်ကြလေ၏။ တရားသူကြီးသည်ကား ငါတော့အမှုရောက်တော့မည်ဟု ထိုနေ့ည ပွဲတော်စာကိုပင် ကောင်းစွာမမြိန်တော့ပေ။ ထို့ကြောင့် ၎င်း၏လည်ပတ်သောလူစုကို ညအချိန်၌ မောင်ကျော်ထံသို့သွားရောက်ပြီးလျှင် ငွေတံစိုးနှင့် လှည့်ဖျားရန် ပြောထားလေ၏။

ရွှေမြို့တော်ဝန်လည်း ထိုနည်းအတူပင်ယူဆ၍ ၎င်း၏အမှုထမ်းများကို မောင်ကျော်ထံညအချိန်သွားရောက်လှည့်ဖြားရန်ပြောလေ၏။ ရွှေပြည်ဝန်လည်း သည်အကောင်ဟာ သူထောင်ကျသည့်အတွက် ရောက်တတ်ရာရာလျှောက်ပြောလေပြီ၊ ငါတို့ရာဇဝတ်မှုတွေရတော့မည်ကား သေချာသည်။ ချင်သည် အယူခံ၍ မည်ကဲ့သို့ ထည့်သွင်းလေသနည်းဟု ယူဆပြီးလျှင် ၎င်း၏အမှုထမ်းတို့အား မောင်မောင်ကျော်ထံ သွားရောက်ကာ အတိအကျရဖို့စုံစမ်းရန် စီစဉ်ထားလေ၏။

mgyoe.com

mgyoe.com


ဖခင်ဖြစ်သူများမှာ ထိုကဲ့သို့အကျပ်အတည်းတွေ့လာသော်လည်း သမီးများမှာကား တိရစ္ဆာန်မကလေးများကဲ့သို့သာ ဖြစ်နေကြခြင်းကြောင့် တရားသူကြီး၏ သမီးခင်စောအုံသည် ပြုံးကာပြုံးကာနှင့် သူ့ဖခင်အား ဤသို့ပြောလေ၏။

"ဘဘဘုရား.....မင်းသားမင်းသားတူးဟာလေ၊ အင်မတန် ဖော်ရွေတယ်၊ အပြောအဆိုညက်ပြီး သာယာပါတယ်ဘုရား၊ ဘုရား ကျွန်မတို့နှင့်တွေ့တော့ သူ့မျက်နှာထားတော်ဟာ အင်မတန်ကြည်ပြီး ငါမင်းသားဆိုတဲ့ဂုဏ်နှင့် လုံးလုံးကိုသိပ်မလုပ်ပါဘုရား...."

"တရားသူကြီးကား ငါ့သမီးသည် ဘာမှမသိတတ်၊ ဂုဏ်လုပ်ဖို့၊ အသရေတင့်ဖို့၊ အနေမြင့်ဖို့၊ ရစ်ဖို့၊ ယစ်ဖို့လောက်သာသိပါတကား" ဟု တွေးဆကာ ၎င်း၏စိတ်မချမ်းသာမှုကို မြုံကာနေလေ၏။

ရွှေမြို့တော်ဝန်မင်း၏ သမီး လှလှဦးသည်လည်း သူ့ခမည်းထံ ကန္ဒကမနှင့် ဤသို့ပြောနေလေ၏။

"ဖေဖေဘုရား ကိုယ်တော်ကလေးဟာလေ သိပ်ကိုရိုးသားတာပဲ၊ ငါမင်းသားထီးမွေခံ၊ နန်းမွေစံဆိုတာတစ်စုံတစ်ရာမျှ ကြွားကြွားမော်မော်မရှိပါ၊ ဒါပေမဲ့ သူ့မျက်နှာတော်ဟာ အလွန်ကြည်လင်ပါတယ်၊ သူ့အသံတော်ဟာ အင်မတန်သာယာပါတယ်၊ သဘောထားမြင့်မြတ်ဟန်ရှိပါတယ်ဘုရား" "ရွှေမြို့တော်ဝန်လည်း ငါ့သမီးဘာမှမသိတတ်၊ ငါ့အဖေရာဇဝတ်မှုတွေ့တော့မယ်လို့မသိ၊ မင်းသားရဲ့တင့်ပမှုကိုသာ ချင့်ဆကာ အားမရဘဲ၊ ယစ်ချင်နေဟန်တကား"ဟု တွေးဆနေပုံရှိလေ၏ ။

ရွှေပြည်တော်ဝန်၏အိမ်မှာလည်း ထိုနည်းအတူပင် ရှိနေပေ၏။

ညအချိန်သော် တရားသူကြီး၏အဆောင်ကိုင်နှင့် အမှုထမ်းတစ်ယောက်တို့သည် မောင်ကျော်၏အိမ်သို့ မောင်ကျော်ကိုဖျောင်းဖျရန်

mgyoe.com

mgyoe.com


သွားကြလေ၏။ ထိုအခါ လမ်းတွင်ပင် မောင်မောင်ကျော်၏အိမ်သို့ လာကြသော ရွှေမြို့တော်ဝန်အမှုထမ်းများ၊ ရွှေပြည်တော်ဝန်အမှုထမ်းတို့နှင့် တွေ့ကြ၍ ၎င်းတို့သည် မောင်မောင်ကျော်၏အိမ်သို့ တစ်စုကြီး သွားရောက်ကြလေ၏။

ထိုအခါ စစ်သားငါးယောက်တို့သည် လက်နက်ကိုင်စွဲလျက်၊ မောင်မောင်ကျော်၏အိမ်ဝင်းဝက စောင့်နေသည်ကိုတွေ့ရ၍ အိမ်ဝင်းထဲ၌လည်း လက်နက်နှင့်တကွသော စစ်သားပုံသဏ္ဌာန်အရိပ်အယောင်ကို မြင်မိကြလေ၏။

၎င်းတို့သည် မောင်ကျော်အိမ်ကုပ်ရှိ ဝင်းထဲသို့ ဝင်မည်ပြုသောအခါ "ဟေ့ ရပ်လိုက်၊ မင်းတို့ဘယ်သူတွေလဲ" ဟု မေးသော အာဏာသံသည် ပေါ်လာလေ၏။ တို့ရွှေမြို့တော်ဝန် အမှုထမ်း၊ ရွှေပြည်တော်ဝန် အမှုထမ်းများ၊ မောင်မောင်ကျော်ထံသွားမလို့ဟု လာသူတစ်စုသည် အသံမာမာနှင့်ပင် ပြောလေ၏။

"ဟေ့....ဘာအမှုထမ်း၊ ဘာကောင်ပဲဖြစ်ဖြစ် မဝင်နှင့်ပြန်" ဟု အလွန်မာသော အသံသည်ထိုအမှုထမ်းတို့ကို တားကာမောင်းလေ၍ အမှုထမ်းများကလည်း ဤသို့အညှံ့မခံလိုသောသဘောနှင့်ဝင်ပြန်၏။

"တို့–အမှုထမ်းကိစ္စရှိလို့လာတာ" ဆိုပြီးလျှင် ဖွတ်ဝင်တော့မည်ပြုသောအခါ အကြပ်ဗိုလ်သည် အိမ်မှဓားကိုချွတ်၍ "ဟေ့ ရှေ့မတိုးနှင့် အကြောင်းကိုသိသွားမယ်" ဆိုကာ လရောင်တွင် ဓားကိုဝင့်၍ စစ်မှလာသော အာဏာသံနှင့်ခြိမ်းလေတော့၏။

မောင်ကျော်၏အိမ်မှာကား မောင်ကျော်သည် ၎င်း၏ကလေးကို ပုခက်လွှဲ၍ ဤသို့သော သီချင်းကို သီဆိုကာနေဘိ၏။

"လူကလေးရယ်ငို၊ ခိုဖမ်းလို့ပေး× × × သည်ခိုဟာ အိမ်မိုးမှာ ခိုကပ်လို့လိုပတ်ကို ရအောင်ချွဲနေတယ်၊ ကဲပွေ့ဘိလေး...."

mgyoe.com

mgyoe.com


ထိုသို့သော ကလေးချော့သံကိုလည်း မောင်ကျော်၏ အိမ်ပေါ်မှ ထိုအမှုထမ်းတို့သည် ကြားမိ၏။ ထိုသို့သော ဟန်မရသည့်သဘော ကြောင့် ဝန်မင်းနှစ်ဦး၏ အမှုထမ်းများနှင့် တရားသူကြီး၏လူနှစ် ယောက်တို့သည် ထိုနေရာကတဲ့ပြန်ကြပြီးလျှင် အကြောင်းနှင့် သဘော သွားကို မိမိတို့၏အရှင်သခင်များထံ ပြန်ကြားကာ တင်ကြလေ၏။ ထိုအခါ တရားသူကြီးနှင့် ဝန်မင်းနှစ်ပါးသည်ကား အတွေးနက်လျက် ငမောင်ကျော်သည် မဟုတ်တမ်းတရမ်း သူ၏အယူခံတွင် ထည့်သွင်းကာ လျှောက်ထားခြင်းကြောင့်ဟု အိပ်မရနိုင်လောက်အောင်ပင် ရှိကြလေ၏။

မောင်မောင်ကျော်၏ အယူခံသည်ကား သာမန်မျှသာဟု ထင်ဖွယ် ဖြစ်နေလင့်ကစား မောင်မောင်ကျော်၏ အိမ်ဝင်းအတွင်း ဝင်းအပြင်တို့ ဘက်၌ စစ်သားများကို အစောင့်အနေထားခြင်းကြောင့် များစွာလေး နက်နေချေပြီတကားဟု ယူဆရမလိုဖြစ်နေ၏။ ထိုအယူခံပေကား ရွှေ မြို့တော်ဝန်မင်း၊ ရွှေပြည်တော်ဝန်မင်းတို့နှင့် မည်သို့မည်ပုံမျှ မသက် ဆိုင်ချေ။ သက်ဆိုင်သောစကားတို့သည်လည်း မပါချေ။

လွှတ်တော်ဝန်ထောက်ထံ ဝန်မင်းနှစ်ဦးက တိတ်တဆိတ်သွား ရောက်စုံစမ်းရာတွင်လည်း လွှတ်တော်ဝန်ထောက်က ဝန်မင်းနှစ်ဦးနှင့် မည်သို့မျှ အကြောင်းပတ်သက်သည့် စကားတို့မပါဟုပြောလိုက်လေ ၏။

စစ်စစ်သဘောမှာကား မင်းသားတူး၏ ပြုမူပုံသည် အတော်ပင် ဆန်းကြယ်၍ လေးနက်နေသယောင်ဖြစ်၏။ မင်းသားတူးကား နက် သောအတွေးရှိသူဖြစ်၏။ တရားသူကြီးနှင့်ဝန်မင်းများတို့၏အိမ်မှ အမဲ ခြောက်များကို သိမ်းစေခြင်းဖြင့် ငမောင်ကျော်၏အပေါ်၌ တရားသူကြီး နှင့် ဝန်မင်းတို့က ရန်ပြုသတတ်ဟု ခေတ်သဘောကို သတိထားမိခြင်း ဖြင့် ဤသို့ပြုမူပုံရပေသည်။

mgyoe.com

mgyoe.com


မင်းသားတူးသည် အတွေးနက်နဲသူဟုလည်း ထင်ဖွယ်ဖြစ်သည်။ ၎င်း၏ယူဆပုံသည် ဖြစ်နိုင်လောက်သည်။ အာဏာပိုင်မည်သည် အခွင့်အရေးရသလို ပြုမူတတ်သည်။ မင်းသားတူးသည် တစ်နေ့သ၌ မြင်းနက်ကျော်ကို လမ်းထိုးစီး၍ တစ်ကိုယ်တည်းလျှောက်ကြည့်ရာ အမှုထမ်းအုပ်ကျော်ခိုင်၏ အိမ်ဝိုင်း၌ အမဲသားအနည်းငယ် စိုစိုစွတ်စွတ်အား ညှင်း၍ လှန်းနေခြင်းကို မြင်ခဲ့၏။

မင်းသားတူးသည် ဤသို့လျှောက်ကြည့်ရာ၌ တရားသူကြီးအိမ်၊ ရွှေမြို့တော်ဝန်မင်း၏အိမ်၊ ရွှေပြည်တော်ဝန်မင်း၏အိမ်တို့၌ အမဲသားစိုစိုစွတ်စွတ်တို့အား များစွာညှင်း၍ လှမ်းနေခြင်းကို မြင်ခဲ့ရ၏။ ထိုအခါက နွားသတ်သူတို့သည် မည်သူတို့ဟု ယူဆခဲ့၏။ သို့သော် ချေသား၊ ဆတ်သားတို့လည်း ဖြစ်နိုင်သည်ဟု ယူဆမိ၏။ မည်သို့ပင်ဖြစ်စေ သတ္တဝါတို့မည်သည် လျှာ၏အတွေ့အာရုံသည် မူလဖြစ်နေသဖြင့် နွားကိုမသတ်ရဆိုသော အမိန့်သည်သာ သဘာဝနှင့်သူလား ငါလား မင်းသားတူးသည် ယူဆမိခဲ့၍ ခပ်အေးအေးပင် နေခဲ့၏။

သို့လင့်ကစား အမဲသားမှုနှင့် မောင်မောင်ကျော်သည် ထောင်တစ်လအကျခံရ၍ မောင်မောင်ကျော်ကို ကယ်လိုသောကြောင့် ထိုကဲ့သို့ ကစားပုံရပေသည်။ သို့ရာတွင် ဆင်ပင်ပန်း၍အော်သည်ကို ကြားသူတို့ လန့်ကြောက်ကြသည်။

နောက်တစ်နေ့သော် မင်းသားတူးသည် လွှတ်တော်သို့ တက်သွားလေလျှင် တရားသူကြီး၊ ရွှေမြို့တော်ဝန်မင်း၊ အမှုထမ်းအုပ် ကျော်ခိုင်တို့ကို လွှတ်တော်တစ်နေရာ၌ သီးသန့်ထားလေ၏။ ၎င်းတို့သည် မင်းသားမရောက်မီ တင်ကြိုကာရောက်နှင့်၍ ကျော်ခိုင်အား သွန်သင်ပေးနေကြ၏။ ကျော်ခိုင်ကလည်း သမင်သားနှင့် ဒရယ်သားများပါဟု ထွက်ဆိုပါမည်ဟု ဝန်ခံကာ အသင့်ဖြစ်နေ၏။ မောင်မောင်ကျော်နှင့်

mgyoe.com

mgyoe.com


၎င်း၏ရှေ့ဆောင်ဦးဆိုးကိုကား ၎င်းတို့သည် လွှတ်တော်၌ မမြင်မတွေ့ရ ဖြစ်ကြရ၏။

မင်းသားတူးသည် လွှတ်တော်၌ ရာဇပလ္လင်ကို လက်တင်မိသော အခါ တရားသူကြီးစသော ဝန်မင်းနှစ်ပါး၊ အမှုထမ်းအုပ်ကျော်ခိုင်တို့ ရောက်ပလားဟု ဝန်ထောက်အား မေးတော်မူ၏။ ရုံးဝန်ထောက်က လည်း ရောက်ကြောင်းကို တင်၍ ဤသို့မိန့်တော်မူလေ၏။

"တရားသူကြီးကိုရှေ့တော်သို့သွင်း...."

"ရောက်ကြောင်းပါဘုရား...."

(မင်းသားသည် အလွန်ခက်ထန်သော မျက်နှာနှင့် ကြုတ်လျက် ရှိ၏။ တည်တည်ကြီး ရှိသကဲ့သို့ဖြစ်၏။ လွှတ်တော်ကြီးသည် တိတ် နေ၏။ နားထောင်သူတို့ကား ကြိတ်ကြိတ်တိုးဖြစ်နေ၍ လွှတ်တော် အမှုထမ်းကောင်ဟန်တို့သည် ထိန်းနေရ၏။)

"ဘတော် ဤနေ့မတိုင်မီ ဆယ်ရက်နေ့ညက ဘတော်အမဲသား ဟင်းနှင့်ညစာပွဲတော် တည်တယ်မဟုတ်လား...."

(တရားသူကြီးတွေကာစိုင်နေ၏။)

"ဘတော်တွေမနေပါနှင့်၊ အဲသည်တုန်းက ဘတော်က အမဲသား ဟင်းမှာ ပျဉ်းတော်သိမ်ရွက်ထည့်ပြီး ချက်ထားတာတော့ သိပ်ကောင်း တာပဲ၊ နွားသားဟာတောင်အညှီပျောက်သွားတယ်လို့ မိန့်တော်မူတယ် မဟုတ်လား ဘတော်ရဲ့ ဂုဏ်သရေတော်ကိုင်ပြီး.....မုသားတော့ မပြော ကောင်းပါ....."

(တရားသူကြီးသည် မဖြေသာဖြစ်နေ၏။ လွှတ်တော်ဝန်ကြီးများ နှင့် ရုံးအမှုထမ်းတို့က ဘယ့်နှယ်အယူခံနှင့် မဆိုင်တာကို မေးပါလိမ့် မလဲဟု တွေးဆနေကြလေ၏။)

"ဘတော် ခင်စောအုံက မျက်နှာကလေးကြည်ကြည်နှင့် အနားက

mgyoe.com

mgyoe.com


တိတိတာတာ ခေါင်းတွင်နှင်းဆီပွင့်အနီတစ်ပွင့်ကိုပန်လို့၊ ဘာဘာဘုရား ဒန့်ကျွဲစေ့ရေပူပူနှင့် သွေးအားကောင်းအောင် ပွဲတော်စားပြီးတော့ မြည်းဖို့ အဆုတ်အသည်းကို အထူးစီမံထားပါတယ်၊ မြည်းစမ်းဦးမလား မေးရာ ဘတော်က သမီးရယ်၊ ငါက အဆုတ်ကိုသာကြိုက်တယ်ဆိုတော့ ခင်စောအုံက အဆုတ်ကိုရွှေပန်းကန်နှင့် ထည့်ယူလာပြီး အချမှာ ကြောင်ဖားကြီး က ဖြတ်ကနင်းယူသွားတာနှင့် ခင်စောအုံက ကြောင်ဖားကြီးလိုက်ရိုက် ရာတွင် ခါးဝတ်တော်ကလေး လျှောကျသေးတယ် မဟုတ်လား ဘတော်....."

တရားသူကြီးသည်ကား အိအဲမလှုပ်သာတော့ပေ၊ ဘယ်နှယ်ခရား စေ့တွင်းကျ ဒါလောက်သိရတယ်လို့ သည်အတတ်ပညာဟာ ဘာ အတတ် ပညာပါလိမ့်မလဲ တွေးဆကာ နေရာတွင် မင်းသားသည် ဤသို့ မေးပြန်၏။

"ဘတော်တရားစီရင်တော့ အမှုထမ်းအုပ်ကိုကျော်ခိုင်က အမဲသား ဟင်းအိုးကို တင်ပြသလား...."

"မပြပါ...."

"ကောင်းပါပြီ...."

"တရားသူကြီးကို ရုံးခန်း၌ မြင့်မြတ်သောနေရာကို ထားပေးပါ၊ နားထောင်တော်မူပါစေ....."

"ရွှေမြို့တော်ဝန်မင်းကိုသွင်း....."

"ရောက်ကြောင်းပါဘုရား....."

"ဝန်မင်းဤနေ့ဆယ်ရက်မတိုင်မီ ညပွဲတော်စာသုံးဆောင်ရာတွင် အမဲသားဟင်းနှင့်မဟုတ်လား...."

(ရွှေမြို့တော်ဝန်မင်းသည် အာစေးထည့်ထားသကဲ့သို့ဖြစ်နေ၏။)

"သည်အခါမှာ သမီးတော်လှလှဦးက နှင်းဆီအဖြူသုံးပွင့်ကို ပန်ပြီး

mgyoe.com

mgyoe.com


အနားကပွဲတော်စာကိုကျွေးနေတာ၊ ဝန်မင်းက အဲသည်လိုမှ ပေါ့ကွယ်၊ အမဲကလည်းနု၊ သမီးကလည်းအချက်ကောင်း၊ ငရုတ်ရည်နှင့် ဆီပြန်ဆိုတော့ သိပ်အရသာရှိတာပဲလို့ မိန့်ပါတယ်၊ လှလှဦးကလည်း ပိုမိုပြီး ချစ်စရာပြုံးပြုံးကလေးနှင့် လှကလည်းတကယ်လှတာကို၊ ကုသိုလ်ရင် ထူးကြောင်း၊ ကျက်သရေမင်္ဂလာ တင်းပေါင်းစုံလင်စွာဖြင့် သာယာချိုသာ သောအသံနှင့် ဖေဖေဘုရားပွဲတော်စားပြီးတော့ သွေးအားအထူးကောင်းပြီး စက်တော်ခေါ်ရာ၌ အထူးပျော်ရအောင် ဒန့်ကျွဲစေ့ရေပူပူနှင့် အမဲသားခြောက်ကိုမြည်းဖို့ ဖုတ်ထားပါတယ်၊ ဘုရားလို့ နှလုံးတော်ကိုစိုသွားအောင် ချိုတယ်မဟုတ်လား....”

(ခက်ချည့်ဟု ဝန်မင်းသည် ပါးစပ်မဟသာ ကြုံနေလေ၏။)

“ဝန်မင်းက နမ်းဆီကလေး မွှေးမွှေးဆမ်းကွယ်ဆိုရာ၊ လှလှဦးက ချစ်ဖွယ်ရာ တီတာတာနှင့် သမီးစိမ်ပြီးပါတဲ့၊ တယ်ကို ကုသိုလ်ကောင်း၊ ဘဝဟောင်းက ပေးကမ်းစွန့်ကြဲခြင်းမျိုးစေ့ပေပဲကိုး၊ နမ်းလုပ်တဲ့ တောင်သူများမှာတော့ နမ်းဆီကို မစားရ၊ ဆီမကြိတ်ရအောင် အမှုထမ်းများက ကျည်ပွေ့ကိုသိမ်း၊ မယ်ဇယ်ဆီအောက် သိုးသိုးကို စားကြရ၊ ဝန်မင်းကျွန်တော်တောင် မင်းသားသူတောင်းစားလုပ်ပြီး ရိက္ခာပြတ်လို့ တောင်းရရာ၊ မယ်ဇယ်ဆီကိုသာ ရတာနှင့်စားရလို့ ငါးရက်ချောင်းဆိုးနေသေးတယ်၊ အရှေ့ပြင် ပြည့်တန်ဆာမက ဆေးမြီးတိုပေးလို့ ပျောက်ရတယ်၊ ဘယ့်နှယ်လဲ”

(ရွှေမြို့တော်ဝန်သာမက လွှတ်တော်ဝန်မင်းများ၊ ဝန်ကြီးချုပ်တို့ပါ တစ်ခါတည်း မှိုင်ကျသွား၍ လွှတ်တော်တစ်ခုလုံးသည် ရုတ်တရက်တိတ်သွားသကဲ့သို့ ရှိနေလေတော့၏။)

(တို့မင်းသား၊ တို့ပန်းတောင်းရွှေပြည်ကြီးသာယာအေးမြစည်ပင်ဝပြောတော့မည်ဟူသော အသံကြီးသည် နားထောင်သူ ပရိသတ်အတွင်း

mgyoe.com

mgyoe.com


မှ သုံးကြိမ်ဟိန်းသွားလေတော့၏။)

"သည်လို ချစ်စရာ–ချစ်စရာ၊ နှစ်သက်စရာ နှစ်သက်စရာ၊ တီတီတာတာ၊ စိတ်နှလုံးသာယာချိုအေးအောင် ကျင့်ဆောင်တတ်တဲ့ လှလှဦးအပျိုစင်ဟာ စားဖိုဆောင်ထဲက အလုပ်သမားများက ဟယ်,ဟယ်, ဟယ်အမဲကင်ကြီးကြောင်ငညိုကြီးချီသွားပြီဆိုလို့ ကပျာကယာနှင့် အသွားသမီးတော်ကလေး မယ်ကုံကော်က ထဘီကို ဖိထားမိတာနှင့် လှလှဦးရဲ့ ခါးဝတ်တော်ဟာ ကပိုကရို ဖြစ်သွားရတယ်မဟုတ်လား"

(ရွှေမြို့တော်ဝန်မင်းကား ဘာကြောင့်သည်ကလောက် အတတ်သိပါလိမ့်မလဲ၊ တက္ကသိုလ်က ဘယ်လိုအတတ်ပညာများကို သင်လာခဲ့လို့ပါလဲဟုတွေးဆကာ ခေါင်းငိုက်ဆိုက်နှင့်နေလေ၏။ လွှတ်ရုံးတော်ကား ဘယ့်နှယ်အယူခံမှုနှင့် မဆိုင်တာကို မေးပါလိမ့်မလဲဟု တွေးဆကာ ရှိနေကြ၏။)

"အမှုထမ်းအုပ် ကိုကျော်ခိုင် ဖမ်းလာတဲ့အမဲသားဟင်းအိုးကို သက်သေခံအဖြစ်နှင့် ရုံးတော်သို့တင်သလား"

"အမဲသားဟင်းအိုးမပါလာပါ...."

"ကောင်းပြီ....ဟောဟိုမှာ နေရာတော်အသင့်၊ တော်ပါပြီ၊ သွားရောက်ပြီး နေရာတော်ယူပါ၊ ရွှေပြည်တော်ဝန်မင်းကိုသွင်း...."

"ဝန်မင်းသည်ကနေ့အရင်ဆယ်ရက်နေ့ည မီးစုန်းတိုင်လင်းလျှင်လင်းချင်းအမဲသားဟင်းနှင့် ပွဲတော်စာတည်တယ်မဟုတ်လား"

(ရွှေပြည်တော်ဝန်မင်းသည် စဉ်းစားသကဲ့သို့ ရှိလေ၏။)

"ဝန်မင်းမစဉ်းစားပါနဲ့ အဲသည်တုန်းက အမဲသားဟင်းဟာ အမဲနှပ်ပါ၊ ဝန်မင်းက အေးကွယ်အမဲနှပ်ကို သည်လိုကရဝေး၊ ဇီယာ၊ ဖာလာ၊ ငရုတ်ကောင်းတို့နှင့် နှပ်မှပေါ့၊ နွားကလေးက နုနုဆိုတော့ သိပ်အရသာရှိတယ်လို့ပြောတော့ ဝန်ကတော်ကြီးက ချိုမှပေါ်စ သိပ်မရှည်သေးဘူးလို့

mgyoe.com

mgyoe.com


ပြောသေးတယ်မဟုတ်လား.....”

(ဝန်မင်းသည် ခံတွင်းတိတ်နေတော့၏။)

“လက်စွဲသမီးတော်ကြီးကလေးစိန်စိန်က အိစက်ညက်ညောပြီး အရုပ်အဆင်းကသာ ချောလှတာမဟုတ်၊ အသံကလည်း ကြားရသူ နှလုံးခိုက်ပြီး ဘဝင်ကျကာ စိုက်စိုးအောင် သာယာပြေပြစ် အေးမြခြင်း နှင့်ဘာဘာဘုရား သမီးလေ၊ သမီးလေ နွားခြေထောက်ခွာနုနုများကို မီးဖုတ် ကာ ချွတ်ထားစေပြီး၊ နံနက်ပွဲတော်စာကို ကရဝေးရွက်မြိုင်မြိုင်နှင့် နှပ်ထား စေပါသေးတယ်၊ ပြီးတော့လည်း ဆွမ်းတော်ရပ်လာတဲ့ ပုရိုဖ်သုံးပါးအား လည်း ထည့်လှူမှာပါဘုရားလို့ အနားက တွတ်တီးတွတ်တာ ပြောနေ တယ် မဟုတ်လား”

(ဟာ....ဘယ့်နှယ် ဒါတွေကို ဘယ်လိုဘယ်နည်းနှင့် သိပြီးဖြစ် ပါလိမ့်မလဲဟု ရွှေပြည်တော်ဝန်မင်းသည် အထူးအံ့အားသင့်ကာ ငေး နေရှာတော့၏။)

“ဝန်မင်းငေးမနေနှင့် ဝန်ကတော်ကြီးကလည်း တို့ကိုယ်တော်များ ဟာ အမဲသားထောင်းကြော်ကို အင်မတန်ကြိုက်တယ်၊ ငါ ဒါကြောင့် အပြုတ်ခိုင်းပြီး ထောင်းထားစေတယ်၊ မနက်ကျမှတော့ ကြက်သွန်– ငရုတ် မြိုင်မြိုင်ဆိုင်ဆိုင်ပြုကာ ကြော်ပြီးတော့လည်း ထည့်ပါဆိုတယ်၊ အဲသည်တော့ မမစိန်က မေမေဖုရား.....ငရုတ်ကြက်သွန်၊ ကြက်သွန်ဖြူ ချင်းတို့....ဟု စကားစရာ၊ ဝန်ကတော်ကြီးက ညည်းနှယ်အေ.... ငါအမှုထမ်းအုပ် ငပြုးကို ခိုင်းထားပါတယ်၊ မိုးဘယ်လို ခေါင်ပေမဲ့ ဖိုးခေါင်တောင်ရိုးမှာ မိုးမပြတ်ပါဘူးလို့တောင် ဆိုသေးတယ်မဟုတ် လား၊ ဘယ့်နှယ်လဲ ဝန်မင်း.....”

(ရွှေပြည်တော်ဝန်မင်း၊ လွှတ်တော်ဝန်ကြီးချုပ်၊ ဝန်များပါ မှိုင်ကျ သွားလေ၏။)

mgyoe.com

mgyoe.com


(တို့မင်းသားဟူသော အသံထုကြီးသည် ကြောက်ပါးလိလိ ဟိန်းသွားလေ၏။)

"ကိုင်းတော်ပါပြီ၊ နေရာတော်ယူပါဝန်မင်း၊ အမှုထမ်းအုပ်ကိုကျော်ခိုင်ကိုသွင်း...."

"ရောက်ကြောင်းပါဘုရား...."

"ခင်ဗျားတို့ ငါးလိပ်ကျောက်သားဟင်းအိုးကြီးကို တန်းအနီးမှာ စိမ်ရေနှင့်သောက်ကြတယ်မဟုတ်လား" ရွှေပြည်ဝန်မင်းရဲ့ အမှုထမ်းအုပ်ကိုပြုးက "ဟေ....သည်ကနေ့စိမ်ရေဟာ တဆေးများသွားလို့သိပ်ထက်တယ်၊ နည်းနည်းသောက်ကြလို့ ပြောတယ်မဟုတ်လား...." ကျော်ခိုင်သည် ခေါင်းငိုက်ဆိုက်ကျနေတော့၏။

"တန်းခေါင်ကြီးရဲ့သမီးကျော့ကျော့က ကြေးလင်ပန်းကလေးတစ်ချပ်နှင့် ထမင်းကြမ်းထည့်ကာ ကိုကျော်ခိုင်တို့ထံမှာ ငါးလိပ်ကျောက်သားဟင်းလာတောင်းစားပြီး ရှင်တို့ဟင်းကလည်း လိပ်ကျောက်သားအခေါက်ဟာ နူးမှမနူးဘဲနှင့်ဆိုရာ၊ ကိုကျော်ခိုင်က ရင့်လို့ပါလို့ပြောတယ်မဟုတ်လား....."

"ပေးသောအပြစ်ဒဏ်ကို ခံပါတော့မည်ဘုရား....."

"ဟာ.....ကိုကျော်ခိုင်၊ ကျွန်တော်ဟာမင်းသား၊ မင်းစစ်စစ်၊ မင်းစစ်စစ်ဆိုတာ အပြစ်ဒဏ်ကိုမသိဘူး၊ ချီးမြှင့်မြှောက်စားဖို့ကိုသာ နားလည်တယ်၊ ကိုကျော်ခိုင်တို့ဟာ လိပ်ကျောက်ဟင်းကို နွားသားဟင်းဖြစ်အောင် အနံ့ခံတတ်တာနှင့် မုဆိုးခွေးရဲ့ အနံ့ခံအတတ်ကို လေးပုံတစ်ပုံလောက်တတ်နေပြီလို့ ဘယ်လိုချီးကျူးရပါမလဲဆိုတာကို စဉ်းစားနေရပြီ၊ ကိုကျော်ခိုင်ရာထူးမတိုးချင်ဘူးလား...."

"မဝံ့ပါဘုရား...."

"ဝံ့ရတယ်၊ ကိုကျော်ခိုင်တို့လို အမှုထမ်းခေါင်းဆိုတာ နာမည်

mgyoe.com

mgyoe.com



ကောင်းရတယ်၊ မြန်မြန်လည်းရာထူးတက်လွယ်တယ်၊ ရွှေပြည်ဝန့် အမှုထမ်းကိုဆောင်းဟာ နမ်းတလမယ်ကို ကြီးတော်ထံ စားဦးစားဖျား ကန်တော့လို့ ချဉ်ပေါင်ရွက်တောင်းကလေးထဲထည့်ကာ ဝှက်ယူလာတာကို ဖမ်းပေးနိုင်တာနှင့် ခု–အကြပ်ရာထူးရနေတာမဟုတ်လား...."

"သိတော်မူတဲ့အတိုင်းပါဘုရား...."

"အဲသည်နမ်းဟာ ဘယ်ကိုရောက်သွားတယ်သိရဲ့လား...."

"မသိပါဘုရား...."

"နွားသားရဲ့အနံ့ကိုတော့ ခံတတ်တယ်၊ နမ်းရဲ့အနံ့ကိုတော့ မခံတတ်ဘဲကိုး၊ အဲသည်နမ်းဟာ ထီးဖြူရုံတွင် နန်းရင်းဝန်ကြီးနှင့် ဝန်ကြီးများထမင်းစားပွဲ၊ ပွဲတော်တွင်ပဲသီးသုပ်ထဲရောက်သွားလို့ နမ်းသည်ဆင်းရဲသားငမွဲနှင့်မတန်၊ နန်းရင်းဝန်ကြီးစတဲ့ မင်းများရဲ့ပွဲတော်စာနှင့်သာတန်ကာ အဆင့်အတန်းတက်သွားပြီ ကြားလား၊ အဲဒါဟာ မောဘုရင်မကြီးရဲ့ အဆင့်အတန်းတက်နည်းမှတ်ထား...."

တို့ မိသားစုဟု အသံကြီးသည် လှိုင်သွားလေ၏။

"ကိုကျော်ခိုင်က ပြများဖမ်းသွားတဲ့ အမဲသားများဟာ နွားသား မဟုတ်၊ သမင်သားများနှင့်ဒရယ်သားများပါဟု ထွက်ဆိုဖို့အစီအစဉ်ရှိထားတယ်မဟုတ်လား...."

"မှန်လှပါ...."

"ကိုကျော်ခိုင်တို့အမှုထမ်းတစ်စု အမှုတော်ကို ကျိုးနွံစွာ မထမ်းဘဲ မှုဆိုးအလုပ်ကိုလုကာ ခွေးတစီစီနှင့် အမဲလိုက်နေတာပေါ့...."

ကျော်ခိုင် မှိုင်တော့၏။

"မှန်ခဲ့ရင် သမင်သားရေ၊ ဒရယ်သားရေတို့ဟာ ဘယ်မှာလဲ၊ ဦးချိုများကောဘယ်မှာလဲ၊ သားရေများကို ဘယ်သားရေနယ်သမားထံမှာ ရောင်းချသလဲ တင်ဗျာ...."

mgyoe.com

mgyoe.com


(ကျော်ခိုင့်မျက်နှာမှာ သွေးမရှိတော့ပေ) (တရားသူကြီးနှင့် ဝန်မင်းများလည်း ချက်ချင်းမှိုင်ကျသွားလေ၏၊ လွှတ်ရုံးအရာရှိတို့ကား ပွဲဦးထွက်၊ နယီးနယားနှင့် အခက်ကြီးခက်ကုန်ပြီဟု အသက်ကိုပင် ပြင်းပြင်းမရှူဝံ့သကဲ့သို့ ရှိနေကြကုန်၏။)

"တော်ပြီ၊ ကိုကျော်ခိုင်၊ နေရာယူ...."

"နားခံတော်...."

"ဘုရား...."

"စာရေးတော်ကြီးကိုခေါ်...."

"အသင့်ပါဘုရား...."

"ရေး...."

"ဦးတည့်ရပ်ပါဘုရား...."

"မောင်မောင်ကျော့် အယူခံစီရင်ချက်...."

"မောင်မောင်ကျော်ကို ရွှေမြို့တော်ဝန်မင်းရုံးက ထောင်တစ်လချသောအမှုသည် မှားယွင်းမှုဖြစ်ခြင်းကြောင့် မောင်မောင်ကျော်သည် တရားသေလွှတ်စေ...."

ထိုအမှု၌ မောင်မောင်ကျော်သည် မှားယွင်းကာ အချုပ်အနှောင်ခံရခြင်း၊ ထောင်မှာ ရက်ပိုင်းအနည်းငယ် ခံရခြင်းကြောင့် သားသမီးများအပေါ်၌ မိဘက ခေါင်းခံရဘိသကဲ့သို့ တိုင်းပြည်မိဘတည်းဟူသော ဘုရင်သည် တိုင်းပြည်မိဘဖြစ်သည့်အတိုင်း ဘုရင့်ရွှေတိုက်တော်မှ အသပြာသုံးပိဿာ မောင်မောင်ကျော်အားထုတ်ပေးစေ။

"နိုင်ငံတော်၌ တိတ်တိတ်နွှားသတ်ဂိုဏ်းကြီးပျောက်စေ"

(ဘုရင့်ကိုယ်စား မင်းသားငတူးဖြတ်ထုံး)

"ဘယ့်နှယ် ဘတို့ကျေနပ်ကြရဲ့လား...."

"လူနတ်သာဓုခေါ်ပါဘုရား...."

mgyoe.com

mgyoe.com


တို့မင်းသားဟု ညံ့သွားလေ၏။

ထိုအခါ မောင်မောင်ကျော်၏ ရှေ့ဆောင် ဦးဆိုးသည်ရောက်လာ၍ မင်းသား၏ခြေတော်စုံကို ဦးတိုက်လေ၏။

"ဘ....ဘယ်လိုလဲ...."

"မောင်မောင်ကျော်အား နစ်နာကြေးသုံးပိဿာကို ပြန်လည်သိမ်းတော်မူပါဘုရား...."

"ဆို....ဘာကြောင့်...."

"သတ္တဝါမည်သည်မှာ ကံ,ကံ၏အကျိုးကို မလွန်ဆန်သာပါ၊ ကံသာလျှင် ပြုပြင်စီမံသူပါဘုရား...."

"နားစိုက်ကြဗျား...."

"မောင်မောင်ကျော်ကို အမှုထမ်းတို့သည်မဖမ်း၊ သူ၏ ဝိပါကဝဋ်တရားကသာ ဖမ်းပါသည်ဘုရား...."

"အင်း...."

"မောင်မောင်ကျော်ကို တရားသူကြီးက ထောင်မချ၊ ၎င်း၏ဝိပါကဝဋ်ကြွင်းက ချပါသည်ဘုရား...."

"အင်း....တရားကိုစစ်တော့၊ ဒါဟာ သံသရာသဘာဝ အစစ်ပေပဲကိုး...."

ပြုသူမှာ ဝဋ်သစ်ခံရသူမှာ ဝဋ်ဟောင်း၊ ဒါကြောင့် မောင်မောင်ကျော်က သူ့ဝိပါကဝဋ် ဤဘဝပင်ပြတ်ပါစေတော့ဟု အလင်းရောင်ပိုက်မိသဖြင့် ကျေးဇူးတော်ဘုရားနစ်နာကြေးတော်ကို လက်မခံပါကြောင်း၊ မောင်မောင်ကျော့်ကိုယ်စား တင်ရပါဘုရား...."

ကိုယ့်အကျိုးပေးတိုင်း ကိုယ်တွေ့ရမည်။

"ကောင်းပေ့....ကောင်းပေ့.....ကောင်းပေ့....."

ပြည်သူ့ရှေ့ဆောင်ဦးဆိုးဟု ဟစ်ကြလျက်၊ ဦးဆိုးကို ဆင်းရဲသား

mgyoe.com

mgyoe.com

တစ်စုသည်ဖမ်းကာ ယူဆောင်သွားကြလေ၏။

မင်းသားသည် လွှတ်တော်က ဆင်းသွားတော်မမူမီ လွှတ်တော်ဝန်ကြီးချုပ်၊ ဝန်များ၊ တရားသူကြီး၊ ရွှေမြို့တော်ဝန်၊ ရွှေပြည်တော်ဝန်တို့နှင့်နေ့လယ်စာရေပူကို ဝန်များအမှုတော်ထမ်းများနှင့်အတူ၊ ၎င်း၏အိမ်တော်မှ လာပို့သော မုန့်ပဲသရေစာတို့နှင့် စားသောက်နေကြရင်း ဤသို့ပြောဆိုလေ၏။

"နွားသားသည် အလွန်သွေးသားကောင်းသော အသားဖြစ်ကြောင်းကို ကျွန်တော်သိပါတယ်၊ နားလည်ပါတယ်၊ သို့သော် ခမည်းတော်ဘုရင်မင်းမြတ်ဟာ ဘာကြောင့်နိုင်ငံတော်မှာ နွားမသတ်ရ၊ နွားသားမပေါ်ရလို့ ပညတ်တော်မူပါသလဲဆိုတာကို စဉ်းစားကြရလိမ့်မယ်ခင်ဗျ...."

"ဟုတ်ပါတယ်...."

"ခမည်းတော်ဘုရားကဲ့သို့ ဘုရင်မင်းမြတ်များဟာလည်း ရှားပါလိမ့်မယ်...."

"ရှားသပ ကိုယ်တော်လေး...."

"ကျွန်တော်တို့မှာ မောင်နှမနှစ်ယောက် ဒါပဲရှိတယ်၊ ခမည်းတော်ဟာမိဖုရားလည်း မယ်တော်ဖုရားမှတစ်ပါး မရှိ၊ သားတော်သမီးတော်နှစ်ဖော်ကိုရရန်အတွက် မေထုန်မှုကိုနှစ်ကြိမ်သာပြုမိတဲ့ လက္ခဏာ ပဲ..."

"ဟုတ်တယ်၊ ဟုတ်တယ် ရှေ့ဆောင်ဦးဆိုးကလည်း ကျုပ်အားသည်လိုပဲပြောဖူးတယ်...."

"ဝန်ကြီးချုပ် မင်းဦးဆိုးနှင့် ဘုရင်မင်းမြတ်ဟာ ရင်းနှီးတယ်လို့ မထင်မိပါဘူး...."

"ရွှေပြည်တော်ဝန်မင်းက မသိထင်ပါရဲ့ဘူး၊ ဦးဆိုးရယ်၊ ကိုယ်တို့နန်းရင်းဝန်ကြီးရယ်၊ ဘုရင်မင်းမြတ်ရယ် မိဖုရားကြီးရယ် သုနာပရန္တ

mgyoe.com

mgyoe.com


တိုင်းတက္ကသိုလ်မှာ ပညာအတူသင်ဘက်ဗျ....."

"ကိုင်းဆက်ပါဦး...."

"ကိုယ်ထဲမှာ သွေးကိုချက်လိုက်တော့ သုက်ဖြစ်သွားတယ် ချေးက အမွေးဖြစ်ပြီးပေါက်တယ်၊ အဲသည်တော့ သုက်ကို များစွာအားပေးဖို့ သွေးကောင်းစွာ ဖြစ်စေတယ်တဲ့ အသားကိုစားရန် မလိုဟု တွေးတောယူဆတော်မူကာ နွားသားကိုမစားဖို့ အလိုရှိတာပဲဗျာ...."

"တူပါရဲ့....."

"သည်တော့လည်း နွားနို့ကိုသောက်ပေါ့၊ နွားနို့ဟာလည်း သွေးများကို များစွာအားပေးပြီး သုက်ဓာတ်ကို အားပေးပါတယ်၊ ပြီးတော့ ကြက်ဥကိုအသုံးပြုကြပေါ့၊ နွားသားကိုရှောင်ကြဥ်ကြရင် ခမည်းတော် အလိုတော်ကို လိုက်လျောရာကျမယ်ထင်တာပဲ...."

"ကောင်းပါတယ်၊ သဘောတူပါတယ်၊ လိုက်နာသင့်ပါတယ်...."

"ပြီးတော့လည်း နွားဟာကျွဲထက်ပိုပြီး အရာရောက်တယ်ခင်ဗျာ၊ လယ်၊ ယာ မှာသုံးနိုင်တဲ့အပြင် လှည်းကရာစွတ်ဖားဆွဲရာတို့မှာလည်း များစွာအသုံးဝင်တာပေါ့၊ သည်တော့ နွားသတ်ခြင်းကင်းသွားရင် သာပြီးကောင်းမယ်ထင်တယ်ခင်ဗျာ...."

"ကောင်းပါတယ်...."

"ကျွန်တော်ဟာ ခမည်းတော် အမိန့်တော်ကို မဝေဖန်ပါ၊ ဒါပေမဲ့ ကျပ်ကျပ်တည်းတည်း ဆောင်ရွက်ဖို့ဆိုတာက ဥပဒေ၊ အမိန့်ဆိုတာ လူလိုက်နာမှ တန်ဖိုးရှိတယ်ခင်ဗျ၊ လူမလိုက်နာရင် ဥပဒေနှင့်အမိန့်ကြောင့် စိတ်ညစ်စရာတွေ့တတ်တာပဲ...."

"ဟုတ်ပါတယ်...."

"လျှာအရသာဆိုတာတော့ ဆိတ်သားဟင်းကလည်း ကောင်းပါတယ်၊ သည်တော့ခင်ဗျာ ခမည်းတော် အမိန့်တော်ဟာ တန်ဖိုးရှိရင်၊

mgyoe.com

mgyoe.com


ဝမ်းသာစရာဖြစ်မှာပေါ့၊ ခုနွားခိုးမှုအမဲသားတိတ်တိတ်ပေါ်မှုတို့ဟာ မင်းတို့မင်းမှုထမ်းတွေဟာ အလကားလူစားတွေ၊ လူညာကပ်ပါးတွေလို့ လျှောင်ပြောင်နေရာရောက်မရောက်၊ သတိပြုကြရန် တောင်းပန်ပါတယ်...."

"အင်း....ခင်ဗျားတို့ ကိုယ်တော်ကလေး မိန့်တော်မူတဲ့ စကားအရပ်နှင့် ကျင့်သုံးသွားတဲ့အမှုကို နားလည်ကြဗျား"

မင်းသားတူးသည် ထိုသို့ပြောဆိုပြီးနောက် အများကိုနှုတ်ဆက်၍ လွှတ်တော်မှဆင်းသွားလေ၏။ လွှတ်တော်ဝန်ကြီးချုပ်ကား ဤသို့ ပြောလေ၏။

"အမောင်တို့ ခုတွေ့ရတဲ့အမှုဟာ အင်မတန်ရာဇဝတ်မှုကြီး...."

"နားလည်ပါတယ်...."

"မင်းသားဟာ အပြောဆိုးပေမဲ့၊ အေးချမ်းသာယာပြီး သူတစ်ပါးဆားကင်းတာကို အင်မတန်လိုလားတယ်၊ ဒါဟာ ကြောက်လို့ မထင်ကြပါနှင့်၊ လူတိုင်းကိုသနားလို့...."

"ဟုတ်ပါတယ်...."

ထိုသို့ ပြောဆိုကြပြီးသော်....၊ လွှတ်တော်မှဆင်းသွားလေ၏။

မင်းသားသည် အိမ်တော်သို့ရောက်သောအခါ နက်ဖြန်အတွက် အိမ်တော်၌ စီမံခန့်ခွဲ လုပ်ကိုင်ဆောင်ရွက်နေသည့် မြမြကိုတွေ့၍ ဤသို့ပြီလေ၏။

"ရှင် မြမြ၊ ကတဲမဖြီး၊ မလိမ်း၊ မခြယ်သနိုင်ဘဲ၊ သိပ်လုပ်နေတာကိုး...."

"ကိုယ်တော်...."

"လာပြန်ပြီ၊ နင်ကိုယ်တော်၊ ကိုယ်တော်နှင့် ငါ့ကိုမခေါ်နှင့် ငယ်ငယ်က တက္ကသိုလ်မသွားမီ ငါ့ကိုခေါ်ဆိုပြောသလို၊ နင်ခေါ်ဆိုပြော

mgyoe.com

mgyoe.com


ပါ၊ နင်ငါ့ကို ကိုယ်တော်၊ ကိုယ်တော်ခေါ်တာ ဆဲတာလား...."

"မဟုတ်ဘူး၊ ခုကြီးလာပြီ၊ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုတာ ကိုသိတတ်ရတယ်...."

"ဘာဒူးနေရာ တော်နေရာလဲ၊ ငယ်ငယ်ကလိုပေါ့၊ မူမပြောင်းသင့်၊ မူပြောင်းတာဟာ ရူးတာလား...."

"စဉ်းစားပြီးမိန့်တော်မူပါ...."

"ဘာကိုမှစဉ်းစားပြီး ပြောဖို့မလိုဘူး...."

"ကောင်းပြီ၊ တူးနှင့်မြဟာ ငယ်ငယ်ကသလွန်တော်ပေါ်မှာ အတူ တူအိပ်စက်ခဲ့ကြတယ်၊ ခုမြက တူးနှင့်အတူတူ ညမှာဝင်အိပ်သင့်သ လား...."

"သင့်တာပေါ့...."

"တယ် တကယ်ဝင်အိပ်ကရော့မယ်...."

"အိပ်ပါလား၊ ငါမူပြောင်းရင် ငါရူးလာတာပေါ့"

"ခုဘာကြောင့် အဝတ်ဝတ်နေသလဲ...."

"ရှက်လို့ ရှက်တာဟာ ရူးတာ...."

"ဘာပြောပြော ကိုယ်တော်လို့ ခေါ်မှာပဲ....."

"မခေါ်ပါနဲ့ ဆိုမှပဲ....."

"မခေါ်ရရင် ငိုမှာပဲ၊ ခုကို ငိုမှာပဲ"

ထိုသို့ဆိုကာ မြမြသည် မဲ့လာ၍ မင်းသားသည် ခေါ်ခေါ်ဆိုကာ သူ့အခန်းထဲသို့ဝင်သွားလေ၏။ စောနှစ်လည်းရောက်လာ၍ ဆောင် ရွက်စရာရှိသည်တို့ကို ဆောင်ရွက်ကြလေ၏။ ထိုနေ့ ညစာပွဲတော်ကို ယူပြီး ကြသောအခါ စောနှစ်လည်း ယနေ့ည ၎င်း၏မောင်ကြီးဘုရား အိမ်တော်တွင် စံမည်ဖြစ်၍ မပြန်တော့ဘဲ ကြည်ရွှင်စွာ ဤသို့လျှင် စကားသာချိုနေကြလေ၏။

mgyoe.com

"ထိပ်ထားကိုယ်တော်တော့လေ၊ ရသေ့ကလေးစျာန်လျှောကျပြီ...."

"ဘာ စျာန်လျှောရမလဲ...."

"ထိပ်ထား လိုတရတောအုပ်မှာ ရသေ့ကြီးဦးပြောင်၊ သူ့သားရသေ့ကလေးနှင့် ကသိုဏ်းအားထုတ်ကာ နေသတဲ့၊ ရသေ့ကြီးဦးပြောင်သည် စျာန်ရ၍ ကောင်းကင်ခရီးဖြင့် သွားနိုင်သလို ရသေ့ကလေး ချစ်စရာဟာလည်း ဖခင်ရသေ့ကြီးသွန်သင်တဲ့အတိုင်းကျင့်လို့ စျာန်ရပြီး ကောင်းကင်ခရီးနှင့် သွားနိုင်သတဲ့ ဒါပေမဲ့ မိန်းမဆိုတာ မမြင်ဖူးဘူးတဲ့...."

"နင့်ဝတ္ထုမှားတယ်...."

"ဘာမှားသလဲ...."

"သူ့ကို သူ့အမေကမွေးတယ်၊ သူ့အမေချိုကိုစို့တယ်၊ ဒါဟာ မမြင်ဖူးဘဲနေပါ့မလား....."

"အေး....မိန်းမဆိုတာကို ကွဲပြားစွာ မသိဘူးတဲ့...."

"အင်း....ဒါတော့ရှိစေ လက်ခံဖွယ်ပဲ...."

"ဆက်ပါရှင်...."

"ထိပ်ထား၊ တစ်နေ့တော့ ရသေ့ကြီးက ခရီးလမ်းညွှန်ပြပြီး မြို့ပေါ်ရှိ ဒကာဒကာမများထံ ဆွမ်းခံလွှတ်လို့ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် ရသေ့ကလေးချစ်စရာသည် ခွက်နက်ကိုပိုက်ကာ ကောင်းကင်ခရီးဖြင့် ဆွမ်းခံကြွသတဲ့...."

"ဟုတ်ကဲ့...."

"မြို့ရောက်လို့ဆွမ်းခံရာ ယောကျာ်းများကပင်လောင်းလို့ ဆွမ်း... ဆွမ်းဟင်းတို့ကို ရပေါ့လေ....၊ သူဌေးအိမ်တစ်အိမ်သို့ရောက်တော့ သူဌေးသမီးပျို တစ်ဆယ့်ငါးနှစ်အရွယ်က ရံရွေများနှင့် ဆွမ်းလောင်းသတဲ့၊ သည်အခါရသေ့ကလေးချစ်စရာဟာ သူဌေးသမီးကိုအသေအချာကြည့်ပြီး အင်မတန်နှစ်ခြိုက်တပ်မက်သွားလို့သင့်ကို လူတွင်

mgyoe.com

mgyoe.com


ဘာမျိုးလို့ခေါ်သလဲမေးရာ၊ သူဌေးသမီးကလေးက တပည့်တော်မ မာတုဂါမပါဘုရားလို့ လျှောက်သတဲ့...."

"ဟုတ်ကဲ့...."

"သည်တော့ ရသေ့ကလေးချစ်စရာက" "ဟယ်မာတုဂါမရယ်... ငါဘာပြုလို့ ဘယ်လိုဖြစ်ပါလိမ့်၊ သည်အနားမှာ ရစ်ရစ်ပြီး တစိမ့်စိမ့် နှင့် သင့်ကိုသာ ငါကြည့်နေချင်လို့ ဆိုသတဲ့...."

"ဟုတ်ကဲ့...."

"မြတို့ကိုယ်တော်လည်းလေ...."

"ငါဘာလဲ...."

"ပြောရမလား...."

"နင်ပြော ငါဘာလဲ...."

"ခင်စောအုံ မျက်နှာတော်ကြည်ကြည်ဟာ တီတီတာတာ ချစ်စရာ သဘောငယ်နှင့် ပလစ်ပလစ်နှင့် ပြောဆိုကာ အပိုမပါ အိုဘာညာလို မပလီတတ်သူကြောင့်ထင့်၊ နှင်းဆီပွင့်အနီကလေးတစ်ပွင့်ကိုသာ ပန် လျက်....."

"နေပါဦး ဒါဘာကိုဆိုတာလဲ...."

"ခင်စောအုံကို တပ်မက်နေသူက လွတ်တော်ထဲမှာ အုံ အုံ အုံ အုံ၊ အုံဖွလို့နေကာ ပြောတာနှင့်ပြောတာ၊ ပြောမှာပေါ့လေ၊ ခင်စောအုံ ခါးဝတ်လျှောတာ မြင်မိလို့....ချာန်သဘောတွေ ကိုယ့်မှာမရှိတော့ပါ ဘူး အိုအုံရဲ့၊ မင်းငါ့ကိုလာကာမှုပါဦး ခုရက်တာ" လို့တောင်အဆစ် ထည့်လိုက်ချင်သေး...."

"ခက်တယ်ကွယ် နင့်နှယ်...."

"မခက်ပါနှင့် စောအုံကိုသိပါတယ်၊ နက်ဖြန်တော့ မအားဘူး၊ သဘက်ခါလှည်းယဉ်ကလေးနှင့် သွားလိုခေါ်မှာ"

mgyoe.com

mgyoe.com


"ဟာ....မတောက်တခေါက် ဘာကြောင့်ခေါ်ရမလဲ...."

"ကိုယ် ကိုယ်တော်က မစောအုံကိုချစ်လို့ ၊ ကြိုက်လို့၊ နှလုံးတော်ထဲမှာ ပိုက်မိနေလို့ သွား....ပြီး....၊ ခေါ်မှာပါဘုရား...."

"တယ်လည်း ငေါ့တာကိုး၊ သူ့ကိုဘာကြောင့် ဘာလုပ်လို့ ချစ်ရ၊ ကြိုက်ရမှာလဲ....."

"ထိပ်ထားရှိနေလို့ ပြောလိုက်ကရော့မယ်...."

"ငါက သူ့ကိုမချစ်၊ မကြိုက်ပါဗျာ...."

"ရှိစေ၊ ဒါဖြင့် ရွှေမြို့တော်ဝန်မင်းရဲ့သမီး လှလှဦးကိုကော...."

"သူ့ကိုလည်း မချစ်မကြိုက်နိုင်...."

"ဒါဖြင့် ဘာကြောင့် သူ့ကိုပိုမိုပြီး ချစ်စရာပြုံးပြုံးကလေးလို့ လွှတ်တော်ထဲမှာ ဆိုရသလဲ၊ ပြီးတော့၊ လှကလည်း တကယ်လှတာကိုး၊ ကုသိုလ်ရင်ထူးကြောင့် စသည်ဖြင့် လွှတ်တော်ထဲမှာ အသရေ တင်ပြီးဆိုရသလဲ၊ အဲဒါဟာ၊ ချစ်လို့၊ ကြိုက်လို့ ရနိုးသဘောနှင့် ပိုးပန်းတာ တမင်သက်သက် ညုတာပဲမဟုတ်လား၊ အဲတာဟာ အာဇာရှင် ဂုဏ်ရှင် ကိုယ်တော်တို့လို အစိုးတရ မင်းများရဲ့ လူပျိုလှည့်နည်းတဲ့၊ မဟုတ်ဘူးလား ထိပ်ထားရယ်"

"နွားသတ်ဂိုဏ်းက အထက်တန်းစား အာဇာရှင်လူကုံထံများဟာ သည်လိုလို့ သရုပ်ပေါ်လာအောင်ပြောပြရတာပါဗျာ၊ တကတဲ လူဟာ နွားသိုးဖြစ်ရတော့မယ်"

"ပြီးတော့ စိန်စိန်ကိုလည်းမလွှတ်၊ ပြောတော့လူဟာ နွားဖြစ်ရတော့မတဲ့၊ စိန်စိန်ဟာ အိစက်ညက်ညောပြီး ချောလှတယ်တဲ့ ကိုယ်တော်သူ့အသားကိုများသွားပြီး ကိုင်ဖူးသလား၊ ငယ်ငယ်တုန်းက မြနှင့်တူးတစ်အိပ်ရာတည်း တိုးဝှေ့အိပ်ခဲ့တာလို အိပ်ဖူးလို့လား၊ စိန်စိန်ကို ကိုယ်တော်က တိုးချလို့ မြဟာ သလွန်ပေါ်က လိမ့်ကျသလို ကျ

mgyoe.com

mgyoe.com


ဖူးသလား....”

“ဟာ....ဘာတွေကို လျှောက်ပြောပါလိမ့်မလဲ....”

“ဘာကြောင့် စိန်စိန်ဟာ အိစက်ညက်ညောတယ်လို့ ကိုယ်တော်ကဆိုသလဲ....”

“ခက်နေပြီ နွားသတ်ဂိုဏ်းက သရုပ်ပေါ်ပါစေလို့လိမ့်ရတာဗျ...”

“ကောင်းပြီ ထိပ်ထား၊ ညကျတော့ သူ့သလွန်တော်ပေါ်သူ့အနားမှာကပ်ပြီး ငယ်ငယ်တုန်းကလို အိပ်မှာပဲ”

“အိပ် အိပ် အီးသာမပေါက်နဲ့”

“ကြည့်စမ်း စုတ်စုတ်ပဲ့ပဲ့....”

မြမြနှင့်မင်းသားတူးသည် မည်မျှလောက် ရင်းရင်းနှီးနှီးရှိခဲ့ကြသည်ကို စဉ်းစားရန် လွယ်ကူပေသည်။ မြမြသည် အဘယ်ကြောင့် တက္ကသိုလ်သို့မလိုက်ပါရသနည်း ဟူသောစကားကို သတိထားဖို့ လိုပေသည်။ ထိုခေတ်က ကံ ကံ၏အကျိုးကို သုနာပရန္တတိုင်းနှင့် တမ္ဗဒီပတိုင်းနှစ်တိုင်းရှိနေမျိုးတို့သည် ယုံကြည်ကြသော်လည်း ဗေဒင်ကိုလက်မလွှတ်ကြသည်အားလျော်စွာ မြမြကို ဧကရာဇ်မိဖုရား ဖြစ်ရမည်ဟု ဇာတာပြင်က အဟောထွက်နေခြင်းကြောင့် ဖြစ်၏။

မြမြ၏ ခမည်းတော် နန်းရင်းဝန်ကြီး၏ အယူကား အတော်ပင်ပြတ်သား၏။ တစ်ခါတစ်ခါ ဘုရင်ကျော်စွာနှင့်ပင် အယူချင်းမတိုက်မဆိုင်နိုင်သကဲ့သို့ ဖြစ်၏။ ပန်းတောင်းပြည်သည် တိုင်းကြီးပြည်ကြီးတို့၏အကြား၌ တိုင်းကြပ်ဖြစ်၍ ဧကရာဇ်နိုင်ငံမဖြစ်နိုင်၊ အခြားဧကရာဇ်နိုင်ငံဖြစ်နေသော တိုင်းပြည်က မင်းသားတစ်ပါးပါးနှင့် တွေ့သွားမည်စိုးရိမ်ခြင်းကြောင့် မြမြကိုတက္ကသိုလ်သို့မပို့ခဲ့ပေ။

မြမြသည်နန်းရင်းဝန်ကြီး၏သမီးဖြစ်သော်လည်း နန်းတော်တွင်း၌ ကြီး၍၊ မင်းသမီးတစ်ပါးကဲ့သို့ဖြစ်၏။ မင်းသမီးစောနှစ်တို့

mgyoe.com

mgyoe.com


တက္ကသိုလ်သို့သွားနေစဉ်တွင်လည်း နန်းတော်ထဲမှာပင် မင်းသမီး အဆောင်အယောင်နှင့်နေခဲ့၏။ စင်စစ်သော်ကား မင်းသားတူးနှင့်မြမြကို ဘုရင်မင်းမြတ်နှင့်မိဖုရားကြီးသည် မှန်းထားဟန်ရှိပေသည်။

မြမြ၏သဘောထားမှာ မသဘာဝအလျောက် ရှိကောင်းရှိစေကာမူ မင်းသားတူးကား ထူးဆန်းသော သူတစ်ယောက်ဟုပင်ထင်စရာလော၊ ၎င်းသည် တက္ကသိုလ်၌ နေစဉ်တွင် မည်သည့်တက္ကသိုလ်မယ်တစ်ဦး တစ်ယောက်ကိုမျှ မရိုးသားသောစိတ်နှင့် ကြည့်ရုံမျှပင်မကြည့်၊ စိတ်ကူးရုံမျှပင် စိတ်မကူးရှိခဲ့ခြင်းမှာ ၎င်းသည်မြမြကိုမှန်းထားနေခြင်း ကြောင့်ဟု ယူဆစရာရှိစေကာမူ ယခုမြမြနှင့်အနီးစပ်ဆုံးနေရာတွင်လည်း ၎င်း၏ကာမအားနှင့် ယှိုဖိတ်သောစိတ်သည် စိုးစဉ်းမျှအရိပ်အယောင် မရှိ၊ မပြ၊ ထို့ကြောင့် မင်းသားတူး၏သဘောထားကို နက်နဲစွာ စဉ်းစား စရာဖြစ်ချေသည်။

ထို့နောက် တစ်နေ့သော် အားလပ်သော သို့မဟုတ် အနားယူသော နေ့ဖြစ်၍ ထိုနေ့နံနက်စာကို နန်းရင်းဝန်ကြီးနှင့်တကွ ဝန်ကြီးများ၊ ဝန်များ၊ လွှတ်တော်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဝန်များတို့အား တည်ခင်းကျွေးမည် ဖြစ်သောကြောင့် စောနှစ်နှင့်မြမြသည် မင်းသားတူး၏ အိမ်တော်တွင် စီမံလုပ်ကိုင်ကာ ရှိကြလေသည်။

ထိုသို့ နံနက်ပွဲတော်စာ ကျွေးသည်မှာ နိသက်သက်သဘာဝ ထုံး တမ်းအလျောက် ကျွေးသလော၊ တစ်စုံတစ်ရာပေါင်းသင်းဆက်ဆံ ရေးအားဖြင့် ကျွေးသလော၊ ရောနှောခြင်းအားဖြင့် လူချင်းဒေါ်လီ (တော်လည်) မွေသည့်သဘောနှင့်ကျွေးသလော၊ နက်သောသဘော သွားကာ ပေါ်ထွက်သတတ်ဖြစ်ပေသည်။

ပန်းတောင်းပြည်၏ အထက်တန်းလွှာဆိုသော မင်းတရားသည် နောက်တစ်နေ့တွင် နံနက်ပွဲတော်စာကို ပျော်ပါးစွာသုံးဆောင်ကြပြီး

mgyoe.com

mgyoe.com


နောက် မင်းသားတူးသည် ရေပူသောက်ကာ စကားကို ဤသို့သာတော့၏ ။

"ဘကြီးသာခေါင်တော့ ယနေ့နံနက် ကျွန်တော်တို့၏ ခုံပေါ့..."

"မခုံပါရစေနှင့်မင်းသားရယ်..."

"ဘကြီးမခုံရင်တော့၊ ကျွန်တော်သုနာပရန္တတိုင်းသို့ ပြန်ပြေးမှာပဲ..."

"အံမယ်...ဘာကြောင့်..."

"ယနေ့ ပွဲတော်စာအတွက် မယ်ဖယ်ဆီ၊ ဆန်နီမတို့နှင့် တန်ဆာဆင်ရမှာလားလို့၊ ကျွန်တော်တင်ကြိုပြီး စိတ်မချမ်းသာဘူးခင်ဗျာ..."

"ဟော့...ရွှေပြည်ဝန်မောင်တူး၊ မင်းဘာပြောမလဲ..."

"အစ်ကို....ကျွန်တော်မဝံ့ပါ..."

"ဘကြီး၊ အချိန်ကျတော့၊ ဟောခင်ဗျာ၊ ဆန်ကောင်းတွေရောက်လာတယ်၊ နှမ်းဆီစစ်စစ်မွှေးက မွှေးသနှင့်ရောက်လာတယ်၊ ပဲသီး သုပ်ဖို့၊ ကြက်တက်ရွက်သုပ်ဖို့၊ နှမ်းတွေရောက်လာတယ်..."

"အင်း...ဘကြီးချစ်မင်းသားကဖြင့် မောင်တို့ကို သိဒ္ဓိတင်တော့မယ်..."

"သည်တော့...ဟဲ့ တို့ပြည်မှာ ပြဿနာ ဘယ်လိုလဲ၊ ဆန်ကောင်းထွက်တဲ့ လယ်သမားများမှာ၊ တောင်ယာဆန်၊ ဆန်နီမကိုစားရတယ်၊ နှမ်းကောင်းစွာထွက်တဲ့ အရပ်မှာ၊ နှမ်းမသုံးရ၊ နှမ်းကလေး တလမယ်ကို ကြီးတော်ထံကန်တော့ဖို့ယူအလာ၊ အဖမ်းခံရဖြစ်နေတော့ ကျွန်တော်တို့ တိုင်းပြည်ဟာ အတော်အထက်တန်းရောက်နေပါကလားလို့ စဉ်းစားမိတယ်၊ အကြီး၊ အတော်ဟန်ကျနေတယ်၊ ကျွန်တော် မကောင်းဘူး၊ မတော်ဘူးလို့ မဆိုဘူးခင်ဗျာ၊ ကျွန်တော်အလိုရှိတာကို မင်းသားမို့ ကောင်းကောင်းရတာကို ပုထုဇဉ်ဆိုတာ၊ အရှုံးမို့ ကိုယ့်သဘောကျ ကိုယ်ကောင်းရင် ဝမ်းသာတတ်ထားကိုး...",

mgyoe.com

mgyoe.com


"မင်းသားထံ တောလက်ကျေးရွာများမှ တင်သလား၊ အသည်းများက တင်သလား..."

"ဘကြီး၊ ကျွန်တော်နှင့်စောနစ် တက္ကသိုလ်က ပြန်လာတော့ ကျွန်တော် ကြောက်ရတဲ့ဂုဏ်ဝန်မင်းရယ်..."

"ဟာ...မောင်မောင်၊ ဘယ့်နှယ် သည်လိုမိန့်တော်မူပါသလဲ"

"ကျွန်တော် တက္ကသိုလ်မသွားမီ ဗြဲများ ဒိုးထိုးနေတာကို ကြည့်နေတော့ ဂုဏ်ဝန်မင်းသဟာလာပြီး ဗြဲများကိုရိုက်ကာ ဒိုးဝိုင်းကို ဖျက်တယ်၊ ကျွန်တော့်ကိုလည်း သည်မင်းသားဟာ တွေ့ကရာ ရောက်တာပဲ၊ သူ့အထိန်းတော် နှစ်ကောင်ဟာ ဘယ်မလဲမင်းသား နောက်တစ်ခါ သည်လိုအကြုံအကြားကို အထိန်းတော်များမပါဘဲ လာရင်တော့ ခြေဆစ်ကို နှီးဖျားနုနုနှင့် ရိုက်ကိုလွှတ်မှာပဲ၊ အိမ်တော် ပြန်ဆိုလို့၊ အသာဆုတ်ပြီးကုပ်ကာ ပြန်လာရတာပဲ မဟုတ်ဘူးလား..."

(ရယ်ကြ၏၊ ပျော်စရာ)

"ကတဲဗျာ ကံကောင်းလို့ မင်းသားကလေးတစ်ပါးရပါတယ်၊ သွားချင်တာကို အထိန်းတော်မပါဘဲသွား၊ အထိန်းတော်နှစ်ယောက် မောင်ကျောက်နှင့် မောင်တောက်ကို တမင်ရွေးထားတာပဲ၊ သူတို့ကလည်း သူတို့မင်းသားကိုမနိုင် သွားချင်ရာကိုသွားလို့ တစ်စုံတစ်ရာ ထိပါးခဲ့ရင် ဂုဏ်ဝန်ကြီးငဖျိုး အသည်းနှလုံးကြွေရတော့မယ်၊ သည်တော့ မျက်ခြည် မပြတ်ဝံ့ဘူးပေါ့..."

"ဒါလောက်ပဲလား..."

"ဟာ...မင်းသားတစ်ပါး၊ မင်းသမီးတစ်ပါးတည်းဟာ ချစ်ရတာပေါ့..."

(ရယ်ကြ၏)

"ကိုင်း–ကိုင်း မင်းသားအမိန့်ရှိပါ..."

mgyoe.com

mgyoe.com


"နေပြည်တော်ကလည်း လာကြိုတော့ ပရိသတ်များသပေါ့ခင်ဗျာ၊ လမ်းခရီးမှာ ရိက္ခာမလောက်လို့ ရွာတစ်ရွာဝင်ပြီးဝယ်တော့၊ ရွာမှာ ဘတို့ကထားတဲ့ဆိုင်က အသင်းဝင်မဟုတ်၊ အိမ်ထောင်ပေးမပြနိုင်တာ နှင့် မရောင်း၊ ရွာထဲမှာဝယ်တော့လည်း ဘယ်သူကမှ မရောင်း၊ ခက် နေပြီ၊ ခု ကျွန်တော် မကြာမီ နယ်ပုံတော်သတ်မှတ်ဖို့ စစ်သည်တော် ငါးဆယ်နှင့်သွားရမယ်၊ ဘယ်နည်းနှင့်မှရိက္ခာကို လုံလောက်အောင် သယ်ယူမသွားနိုင်ဘူးခင်ဗျာ၊ တောလက်ကျေးရွာမှာ ကျွန်တော် အရင် အငတ်ပြဿနာနှင့် တွေ့ရမယ်"

"မောင် ရွှေပြည့်ဝန်၊ မောင်ရွှေမြို့တော်ဝန် နားလည်ကြသလား၊ မှုဟာသဘာဝနှင့် လျော်မှကောင်းတယ်"

"သဘောပေါက်ပါပြီအစ်ကို၊ စဉ်းစားမိပါပြီအစ်ကို"

"ကျွန်တော် တွေ့ကြုံရတာကိုပြောတာပါ၊ ကျွန်တော်ဟာ ပြင်ချင် သူ ပြင်တတ်သူ၊ ပြင်လိုသူမဟုတ်ပါ"

"မိန့်တော်မူပါ..."

"အဲသည်တော့ မင်းသား သူတောင်းစားလုပ်ပြီး ရိက္ခာအတွက် တောင်းရပြီ၊ ရပါတယ် ပိုလျှံအောင်ရပါတယ်၊ ကျေးရွာသူများ စေတနာ ကောင်းပြီး အင်မတန်ကြည်ညိုကြကာ လာပြီးထည့်ကြပါတယ်၊ တချို့ အစ်မများက ဟာ...သားကလေးကိုခါး တစ်ခွင်ချိုပြီး ဘတ်လတ်၊ ဘတ်လတ်နှင့်ကို ဆန်ဆီတို့လာထည့်ကြပါတယ်"

"ဘတ်လတ်...ဘတ်လတ်ကလည်း ဘာလဲ..."

"ဝန်မင်းကလည်း အကျိုမဝတ်လို့ခင်ဗျ...."

(ရယ်ကြ၏)

"ဆန်တော့ရပါ၏၊ တောင်ယာဆန် ဆန်နီမ၊ ဆီတော့ရပါ၏၊ မယ်ဇယ်ဆီ၊ သည်တော့ အစ်ကိုတို့ ဘတို့ ဘကြီးတို့ ဦးလေး ဦးကြီးတို့

mgyoe.com

mgyoe.com


သည်နှစ်မိုးလေမမှန်လို့ ကောက်ပဲသီးနှံ မရကြဘူးလားလို့ မေးရာ၊ ဘုရင်မင်းမြတ်ရဲ့ ရွှေဘုန်းတော်ကြောင့် မိုးလေမှန်လို့ လယ်မှစပါးများဟာ ခါတိုင်းထက် ပိုပြီးရပါတယ်၊ ယာများမှ နှမ်းများလည်း အထူးရပါတယ်၊ ဒါပေမဲ့ ရတဲ့စပါးတွေ နှမ်းတွေကို တစ်စေ့မကျန် အမှုထမ်းတွေကသိမ်း၊ မင်းတို့ ဒါကိုပဲစားကြဆိုကာ ပေးတာနှင့် ဆန်နီမနှင့်၊ မယ်ဇယ်ဆီကိုဝယ်ကာ စားကြရသတဲ့၊ ဆန်ကောင်းထွက်တဲ့ အရပ်က ဆန်ကောင်းမစားရ၊ နှမ်းလုံလောက်စွာ ထွက်တဲ့အရပ်က နှမ်းကိုမသုံးရ၊ နှမ်းဆီမစားရဆိုတာကိုသာ တွေ့ခဲ့ရလို့ တစ်ဆင့် ဖောက်သည်ချရတာပါခင်ဗျာ..."

"ကိုင်း...မောင်တို့ ခုဟာ ညီလာခံမဟုတ်၊ ညီလာတိုက်လည်း မဟုတ်၊ ဖော်ဖော်ရွေရွေမိတ်ဖြစ် သဘောတွေ့ကြရတဲ့အခါ စကားစပ်မိစပ်ရာ ဆွေးနွေးကြခြင်းဖြစ်တယ်၊ ပြောချင်ဆိုချင်တာကို ပြောကြ ဆိုကြ မောင်တို့..."

"ဘုရင်မင်းမြတ် ချမှတ်တော်မူတဲ့ မူအရပဲ"

"ဘုရင်မင်းမြတ်က ပြည်တွင်းမှာ အေးချမ်းသာယာပြီး စည်ပင်ဝပြောတာကို လိုပါတယ်"

"ဒါဟာ သဘောတော်မြတ်အတိုင်းပါပဲ"

"သည်လိုခင်ဗျာ၊ အစီရင်ခံပါရစေ..."

"မိန့်တော်မူပါ မောင်မောင်..."

"လူဆိုတာ သဘာဝကို သတိပြုရတယ်၊ သတိပြုသင့်တယ် ထင်တာပဲ..."

"မိန့်တော်မူပါ..."

"လယ်သမားများက သူတို့လယ်ကထွက်တဲ့ စပါးမှဆန်ကို မစားရတော့ ရှေ့နှစ်မှာ ကောင်းအောင်လုပ်ပါ့မလား၊ လယ်မှာ စပါးကို မျိုးကြဲ၊ ကောက်စိုက်၊ ညက်အောင်ထွန်၊ ဝဲပေးမလုပ်ကြဘဲ လျော့စွာ

mgyoe.com

mgyoe.com


ထွန်ထွန်စံကြဲလုပ်ခဲ့သော် စပါးထွက်ကောင်းပါ့မလား၊ နှမ်းလုပ်သူများက နှမ်းကိုမသုံးရသော် လုပ်ကြပါတော့မလား၊ သည်တော့ ဘာဖြစ်ကုန်မလဲ၊ ဒါကိုသတိမပြုသင့်ဘူးလား ခင်ဗျာ..."

"ဟုတ်ပါပေတယ်"

"မူဆိုတာ သဘာဝပေါ်မှာတည်မှ လျော်ပါတယ်၊ သူတို့ရဲ့ သဘာဝဟာဘာလဲ...စဉ်းစားရမယ်..."

"ဟုတ်ပါတယ်..."

"တောင်သူများဟာ စပါးထွက်တဲ့အရပ်က စပါးကိုယူ၊ ပဲထွက်တဲ့အရပ်က ပဲနှင့်လဲ၊ ပဲထွက်တဲ့အရပ်ကလည်း စပါးနှင့်လဲ၊ ဆီထွက်တဲ့အရပ်၊ ဝါထွက်တဲ့အရပ်ကလည်း သည်လိုပဲ၊ အသီးအနှံချင်း လဲလှယ်ကာ ပျော်ပျော်ပါးပါးနှင့် စားသောက်နေထိုင်ကြတယ်၊ ဒါလည်း သဘာဝတစ်ခုပဲ ခင်ဗျ..."

"မှန်ပါတယ်..."

"ပြီးတော့ လူဆိုတာ မိမိလုပ်ငန်းကထွက်တာကို မိမိသဘောကျရောင်းဝယ်ကာ စားသုံးနေထိုင်လိုကြပါတယ်။ ဒါဟာလည်း သဘာဝတစ်ခု..."

"မှန်ပါတယ်..."

"သူဌေး၊ သူကြွယ်၊ ကုန်သည်ခေါင်းပုံဖြတ်သမားများက မခက်ဘူးလား..."

"ရွှေပြည်တော်ဝန်က သဘောတရားကို နားမလည်ရင် ခေါင်းပုံဖြတ်၊ ခေါင်းပုံဖြတ်သဘောဟာ မသက်သာဘဲ လူတစ်စုရဲ့လက်က လူတစ်စုရဲ့လက်သို့ ကူးပြောင်းတာသာ ဖြစ်ရမယ်၊ သူဌေးသူကြွယ်ကုန်သည်တို့ ခေါင်းပုံ၊ ခေါင်းပုံမဖြတ်ရတော့၊ အဲသည် ခေါင်းပုံ ခေါင်းပုံဖြတ်ခြင်းသဘောဟာ ၎င်းတို့လက်ထက်က ဘုရင်အစိုးရမင်းမှူးထမ်းရဲ့

mgyoe.com

mgyoe.com


လက်ဝယ်သို့ ရောက်တည်နေရင် မခက်ဘူးလားခင်ဗျာ၊ ခေါင်းပုံခေါင်းပုံဖြတ်ခြင်း ကင်းပါ့မလား"

ချက်ချင်းဆိုသလို တိတ်သွားလေတော့၏။

"သာခက၊ ကျွန်တော်ဟာ လယ်မလုပ်၊ ယာမလုပ်၊ ခုဆန်ကောင်းနှင့် နှမ်းဆီကိုရပါတယ်၊ လယ်ယာလုပ်တဲ့လူများမှာ ဆန်ကောင်းနှင့်နှမ်း၊ နှမ်းဆီကိုမရတော့ စဉ်းစားကြဗျား၊ တောင်သူလယ်ယာသမားများ၊ ကိုင်းသမားများရဲ့ စိတ်ထဲမှာ ဘယ်လိုနေကြမယ်ဆိုတာကို ကိုယ်ချင်းစာသဘောနှင့် နှိုင်းဆချင့်ချိန်သင့်ပါတယ်...."

တွေ့၍နေကြသဖြင့် နန်းရင်းဝန်ကြီးက မောင်တို့သဘောကိုဆိုကြလေဟုဆိုသော်လည်း ခံတွင်းမဲ့သကဲ့သို့ ရှိနေကြ၏။

"မူကောင်း၏၊ ခေါင်းဆောင်များကောင်း၏ ဆိုပါ၊ အမှုထမ်းများသဘောတရားကို နားလည်ဖို့လိုပါတယ်၊ အမှုထမ်းများသာလျှင်မဟုတ်၊ မည်သူမဆိုမှာ၊ သဘောတရားကို အလိုရမွက်၊ တုန်လှုပ်မှု၊ ထောင်လွှားတက်ကြွမှုတို့က ကာကွယ်ပိတ်ဆီးထားပါတယ်၊ ကျွန်တော်ဟာ နွားသတ်ဂိုဏ်းကြီးကို ခြေခြေမြစ်မြစ် တွေ့ထားပါတယ်..."

"အင်း ကြားလိုက်တယ်...."

"ထိုဂိုဏ်းကို ကျွန်တော်ကျနစွာအရေးမယူ၊ အရေးမယူ၍ ကျွန်တော့်မှာ အပြစ်မရှိသလိုဘဲ၊ သို့ရာတွင် သည်တစ်ဂိုဏ်းဝပ်သွားရင် နောက်တစ်ဂိုဏ်းပေါ်မည်ကို ကျွန်တော်သိပါတယ်၊ ထို့ကြောင့် ထိုဂိုဏ်းကြီး၏ မှီခိုအားထားရာများကို ကျွန်တော်သဘောတရားကို နားလည်စေပါတယ်။ မည်သူမဆို တိုင်းပြည်လူမျိုးအတွက် အလုပ်မလုပ်ရင် တိုင်းပြည်ကို နှိပ်စက်သူဖြစ်လာရမယ်၊ ထို့ကြောင့် တတ်နိုင်သမျှ တိုင်းပြည်လူမျိုးအတွက် အလုပ်လုပ်ဖို့ရာလိုလိုကြပါတယ်...."

"သဘောမကျစရာမရှိပါ၊ သဘောကျစရာပါ...."

mgyoe.com

mgyoe.com


"လူတို့သည် ပျော်ပျော်ပါးပါး လုပ်ကိုင်စားသောက် နေထိုင်ကြရဖို့ အရေးအကြီးဆုံးပါ၊ ထို့ကြောင့် တိုင်းနေပြည်သူတို့စိတ်သဘောကို မညှိုးနွမ်းမထိခိုက်စေသင့်ပါ"

"သူဌေးသူကြွယ် ကုန်သည်များက အရေးကြီးပါတယ်"

"ကျွန်တော်မကြာမီကပဲ သူတို့ကို သဘောတရား ရှင်းပြပါတယ်၊ သူတို့အား တက္ကသိုလ်မှာ စီးပွားရေး၌ ပါရဂူဖြစ်ခဲ့သည့် စာနစ်နှင့် တိုင်ပင်ဆွေးနွေး၍ ဓမ္မသတ်တစ်ခုဖြစ်အောင် ဥပဒေရေးဆွဲပါဟု တိုက်တွန်းထားပါတယ်၊ ၎င်းသည်ပြီးပါက ညီလာခံတင်၊ ညီလာခံတိုက်နှင့် ငြင်းခုံစည်းဝေးပေါ့၊ အများသဘောကျကို လွှတ်တော်သို့ ပို့ဥပဒေလုပ် ဓမ္မသတ်ဖြစ်ပေါ့၊ ကိုင်း ဘယ့်နှယ်လဲဗျာ...."

(ကောင်းပါတယ်ဟု သဘောတူကြလေ၏။)

"ကျွန်တော်အထူးဆွေးနွေးလိုတာကတော့ သဘာ၀ရောင်ရှိန်ပါ..."

"ဟုတ်ကဲ့.....ဟုတ်ကဲ့...."

"သတ္တဝါတိုင်းမှာ သဘာဝရောင်ရှိန်ရှိပါတယ်၊ ထိုရောင်ရှိန်ဟာ တန်ခိုးပါ၊ ဒါကြောင့် သတ္တဝါတိုင်းမှာ တန်ခိုးရှိပါတယ်...."

(သဘာကား အဲ နေကြ၏။)

"ကျွန်တော့်စကားဟာ ဆန်းသလိုပါပဲ၊ ပုရွက်ဆိတ်၊ ခြကောင်၊ ခြင်ကောင်၊ ယင်ကောင်ခင်ဗျာ၊ ခြင်တို့ကိုလက်နှင့် ချေပစ်ရင် ကြေမွသွားတာပဲ၊ ဒါပေမဲ့ သူတို့မှာ တန်ခိုးရှိပါတယ်၊ သူတို့ရဲ့တန်ခိုးကို သူတို့ အခွင့်အခါရတိုင်း အသုံးပြုပါတယ်...."

"ပုရွက်ဆိတ်ဟာ တစ်အိမ်လုံးကို မနေနိုင်အောင် နှောင့်ယှက်နိုင်ပါတယ်၊ ခြဟာ နန်းတော်ကြီးကို ပြိုလဲသွားစေနိုင်ပါတယ်၊ ခြင်ကောင်ခင်ဗျား ယင်ကောင်ခင်ဗျာ၊ သိတော်မူတဲ့အတိုင်း၊ သဘာဝရောင်ရှိန်ဟာ သတ္တဝါတိုင်းမှာရှိပါကလားလို့ သိထားဖို့လိုပြီး လူမှာကောလို့ စဉ်းစား

mgyoe.com

mgyoe.com


ရမယ်၊ လူ့အဆင့်အတန်းအတိုင်း လူတိုင်းမှာ တန်ခိုးရှိပါတယ်၊ သူတို့မှာ အကြီးဆုံးသော တန်ခိုးဟာ ဘာလဲဆိုရင် ညစ်ပတ်မှုနှင့် မကျေနပ်မှုပါပဲ၊ အဲသည်လိုညစ်ပတ်မှု မကျေနပ်မှုတိုင်းပြည်ကများလာရင် တိုင်းပြည်ဟာ ချောက်ချားမှန်းမသိ၊ ချောက်ချားလာပြီး၊ တိုင်းတစ်ပါးရဲ့အခွင့်အရေးဟာ မသိမသာနှင့် ခြေရာထင်လာတတ်ပါတယ်၊ ခုမှအမြွတ်ကြီးစားများဟာ သာပြီးအလုပ်လုပ် ကောင်းနေပါတယ်၊ ရောင်းဝယ်နေရာမှာသွားကြည့်၊ သိကြရပါလိမ့်မယ်...."

"အင်း....အင်း....အင်း....အင်း....အင်း...."

"ခမည်းတော်နှင့် မယ်တော်ဖုရားတို့၏ နားမျက်စိတော်ကို ညီလာခံနှင့်ဝန်ကြီးများက ပိတ်ထားရာကျလျှင် ဦးကောင်းစံတွေ တံခွန်ထူနေရာ ရောက်မယ်ခင်ဗျာ...."

"အင်း...အင်း...."

"နန်းရင်းဝန်ကြီး၊ ဝန်ကြီးများ၊ အာဏာပိုင် အမှုထမ်းအကြီးအကဲ များတို့၏ နားမျက်စိကို အမှုထမ်းများက ပိတ်ထားရာရောက်ရင် ခေါင်းပုံဖြတ်၊ ခေါင်စားအခွင့်အရေးသမားရဲ့ အောင်လံတော်ကို စိုက်ထူခွင့်ရနေမယ်ခင်ဗျာ၊ သည်တော့ တိုင်းပြည်ဟာ ဘယ်လိုဖြစ်နေမယ် ဆိုတာကို စဉ်းစားစရာပေါ့...."

"မှန်ပေတယ်...."

"အဲသည်တော့ အိမ်တော်ကြီးပေါ်က၊ ရုံးတော်ကြီးပေါ်က စိတ်ကူးနှင့် အတွေးနှင့် အလုပ်လုပ်နေလို့ အရေးအခွင့် မပြီးမြောက်ဘူးပေါ့ ခင်ဗျာ၊ တတ်နိုင်သမျှ ဆင်းရဲသူဆင်းရဲသားအသည်များတို့ရဲ့ထံသို့ အမှတ်တရအိမ်တိုင်ရာရောက်ပြုပြီး၊ အခြေအနေတိုးတက်ရာကျသိရပြီးမှ ကောင်းသည်ကို ကောင်းသည်ထက်ကောင်းအောင်လုပ်၊ မကောင်းသည်ကိုပြင်၊ တိုင်းပြည်သူတိုင်းပြည်သားတို့အား ပါးစပ်တပ်ပေးရမယ်၊

mgyoe.com

mgyoe.com


ပညာရှိများအား လက်တပ်ဆင်ပေးရမယ်ခင်ဗျား....”

“ဘယ့်နှယ်မောင်တို့....”

“သဘောကျပါတယ်....”

“တကယ်ပဲ သဘောကျ၊ ကြပါသလား....”

“သဘောကျ ကြပါတယ်....”

“အသံတိတ်နေတဲ့ တိုင်းပြည်ဟာ တိတ်သွားရမယ်ခင်ဗျ၊ ခုတော့ တိုင်းပြည်ဟာ ဖြစ်သလိုရှုံ့မဲ့မှိုင်တွေချနေ၊ အသံမထွက်နှင့် လျှာဖြတ်ခံရမယ်၊ ဆိုသလိုနေတော့ တိုင်းပြည်မှာ တိုင်းသူပြည်သားမရှိသလို ဖြစ်သွားမှာကို စိုးရိမ်စရာရှိတယ်ဗျာ....”

“ခုကို တောင်ဘက်ခရိုင်နယ်ပယ်က ကျေးရွာအချို့ဟာ နတ်မီးပြည်ထဲသို့ ဝင်သွားကြောင်း သတင်းရပါတယ်....”

“ကိုင်း နားပါးကြပလား....”

“အစ်ကိုစိမ်သလို မငြင်းဆန်ကြရုံပါပဲ....”

(လူစုကွဲ....)

မင်းသားတူးသည် နေ့လယ်ချိန်မြင်းတစ်စီးနှင့် ထွက်သွားလေ၏။ မြမြကား နန်းတော်သို့ မပြန်သေးပေ၊ မြမြသည် စင်စစ်ကား နန်းတော်တွင် သမီးတော်ဆောင်တစ်ဆောင်နှင့် နေခြင်းများ၏။ စောနှစ်ကား တက္ကသိုလ်ကပြန်မှ အိမ်တော်နှင့်သီးခြားနေ၏။ ထိုသို့ မနေမီကပင် ဝန်တစ်ယောက်ကို အိမ်တော်ဝန်ဟုရထား၍ ထိုဝန်သည် မြမြ၏ထံမှာလည်း ဆောင်ရွက်စရာများကို ဆောင်ရွက်ရလေသည်။

မြမြကား နေလုံးပျောက်သည့်တိုင် မင်းသားတူးမပေါ်လာ၍ စိတ်ပေါက်သည်ထက် စိုးရိမ်ခြင်းဖြစ်လာသဖြင့် မျက်ရည်စိုလာ၏။ ထိုခဏ၌ မင်းသားသည် မြင်းတော်နှင့်ဆိုက်ရောက်လာလေ၏။ မြမြသည် စိတ်ပေါက်နေသဖြင့် ထဘီကိုခြေသလုံးနနကလေးပေါ်အောင်

mgyoe.com

mgyoe.com



စွန်တောင်ဆွဲပြီးသော် ဤသို့ရန်ထောင်လေတော့သည်။

"တကတဲ သည်အချိန်ထိအောင် ဘယ်ကိုကြွတော်မူနေသလဲ၊ ခင်စောအုံတို့၊ လှလှဦးတို့၊ စိန်စိန်တို့...."

"အို...အို....အို....အဆိုကို ရပ်စမ်းပါဦး ဘာတွေကို ဆိုနေသလဲ၊ တဘောင်စနည်းပေါ်နေလို့ စုံစမ်းနေရတာနှင့်ကြာသွားတယ်ဗျာ...."

"ဘယ်လိုတဘောင်ပါလဲ....."

"ညညချိန်ခါဝယ်၊ မြမြထဘီမပါတယ်....ဖူးစာမောင်မယ် ဘယ်လိုလဲဟု၊ လူကဲခတ်ရမယ်၊ ဝမ်းသာဖွယ်....တဲ့"

"ကြည့်စမ်း၊ ဒါဟာတဘောင်လား၊ ညမှာထကြည့်ပြီး၊ တဘောင်မဟုတ်ဘူး၊ နှစ်ပေါင်ပေါ်မယ်၊ ပေါ်တာဘာဖြစ်သလဲ...."

"ဟာ....ရန်ထောင်ဖို့ချည်းပဲ၊ နင်ဟာငါ့ကို မနိုင်ချင်စမ်းပါနှင့်...."

"ဘာကြောင့် ထကြည့်ရသလဲ...."

"လာပြန်ပါပြီ၊ ကိုင်းကွာ ထမင်းဆာပြီ...."

"ရေမသုံးသပ်တော့ဘူးလား...."

"နေပါစေ၊ ငါ့မှာ နံမယ့်သူမရှိသေးပါဘူး"

"တယ်....စားတော်ကဲ"

မင်းသားနှင့်မြမြသည် ညပွဲတော်စာကို အတူယူကြပြီးနောက် ရေပူသောက်ကြရင်း ဤသို့ စကားအချီအချကဲ့သို့ ဖြစ်နေ၏။

"တကယ့်ကိုတဘောင်ကွယ်..."

"လာပြန်ပြီ၊ ဘာတဘောင်လဲ...."

"နားထောင်ပါဦး၊ ငါသည်က မြင်းစီးပြီး မြောက်ရန်ကြီးအောင် တံခါးက ထွက်သွားတော့ မြောက်ပြင်က ကလေးတွေကွယ်၊ ကျုံးထိပ်မှာ သည်လိုသီချင်းသာပြီးလက်ခုပ်တီးကာ ကနေကြတယ်...."

"အင်း...."

mgyoe.com

mgyoe.com


"ညညချိန်ခါဝယ်၊ မြမြထဘီမပါတယ့်၊ ဖူးစာမောင်မယ်ဘယ် လိုလဲဟု၊ လူကဲခတ်ရမယ်၊ ဝမ်းသာဖွယ်တဲ့"

"ဒါ တဘောင်လား"

"တဘောင် အစစ်ကွယ်...."

"ဆိုစမ်းပါဦး...."

"ငါလည်း မြင်းမပေါ်ကဆင်းပြီး နားထောင်နေတယ်၊ ကလေးတွေလည်း ဒါကိုပဲဆိုပြီး ကနေကြတယ်၊ သည်တော့ လူကြီးတစ်ယောက် ဦးကြီးတဲ့၊ ငါ့ကို ဦးကြီးတဲ့၊ သူမင်းသားမှန်းမသိဘူး၊ မသိတာပဲ ကောင်းတယ်....."

(မြမြသည် စိုအိနေသော ပါးအို့ကလေးခွက်အောင် ပြုံး၍ ဤသို့ ဆို၏။)

"ကိုယ်တော်ကို မင်းသားမှန်း ဘာသိမလဲ၊ ကတဲ့ဝတ်ပုံက ထင်းထမ်းသမားလို၊ ခေါင်းကခေါင်းတုံးတို၊ တောင်ပေါ်ကမောတို့ ဆောင်းတဲ့ မြက်ခမောက်ကြီးကို ဆောင်းလို့၊ ဦးကြီးလို့ခေါ်မှာပေါ့၊ လိုက်ပါတယ် လေ၊ "ခေါင်းတုံးတို မှိုလိုပေါက်၊ တရားထီးနှင့်ဆောက်" ဆိုကာ တဘောင်ပေါ်နေတာပဲ"

"သည်လိုပေါ်နေသလား"

"ပေါ်နေတာတောင် အတော်ကြာသွားပြီ၊ ကိုယ်တော့်တဘောင်ကို ပဲ ဆက်တော်မူပါ"

"အဲသည်လူကြီးက၊ ဦးကြီး ဘာကြည့်နေသလဲဆိုတော့ ငါကလည်း ကလေးတွေရဲ့ သီချင်းကိုသဘောကျစာတနာဝင်ချိုလို့ ကြည့်နေတာ ဆိုတယ်၊ သူက ဒါတဘောင်တဲ့၊ ငါထိတ်ခနင်းဖြစ်သွားပြီ၊ ဘယ်လိုလဲ ဗျာဟု သူ့ကိုဆက်မေးရာ၊ ပညာရှိကမှသိမယ်၊ သိနိုင်မယ်ဗျတဲ့"

"အင်း...."

mgyoe.com

mgyoe.com


"ငါကလည်း၊ ပညာရှိဘယ်မှာလဲမေးတော့၊ အဲသည်လူက ခင်ဗျား တောတွင်းသား ယာသမားထင်တယ်၊ သိပ်အတာပဲ၊ ခုခေတ်ဟာ ဝန်ကြီးများနှင့် မင်းမှုထမ်းတွေ ဘုန်းကြီးနေတဲ့ခေတ်ဗျ၊ ဘယ်မှာပညာရှိဟာ ထင်ထင်ရှားရှားနေဝံ့မလဲ၊ ပညာရှိဆိုတာ မှန်တာကိုသာတင်ပြတယ်၊ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက် မလုပ်ဘူး၊ အဲသည်တော့ ပုန်းလျှိုးကွယ်လျှိုးမထင်မရှားနေမှာပေါ့ဆိုလို့ ခက်တယ်ဗျာလို့ ညည်းလိုက်မိတယ်...."

"အင်း...."

"သည်တော့ ပညာရှိဟာ ပုန်းလျှိုးမနေဘဲ၊ ထင်ပေါ်လာရင်ငါတို့ကို ဆန့်ကျင်တယ်ဆိုကာ အချုပ်ထဲရောက်မှာသေချာတယ်၊ ဟိုချောင်ကလေးထဲမှာ ရှိတယ်လို့တော့ သတင်းကြားတာပဲ သေတော့ မသေချာဘူး ဦးကြီးရယ်တဲ့"

"အင်း...."

"ဒါနှင့် ငါလည်းလိုက်ပြီး မေးမြန်းက ရှာတော့ ပညာရှိကြီးဦးရွှေမျှားဟာ ငါးကြော်နေတယ်၊ ငါလည်း နေပုံကိုမြင်ကတည်းက ကြည်ညိုတာနှင့် ရှိခိုးဦးချတော့ ပညာရှိကြီးဦးရွှေမျှားက မင်းဘာလဲ မင်းဘယ်ကလဲလို့ မေးတယ်၊ ငါလည်းကွယ် ပညာရှိထံမှာ လျှို့ဝှက်ခြင်းသည် တစ်ဝက်သောဆုံးရှုံးနစ်နာမှုကို အရင်ရယူပြီဆိုတဲ့ နီတိကြောင့် ကျွန်တော်မင်းသားငတူးပါလို့ပင် ဖွင့်ပြောလိုက်တယ်"

"သည်တော့မှ ဆုပေးကာ ငါ့ကို သေသေချာချာကြည့်ပြီး သင်မင်းသားငါ့ကို အတွင်းဝန်နှင့် ရွှေမြို့တော်ဝန်လိုဖမ်းပြီး ထောင်ထဲသွင်းမလို့ လာတာလားမေးတယ်၊ ငါက ပညာရှိမင်း၊ ကျွန်တော်ဟာ လူကမွေးတဲ့ လူပါလို့ ပြောရတယ်"

"အင်း...."

mgyoe.com

mgyoe.com


"ပညာရှိကြီးလည်း ပြုံးကာ "ခေါင်းတုံးတိုမှိုလိုပေါက်၊ တရားထိးနှင့်ဆောက်လို့" ပေါ်နှင့်နေတာကလားမင်းသားခု ဘာကိစ္စလဲ၊ ဘယ်လိုအကြောင်းလဲ၊ ခမည်းတော်များကို မပြစ်မှားနှင့် ခမည်းတော်ဟာ တရားရှင်မင်းတရားအစစ်နွံအိုင်ပေါ်မှာ ကြာပေါက်နေရတယ်တဲ့"

"အင်း...."

"ငါက တဘောင်ကို ရွတ်ပြတော့ (မြမြသည် ရင်တထိတ်ထိတ်နှင့် တွေးချင်ရာကို တွေးဆနေလေ၏။) ညညချိန်ခါဝယ်၊ မြမြ ထဘီမပါတယ်ဆိုတာက ညအချိန်မှာသူခိုးတွေဟာ လည်ကြသကွယ်၊ လူတွေဟာလည်း အလုပ်အကိုင်မရှိ ရှားပါးတော့၊ သူခိုးမှာလည်း မိုးခေါင်တာပေါ့၊ အဲသည်တော့ အရင်က ဝင်းထရံမှာ လှမ်းထားတဲ့ ထဘီကိုတောင်၊ ငါးမူးရရ၊ သုံးမတ်ရရ၊ ဆွဲယူပြီးလာခဲ့တယ်၊ ခုတော့ မင်းသားတက္ကသိုလ်ကပြန်လာရင်ပဲ အလုပ်အကိုင်ကလေးများ လုပ်လာကြဝံ့တော့ အသပြာရွှင်လာသပေါ့၊ အဲသည်တော့ သူခိုးကလည်း သွေးကြီးလာတယ်၊ မြမြဆိုတာဟာ မရမရဟုတ်လား၊ ခိုးလို့မရမရ ထဘီကိုတော့ ရုပ်မသွားလို့ညညချိန်ခါဝယ်၊ မြမြထဘီမပါတယ်လို့ဆိုတယ်"

"ငါကလည်း ဖူးစာမောင်မယ် ဘယ်လိုလဲဟု ဆိုတာကောခင်ဗျားလို့မေးရာ၊ စာတတ်တဲ့ မောင်မယ်များက ထန်းဖူး၊ ပေဖူးများနှင့် စာရေးပြီး လွှတ်သို့ပို့မယ်၊ ဖြတိုက်ပို့မယ်၊ သည်တော့ မင်းသားသိရော၊ မင်းသားသိတော့ ဘယ်လိုလဲဟု တွေးမယ်၊ ပြီးတော့ ဘယ်လိုစာတွေကို ပို့မလဲဟုလည်း အနက်ထွက်တယ်တဲ့...."

"အင်း...."

"ငါကထပ်ပြီး လူကဲခတ်ရမယ်၊ ဝမ်းသာဖွယ်ကကော ခင်ဗျားလို့မေးတော့ ဒါကလွယ်တယ်၊ စဉ်းစားတဲ့၊ ငါမှာလည်း အသပြာပါမလာ၊ ဒါနှင့်အိုးသည်မမိတူးထံက အသပြာငါးဆယ်လှည့်ပြီး ပညာရှိကြီးထံ

mgyoe.com

mgyoe.com


ပူဇော်ခဲ့ရတယ်၊ လာတောင်းရင် ပေးလိုက်ပါကွယ်"

"အေး....လာတောင်းလိမ့်...."

"ဒါကြောင့် ကြာနေတာပါ စိတ်မဆိုးပါနှင့်ကွယ်"

နောက်တစ်နေ့သော် မင်းသားသည် လွှတ်တော်၌ ပြုဖွယ်ရာကိစ္စတို့ကို ပြုနေ၏။ မင်းသမီးစောနှစ်နှင့် မြမြတို့သည် အိုးဖိုအိုးလုပ်သူ မိတူးထံသို့ သွားရောက်လေရာ၊ မိတူးလည်း ပျာပျာသလဲဧည့်ခံကာ ရှိလေ၏။

မြမြသည် မင်းသားတူးလှည့်ယူသော အသပြာငါးဆယ်ဟု မိတူးအားပေး၍ ဤသို့စကားအချီအချ ဖြစ်နေကြလေ၏။

"ထိပ်ထားနှင့်မမဖျားက တကတဲ၊ အရေးကြီးလိုက်တာ၊ ဖျားကျွန်တော်မ လမ်းကြုံတော့ ဝင်ခဲ့မှာပေါ့...."

"မတူးရဲ့ ကိုယ်တော့ သဘောကို အသိသားနှင့်၊ တွေ့ကရာ ပြောနေမှာစိုးလို့...."

"ဒါထက် မမမြ၊ ကိုယ်တော်နှင့်...."

"အလိုလေး....ညီမလေး၊ ညီမလေးတို့ရဲ့ ကိုယ်တော်က မြတို့ကို မမြင်တော့ဘူး...."

"ဒါတော့ ဟုတ်ပေါင်"

"ဟုတ်တယ်–ဟုတ်တယ်၊ ညီမလေးတို့က မသိဘူး"

"ဟုတ်ပေါင်၊ တက္ကသိုလ်က ပြန်ရောက်လျှင် ရောက်ချင်းဆိုပါတော့၊ ဖုရား ကျွန်မထံ ရောက်လာပြီး ကောင်မကလေး အိမ်ထောင်မကျသေးဘူး၊ နိုင်ငံတော်မှာ လူဦးရေနည်းပါတယ်ဆို...လို့ ဆိုတော့၊ ဖျားကျွန်မကလည်း ဘာအညွှံ့ခံမလဲ ကိုယ်တော်တော့ မမမြနှင့် ဘယ်တော့လက်ထပ်မှာလဲမေးရာ သူကသွေးမြင့်နေပြီး ငါ့ကို အသိမလုပ်တာနှင့် ချော့နေရသေးတယ်လို့ ပြောသွားတယ်ဖုရား...."

mgyoe.com

mgyoe.com


"သြော်....သည်လိုပဲ ပြောသလား...."

"ပြောပါတယ်၊ ငါတက္ကသိုလ်က ရောက်ရောက်ချင်း နင့်မမမြထံ တစ်ခါတည်းသွားနေမယ် စိတ်ကူးလာခဲ့တယ်၊ ဟောကွယ်သူကနန်းတော်ထဲရောက်နေ၊ ငါဘယ်မှာ သူ့ထံသွားဝံ့တော့မှာလဲ"

"သည်လိုပဲ သူကပြောသလား...."

"ပြောပါတယ် ဖုရား...."

ထိုသို့ ပြောဆိုကြပြီးသော် စောနှစ်နှင့် မြမြသည် ပြန်လာခဲ့ကြလေ၏။

❖

mgyoe.com

mgyoe.com

# အခန်း (၂)

**မင်းသားနှင့် အမျိုးသမီး**

မင်းသားတူးသည် နယ်ပယ်ကိုသတ်မှတ်၍ နယ်ပုံတော်အတိတကျရေးရန် တောင်ဘက်နတ်မီးပြည်နယ်စပ်သို့ ရောက်သွားကာ ကြံစုံကုန်း၌ စခန်းချရပ်ကာ နေလေ၏။

ထိုအခါတွင် နတ်မီးပြည်မှ နယ်ပယ် အတိတကျ သတ်မှတ်ရန်လာသော အဖွဲ့နှင့် တွေ့သဖြင့် မင်းသားတူး၏ လူစုနှင့် မြေလုသည့်သဘောဖြစ်နေ၍ အချင်းများလုမတတ်ဖြစ်နေလေ၏။ ၎င်းကို မင်းသားတူးသည်သိ၍ သွားရောက်တွေ့ဆုံပြီးသော် ဤသို့ပြောလေ၏။

“တပ်မှူးကိုကျော်စော၊ သူတို့လိုချင်တဲ့မြေကို ယူပါစေ၊ လိုချင်တဲ့လူအားပေးရစမြဲ၊ သူတို့ချန်ထားခဲ့တာကို သတ်မှတ်တာပေါ့၊ ကိုင်း– နတ်မီးပြည်မှ သူရဲကောင်းများကျေနပ်ပလား၊ နေမျိုးချင်းပဲ....”

mgyoe.com

mgyoe.com


"ကျေနပ်ပါပြီ....."

"ကျွန်တော်တို့တော့ဗျာ၊ မြေအတွက်လူနှင့် လူချင်းကိုအချင်းမများစေချင်ပါ၊ အားမရသေးလို့ အာဏာပိုင်က လိုချင်သေးတယ်ဆိုရင် လာပြောကြပါနော်၊ ထပ်ပြီးပေးပါဦးမယ်...."

ထိုသို့နှင့် နတ်မီးဘက်မှ လူများသည် ကျေနပ်သွား၍ ပြန်ကြပြီးသော် ၎င်းတို့၏သခင်မ မင်းသမီးရွှေရွှေကို မင်းသားတူးပြောသည့် စကားရပ်များပါမကျန် တင်ကြလေ၏။

ထိုအခါ ရွှေရွှေသည် ဤသို့လျှင် သူ့လူများနှင့် မကျေမချမ်းသဖြင့် ဤသို့မိန့်လေ၏။

"မောင်မင်းတို့ သိပ်ကိုညံ့တယ်၊ ဘယ်သူများက ပေးတာကို လိုချင်ပေါင်၊ ကိုယ်ဆိုင်လို့ ကိုယ်သတ်မှတ်တာ၊ စော်ကားလိုက်တာ သွားပြန်ပြော၊ ရဲကျော်ခေါင်...."

"ဘုရား...."

"ပြန်ပြောချေ၊ လက်နက်စွဲ ဆယ်ယောက်ကို ယူသွား၊ တိုင်းတစ်ပါးကပေးတာကို တို့သူတောင်းစားမဟုတ်လို့ မလိုချင်ဘူး၊ တို့ပြည်ကဆိုင်လို့ တို့လာပြီး သတ်မှတ်တာလို့...."

"မှန်လှပါ...."

ထိုသို့နှင့် တပ်မှူးကလေးရဲကျော်သူသည် ၎င်း၏မင်းသမီးအမိန့်အရ မင်းသားတူးထံသွားရောက်ရလေ၏။

"ဟာ....အစ်ကိုတို့လာရပြန်ပလား၊ အစ်ကိုတို့ရဲ့ သခင်က မကျေနပ်သေးဘူးတဲ့လား၊ အစ်ကို့နာမည်...."

"ကျေးတော်မျိုးနာမည်က ရဲကျော်သူပါ၊ ကျေးတော်မျိုးတို့ရဲ့ ထိပ်ထားသခင်မက၊ သူတစ်ပါးပေးတာကို မယူလို။

ကိုယ့်တိုင်းပြည်ကဆိုင်လို့ လာပြီးသတ်မှတ်တာလို့ ပြန်ပြီးပြော

mgyoe.com

mgyoe.com


ရမယ် အမိန့်ရှိတာနှင့် ကိုယ်တော့်ထံ လာရောက်ခြင်းပါ...."

"အစ်ကို စဉ်းစားနော်...."

"မှန်လှပါ...."

"ကျွန်တော်တို့ကလည်း ကျွန်တော်တို့ကဆိုင်တယ်လို့ အယူရှိတာပဲ၊ သည်တော့ သူဆိုင်ငါဆိုင်အငြင်းပွားပြီး၊ အချင်းများကြရင် ဘာမဟုတ်တဲ့ သက်မဲ့မြေကွက်အတွက် သက်ရှိနေမျိုးတွေထိပါးကုန်ရင် မတော်ဘူးမဟုတ်လား၊ မြေဟာအဖိုးမတန်၊ လူဟာအဖိုးတန်ပါတယ်"

"မှန်လှပါ...."

"သည်သူဆိုင်၊ ငါဆိုင် အငြင်းမပွားလိုပါ၊ ကြောက်လှပါတယ်၊ ကြောက်လို့ကို သည်မြေကို ဆက်သပါတယ်၊ ကျေနပ်တော်မူပါလို့ တင်လိုက်ပါနော်...."

"ကိုယ်တော်...."

"ဆို–ကိုရဲကျော်သူ...."

"ကျွန်တော်မျိုးတို့ကတော့ ကိုယ်တော်အထင်လွဲတော်မမူပါနှင့်၊ ကျွန်တော်မျိုးများဟာ ထွန်သည့်နွား၊ စေပါရသည့်ကျွန်များပါ...."

"သိတယ်အစ်ကို၊ အချင်းမများတာဟာ လိမ္မာတယ် မဟုတ်လား..."

"မှန်လှပါ....."

"ဆက်ဆက်တင်လိုက်ပါ၊ ထိပ်ထားကိုကြောက်လို့ကို ဆက်သလိုက်ပါတယ်လို့...."

ရဲကျော်သူသည် ၎င်းတို့၏စခန်းသို့ ပြန်ရပြန်၏။

"ဘယ့်နှယ်လဲ ရဲကျော်သူ...."

"ထိပ်ထားအားကြောက်လို့ကို ကြောက်လွန်းလို့ကို သည်မြေကို ဆက်သလိုက်ရပါတယ်တဲ့ဖုရား...."

"ရဲကျော်သူ..."

mgyoe.com

mgyoe.com


"ဘုရား...."

"သူက ထိပ်ထားကို ဘာကြောင့်ကြောက်ရသတဲ့လဲ...."

"မတင်တတ်ပါဖုရား....."

"သူထိပ်ထားကို မြင်ဖူးသတဲ့လား....."

"မတင်တတ်ပါဖုရား...."

"ထိပ်ထားဟာ စုန်းကဝေမလား၊ ဘီလူးမလား...."

"မဟုတ်ပါ ဘုရား...."

"ရွှေရွှေ၊ သည်စကားကိုမခံဘူး၊ သက်သက်မဲ့ရွှေရွှေကို ဆဲတာ၊ သူကတက္ကသိုလ်ပြန်ရယ်လို့ အကဲရောက်တာ"

"ထိပ်ထားအား သည်မင်းသားဟာ တက္ကသိုလ်ပြန်ရယ်လို့ ဘယ်သူက တင်ထားနှင့်သလဲ...."

"ဘယ်သူကထင်ထား ထင်ထား သိတယ်၊ လာလိုက်ခဲ့၊ မိရွှေအား ဆဲတာကို မခံဘူး၊ မောက်မောက်မာမာသိစေမယ်၊ ကိုင်း–ရဲမက်တော် ဆယ်ယောက်နှင့်လိုက်ခဲ့၊ ပေးမြဲတဘက်နှင့်စိန်သန်လျက်ကို"

"အင်း" ဟု ရဲကျော်သူသည် အင်းရှည်ကြီးနှင့် မင်းသမီးရွှေရွှေ၏ နောက်တော်ပါ အဖြစ်ဖြင့် ရဲမက်တော် ဆယ်ယောက်နှင့် လိုက်ပါရ ပြန်လေ၏။

မင်းသားတူးသည် မင်းသမီးရွှေရွှေကို အမြင့်အမြတ်ထား၍ ကောင်းစွာနေရာပေးထားလေ၏။ နတ်မီးပြည်မှ မင်းသမီးရွှေရွှေလည်း "မင်းသားကလည်း ဘယ်လိုမင်းသားပါလိမ့်မလဲ၊ ဖန်ခေါင်းတုံးနှင့် အကဲမလှပါကလား" ဟု တွေးဆကာ နေရာယူလေ၏။

"ဘယ်လိုရွှေစိတ်တော်မကျေချမ်းလို့ ထိပ်ထားကိုယ်တော်တိုင် ရွှေစက်တော် ဖြန့်လာပါသလဲ...."

"မောင်တော်ဟာ ရွှေရွှေကို ကြောက်လို့လို့ဆိုတာ ဆဲပါတယ်၊

mgyoe.com

mgyoe.com


ဘာကြောင့် ရွှေရွှေကိုကြောက်ရတာလဲ၊ ရွှေရွှေဟာ ဘီလူးမလား၊ ရွှေရွှေကို စုန်းကဝေမမင်းသမီးဆိုလိုတာလား...."

"ဒါကို တွေးဘယ်လိုဖြေရပါ့...."

"ဖြေပါ...."

"ထိပ်ထားကို ကျွန်တော်က ဖြေပြတော့မဟုတ်ဘူးနော်၊ ထိပ်ထားရဲ့ဗိုလ်မှူးကလေး ကိုရဲကျော်သူနှင့် ဆွေးနွေးတာပါ၊ ကိုရဲကျော်သူ အမျိုးသမီးများဟာ သူတို့ကိုကြောက်တယ်ဆိုတော့ ဆဲတာတဲ့၊ ဘီလူးမလားတဲ့မေးတတ်ပုံ၊ ချစ်တယ်လို့ဆိုရင်လည်း ပါးကိုဆွဲချမှာ၊ ခက်တယ်၊ ကိုရဲကျော်သူ၊ ကိုရဲကျော်သူထိပ်ထားရဲ့အမေးကို ကျွန်တော်မင်းသားတွေး ဘယ်လိုဖြေရမလဲဗျာ အကြံပေးစမ်းပါ...."

"ကြည့်စမ်း....ဘာကြောင့် သူများမခံသာအောင် မချိုမချဉ်ပြောနေရတာလဲ...."

"ထိပ်ထားမေးတာကို မဖြေရသေးပါ၊ ဗိုလ်မှူးရဲကျော်သူနှင့် ဆွေးနွေးရုံရှိပါသေးတယ် ထိပ်ထား...."

"အို....သည်လိုစကားတတ်တိုင်း မဆဲပါနှင့်၊ ခုပြောတာကိုရွှေရွှေကြားနေရတာပဲ...."

"ဩော်....လှတဲ့သူများဟာ သိပ်ကိုခက်ထန်တတ်တာပဲ၊ ထိပ်ထားမကြားရအောင် ရွှေနားတော်ကို ဝွမ်းဆို့ထားတော်မမူဘဲကိုး...."

"ကြည့်စမ်း ထပ်ထပ်ပြီး ဆဲနေတာကိုး၊ ရွှေရွှေကို လှပြန်သတဲ့၊ မင်းသားဆိုပြီး ခေါင်းကို ဖန်ရောင်ထအောင် ခေါင်းတုံးရိတ်ထားတာကို မြင်မိကတည်းက ဆဲတတ်မယ်၊ လှလှပပ ဆဲတတ်မယ်ဆိုတာ သိပါတယ်...."

"ဟော....ခက်ပြန်ပြီ ကိုရဲကျော်၊ သူလှတယ်ဆိုတာကို ဆဲပြန်သတဲ့၊ လှသူကို လှတယ်မဆိုရင် အရူးဆိုမယ်မဟုတ်လားဗျာ၊ ကျွန်တော် ခေါင်း

mgyoe.com

mgyoe.com


တုံးရိုက်ထားတာကတော့ သူများကို မချိုမချဉ်ပြောဖို့မဟုတ်၊ ပြောလည်း မပြောတတ်၊ ကိုရဲကျော်သူ အမျိုးသမီးများဟာ ကြောက်စရာကောင်း တယ်၊ အမျိုးသမီးထဲမှာ မင်းသမီးများဟာ သာပြီးကြောက်စရာကောင်း တယ်၊ အဲသည်တော့ ကြင်ရာတော်က သူ့အလိုမကျရင် သျှောင်ကိုဆွဲ ပါးကွဲအောင်ချမှာ ကြောက်လို့ ခေါင်းတုံးပြောင်လက်နေအောင် ရိုက်ထား တာဗျ"

"ရွှေရွှေမပြောတတ်တော့ဘူး၊ ရွှေရွှေဘာကို ပြောရမှာလဲ၊ ကတဲ့ နေ့ခ်....၊ ကြင်ယာတော်က သူ့မောင်တော်ကို သျှောင်ဆွဲပါးကွဲ အောင်ချရမယ်လို့ ကြုံကြုံစည်စည် မကြားစဖူး ပြောပဲပြောတတ်ပါဘိ..."

"ထိပ်ထားက ကြင်ရာတော်ကို သဘောမကျရင် သျှောင်ကိုဆွဲ ပါးကိုမချဘူးလို့ ကတိပြုနိုင်မလား စိန်သန့်လျက်ကြီးက ပြောနေတယ်၊ ကြောက်–ကြောက်–ကြောက်–မကြောက်ရင် ခြေတော်နှင့်မကြောက်ခင်၊ ပါးပြင်ကို ဟသံ်ာခြေနင်းက အရင်တင်လိမ့်မတဲ့...."

မင်းသားတူး၏ အမှုထမ်းများသည် မင်းသမီးသုံးဆောင်ရန် ရေ နွေးတော်နှင့် အသားကင်၊ မုန့်ကြော်ပွဲတော်ကိုလာချ၏။ ရဲကျော်သူတို့ အားလည်း ရေနွေးနှင့် အသားကင်မုန့်ကြော်များကို ဧည့်ဝတ်ပြုလေ၏။

"ရွှေရွှေဟာ မောင်တော်နှင့် စကားမစပ်နိုင်တော့ဘူး"

"သုံးဆောင်တော်မူပါ..."

"ရဲကျော်သူ...."

"ဘုရား...."

"သည်ကဗိုလ်မှူးနှင့် ညှိနှိုင်းကာ နယ်ပုံကို သတ်မှတ်ပါ၊ ကိုယ် ကသာ အနားခံပါ...."

"ဟာ.....ဟုတ်ရိုးလား ကိုကျော်စော...."

"ဘုရား...."

mgyoe.com

mgyoe.com


"ကျွန်တော်တို့က အနာခံဖျ၊ သူတစ်ပါးထံက အသာယူလိုတာဟာ အင်မတန်ဆိုးယုတ်ပြီး ကောက်ကျစ်စဉ်းလဲရာရောက်တယ်ဗျ..."

"ရော့....ရော့....ရဲကျော်သူထိပ်ထားရှက်လာပြီ၊ ထိပ်ထားရဲ့စိန်သန်လျက်ကို သိမ်းထားလိုက်ပါ၊ နယ်ပုံတော်သတ်မှတ်ကြပေတော့၊ ကိုယ်တော်ရဲ့ဘက်က မသာစေနှင့်နော်...."

"ထိပ်ထား...."

"မောင်တော်....."

"ဘယ့်နှယ် စိန်သန်လျက်ကို ပေးလိုက်ရသလဲ၊ အမြဲဆောင်ထားတော်မူပါ၊ ထိပ်ထားတို့လို အလွန်လှပပြီး အသရေတင့်တယ်၊ သူများမှာ ဘေးအမြဲကပ်နေပါတယ်..."

"ရွှေရွှေဟာ လှသလား၊ အသရေတင့်ပြီး မြင့်သလား...."

"ထိပ်ထားကလည်း ကြေးမုံပြင်ကပြောနေတာပဲ"

(တပ်မှူးတို့ နယ်ပုံတော် သတ်မှတ်ရန် သွားကြလေ၏။)

"ကြေးမုံပြင်က ရွှေရွှေဟာ မလှဘူးတဲ့"

"အဲသည်လို မလှလေ၊ တိုးတိုးပြီးလှတော်မူကာ အသရေတင့်ကာ မြင့်နေပါတယ်...."

"မောင်တော်ကလည်း မလှပါဘူးဆိုမှပဲ"

"ထိပ်ထားကမလှဘူးထင်တော်မူလေ၊ လှအောင် သသပြီးနေလေ၊ အဲသည်တော့ တိုးတိုးပြီးလှလာလို့ အသရေတော်ဟာ တင့်ပြီး မြင့်နေတာပေါ့...."

"ရွှေရွှေထပြီး ကချင်ပြီ...."

"ထိပ်ထား ဒါကိုတော့ တောင်းပန်ပါတယ်၊ က, တော်မမူပါနှင့် မမြင်စဖူးအလှထူးကို ခုမှမြင်ဖူးလို့ ငတူးက ဟယ့်ငါ့ကုသိုလ် ထူးပါကလားလို့ ကချင်နေတဲ့အတွက်ကြောင့် ကပွဲဖြစ်နေပါဦးမယ်၊ သည်း

mgyoe.com

mgyoe.com


ခံတော်မူပါ"

"မောင်တော်ရယ်၊ လှတာနှင့် ဘေးရှိရမယ်လို့ ဘယ်လိုဘေးလဲ၊ ဘာကြောင့်လှတာနှင့် သန်လျက်ကိုသုံးရမှာလဲ"

"ထိပ်ထားရဲ့ ခြင်ကောင်၊ ယင်ကောင်ကလေးများဟာ မျက်နှာတော်မှာမို့မို့ကလေးနှင့် ပါးအို့နီနီနုနုကလေးတော်မှာ ပခုံးတော်မှာ လာပြီးနားတတ်ပါတယ်၊ သည်တော့ ရန်သူတော်မော်လို့တောင် မကြည့်ဝံ့အောင် စိန်သန်လျက်နှင့် ကာကွယ်တော်မူရပါတယ်"

"မောင်တော်–မောင်တော်၊ သိပ်ကိုအော်လိုက်ချင်တာပဲ၊ ခြင်နှင့် ယင်တို့ကို စိန်သန်လျက်နှင့် ကာကွယ်ရမယ်လို့ လှောင်တော်မူတာလား။

"ဟော....ထိပ်ထားအစဉ်းစားလွဲသွားပြီထင့်...."

"မိန့်တော်မူပါ...."

"ရွှေနားသာတော်မူပါ၊ ခေတ်အလျောက်ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာတွေရှိတယ်၊ ပြီးတော့ တန်ခိုးထက်မြက်တဲ့ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ အစရှိတဲ့ ဝိဇ္ဇာမိုရ်ရှိများဟာ လောကမှာ အလှအချောမတွေထံ ခြင်ကောင်၊ ယင်ကောင်ယောင်ဆောင်ပြီးနား၊ ဟောသတိတော်လစ်၊ ချက်ချင်းအနားမှာ ဝိဇ္ဇာအတွက်၊ ဓာတ်အားဖြင့် စီရင်ထားတဲ့ စိန်သန်လျက်ကိုရွှေလက်တော်နှင့် မကွာသင့်ပါ၊ ငတူးက ပြောတာဟာ လှောင်တာလား၊ ခေတ်သဘောလား...."

"ထိုအခါ ရွှေရွှေသည် စဉ်းစားသကဲ့သို့ ရှိနေ၏။ ၎င်းအား ရွှေရွှေတို့ ကိုးကွယ်ဆည်းကပ်ထားသော ရသေ့ဆရာတော်တစ်ပါးက ဓာတ်နှင့်စီရင်၍ အပ်ထားသည့် စိန်သန်လျက်ဖြစ်နေခြင်းကို ဤမင်းသားသည် အတပ်သိ၍ပင် ပြောလေသလော၊ အတတ်ပညာအားဖြင့်–ဖြစ်တတ်သည့် သဘောကို ကျွမ်းကျင်သောကြောင့် မှန်းဆ၍ပင် ပြောလေသလော၊ ရွှေရွှေသည် သာ၍ထူး၍ အံ့သြသည်ကား ဤသို့ဖြစ်၏။

mgyoe.com

mgyoe.com



နတ်သမီးရွှေပြည်တော်၌ ပင်တိုင်ပျော်သဘောနှင့် တင့်မြင့်နေသည့် ရွှေရွှေသည် တစ်နေ့သောချိန်ခါ၊ နေသာသာ သာဒရတွင် ဉယျာဉ်တော်၌ တစ်ကိုယ်တော်တည်း နှင်းပန်းများမှ ပန်းဝတ်ရည်များနှင့် ချိုယူကာ ပျော်နေသော ပျားပိတုန်းများကို ကြည့်နေ၏။ ထိုအခိုက်အတန့်၌ အလွန့် အလွန်ရွှေရွှေသည်ကြည်၍ ရာသီဥတုအားဖြင့် အချိန်ကိုတီသကဲ့သို့ ရှိနေ၏။ ထိုအခါတွင် ပျားပိတုန်းတို့ကြားမှ ဖြုတ်ခနဲ ဝိဇ္ဇာဓိုရ်သည် မင်းသားတို့အဝတ်တန်ဆာကို ဆင်သကာရောက်လာ၏။ မဟာသွေး စစ်စစ် အချစ်ညှိကို မသတိဖူးသေးသော ရွှေရွှေသည် ရုတ်တရက်လန့် ကာ စိန်သန်လျက်ကို ကောက်ပြီးလျှင် ကိုင်တော့၏။

ထိုအခါ ဝိဇ္ဇာဓိုရ်သည် လှပလွန်းသော မင်းသမီးများဟာ ချစ် ကျွမ်းလောက်အောင် ပူပြင်းလှပါတကားဟု နှုတ်မြွက်ကာ ကောင်း ကင်ခရီးဖြင့် ပြန်သွားဖူးလေ၏။

ထိုသို့သော အခြင်းအရာကို ရွှေရွှေသည် သတိရလာသဖြင့် ဤ မင်းသားသည် ငါ့အဖြစ်အပျက်ကို အတပ်သိနေပြီလော၊ ဘယ်လို သဘောနှင့်သိနိုင်သလဲ၊ ၎င်း၏တက္ကသိုလ်မှ တတ်လာခဲ့သော အတတ် ပညာဖြင့် သက်သေလုပ်ကာ ပြယုဂ်လုပ်ဆို၍ ဆိုလေသလော၊ တက္က သိုလ်၊ တက္ကသိုလ်၊ တက္ကသိုလ်မှာ အကြံ၊ သီလံမှာအလေ့၊ တက္က သီလံ၊ သာပေါင်းခရတဲ့ ကျောင်းတော်ယံမှာ အတတ်ပညာကို စုံခဲ့သဖြင့် သူသိလေသလောဟု ရွှေရွှေသည် တွေးဆကာ စဉ်းစားသကဲ့သို့ ရှိနေ၏။

"ထိပ်ထားဘယ်လိုဘာလို စဉ်းစားတော်မူ၍ တွေးဆတော်မူနေပါ သလဲ...."

"မောင်တော်မင်းသားပါကပဲ၊ ဖန်ခေါင်းတုံးနှင့် လောကမှာ သုံးနေ တော်မူတာ မလျော်ပါ...."

"ထိပ်ထား သိကြား၊ နတ်များဟာလည်း ခေါင်းတုံးတိုတိုပဲ...."

mgyoe.com

mgyoe.com


"အို.....မောင်တော်ကလည်း....."

"ထိပ်ထား သတိပြုတော်မူပါလေ၊ ထိပ်ထားထံ ဆေးစက်ကျရာ အရုပ်ထင်သည့် ပန်းချီအနုပညာများက နတ်သားရုပ်၊ သိကြားရုပ်ရေးပြီး ဆက်သွင်းသောအခါတွင် နတ်သားရုပ်၊ သိကြားရုပ်များတွင် သျှောင်နှင့်ဦးရစ်နှင့် ရွှေဖော့လုံးနှင့်ရေးပြီး ဆက်သပါသလား...."

"မောင်တော်က ဘယ်လိုဆိုချင်ပါသလဲ...."

"အဲသည် သိကြား၊ နတ်သား၊ နတ်သမီးတို့ဟာ ခေါင်းတုံးနှင့်ဖြစ်သောကြောင့် ဗေါင်း၊ နားတောင်းနှင့်စည်းပုံဆောင်းကာ၊ ရေး၍ ဆက်သွင်းသည်မဟုတ်တုံလော၊ နဂါးမရုပ်များမှာဖြင့် လူယောင်ဖန်ဆင်းကာ ရေးရာတွင် ဆံပင်ဖားလျားနှင့် မြင်ဖူးပါရဲ့...."

"မောင်တော်ဟာလေ အတော့်ကို စကားတတ်တာပဲ...."

"စကားတတ်ရုံနှင့်မဆုံးပါနှင့် ထိပ်ထားစဉ်းစားတော်မူမှပေါ့၊ အဘယ်မှာသျှောင်ထုံး၊ ဆံထုံးနှင့်နတ်၊ သိကြား၊ နတ်သမီးရုပ်ပုံများကို ထိပ်ထားမြင်ဖူးပါသလဲ၊ ပြီးတော့ ဝိဇ္ဇာများဟာ ဖန်ခေါင်းတုံးတွေ...."

"ပြောလေ့မယ်..."

"မြင်ဖူး၊ တွေ့ဖူးတဲ့သူများကဖြင့် ဟုတ်ပေါင်၊ ဝိဇ္ဇာဆိုတာမင်းသားလှလှကလေးလို မင်းသားစစ်သူကြီးလို နတ်သားလိုပြောကောင်းပြောမှာပဲ...."

"မောင်တော်ကိုလေနားထောင်....နားထောင်ရင် အင်မတန်ကို အံ့ဩလာတာပဲ..."

"ဒါဖြင့် ဤမျှနှင့်နိဂုံးပေါ့..."

"ဟော....ဘုရား....ကတဲ....မောင်တော့်ကိုလေ ဆက်ပြီးမိန့်တော်မူပါ...."

"ဝိဇ္ဇာဆိုတာ အများအားဖြင့် သူခိုးတွေ၊ သူခိုးဝိဇ္ဇာရှိနေပါတယ်..."

mgyoe.com

mgyoe.com


"ဪ....မောင်တော့်စကားဟာ အင်မတန်နက်ပါတယ်၊ ဝိဇ္ဇာဟာ သူနိုးရယ်လို့...."

"ဒါဖြင့်....."

"ဘာဒါဖြင့်လဲမောင်တော်...."

"မဒါဖြင့်ပါဘူး၊ မသင့်သူအပေါ်မှာ ကျလိမ့်မယ်၊ ဆက်၍နားသာတော်မူပါ၊ ဝိဇ္ဇာဟာ ဝိဇ္ဇာသာဖြစ်တယ်၊ အဝတ်ကိုမလုပ်တတ်ဘူး...."

"ခုမှစဉ်းစားမိတယ်...."

"လျှော်တေကိုထုပြီး မဝတ်နိုင်တဲ့၊ မဝတ်ချင်တဲ့၊ ပျင်းတဲ့ဝိဇ္ဇာကတော့ ဈေးတန်းသွား၊ ဖျင်ပိုင်းဝယ်၊ ရွှေငွေကိုတော့ သူတို့လုပ်တတ်တယ်၊ ရွှေငွေကို အရက်ကာကွယ်စေတဲ့ အဝတ်ဝတ်လို့မဖြစ်"

"ဟုတ်ပါတယ်"

"ဖျင်ပိုင်းကိုဝယ်နိုင်ပေမဲ့ ချုပ်စရာအပ်နှင့် အပ်ချည်မရှိ၊ ဝိဇ္ဇာမှာ ဓာတ်လုံး၊ ပြဒါးပြာနှင့် ရွှေငွေသာ ရှိတယ်၊ အဲသည်တော့ အဝတ်ချုပ်ဖို့ခက်၊ အချို့အရပ်မှာ ဤပြည်သား၊ ဤပြည်သူလို့ ထန်းဖူးပေတို့ကို တံဆိပ်နှင့် ပြနိုင်မှ အဝတ်ဝယ်ရနိုင်လို့ အချို့ဝိဇ္ဇာများဟာ အဝတ်ပုံ့သကူကောက်ရရှာတယ်...."

"ဟုတ်ပါရဲ့ တွေးမှပေါ်တယ်...."

"ဈေးထဲမှဝယ်ခဲ့တဲ့ အဝတ်၊ ပုံ့သကူရတဲ့ အဝတ်များအပ်ချုပ်သည်ထံမှာ အပ်ရရှာတယ်၊ အဝတ်ဝတ်ရဖို့ ဝိဇ္ဇာဟာ ခဲယဉ်းပုံ...."

"တွေးဆရင်း....သည်ရောက်တာပဲ"

"ဒါပေမဲ့ အချို့ဝိဇ္ဇာဟာ စစ်သူကြီးလိုဝတ်လာတယ်၊ မင်းသားလိုဝတ်ထားတယ်လို့ တွေ့ဖူးကြုံဖူးသူများရဲ့ မှတ်တမ်းအရသိရပါတယ်"

"မိန့်တော်မူပါ...."

mgyoe.com

mgyoe.com


"အဲသည်အဝတ်များကို သည်ဝိဇ္ဇာများဟာ အဘယ်ကရပါသလဲ၊ ဘယ်လိုအပ်ချုပ်သည်တော်က ချုပ်ပေးမှာလဲ၊ အဲသည်တော့ အဲသည့်မင်းဝတ်စိုးတန်အဝတ်များကို ဝတ်ဆင်လာတဲ့ဝိဇ္ဇာများဟာ သည်အဝတ်ရှိသူထံက ခိုးယူတာဖြစ်ရမယ်"

"ဟုတ်ပါတယ်...."

"အဲသည်တော့ အဲသည်လိုဝိဇ္ဇာဟာ သူခိုးဝိဇ္ဇာမဟုတ်ပါလား၊ စဉ်းစားတော်မူပါ...."

"ဒါပေမဲ့ သူတို့မှာ တန်ခိုးပါတယ်....."

"ဟုတ်ပါတယ်၊ သတ္တဝါတိုင်းမှာ သဘာဝရောင်ရှိန်ဆိုတဲ့ တန်ခိုးဟာ ကံ,ကံ၏အကျိုးအလျောက် ပေါ်လာတော့ သူခိုးမှာလည်း တန်ခိုးနှင့် စားပြမှာလည်း တန်ခိုးနှင့် ယုတ်စွအဆုံး မြွေမှာလည်းတန်ခိုးနှင့် ပင့်ကူမှာလည်း တန်ခိုးနှင့်"

"ခက်တယ်နော်၊ သည်တန်ခိုးတွေဟာ ကြောက်စရာပဲ....."

"ကြောက်ရွံ့ဖွယ်မရှိ ထိပ်ထား..."

"ဘယ့်နှယ် ဝိဇ္ဇာတန်ခိုးရှင်ပါကပဲ...."

"ထိပ်ထားစဉ်းစားတော်မူပါ...."

"မှန်လှပါ...."

"လူမှာ အကျင့်ကိုလိုက်ပြီး သာမန်အားဖြင့် အနိမ့်စား၊ အလတ်စား၊ အမြတ်စားဟူ၍ရှိပါတယ်၊ ဒါဟာ အဆင့်အတန်းပါပဲ...."

"မိန့်တော်မူပါ...."

"အမြတ်စားများမှာ သူတစ်ပါးအပေါ်မှာ ဖြူစင်သောသဘောကို ထားရမယ်၊ သတ္တဝါတိုင်းကို သနားရမယ်ကောင်းစားသူကို ဝမ်းသာရမယ်၊ (သူ့ကုသိုလ် အကျိုးပေးနှင့်သူကိုး) ကိုယ်ကျိုး၊ ကိုယ့်စီးပွားကို မငဲ့ကွက်ဘဲ၊ သူ့အကျိုးစီးပွားကို လိုလားသမှုနှင့် ကိုယ့်အင်အား အခွင့်

mgyoe.com

mgyoe.com


အရေးအလျောက် ဆောင်ရွက်ရမည်"

"ဩော်...."

"အဲသည်လိုသူကို ဘယ်လိုမကောင်းပြုသူကမျှ မအောင်နိုင်၊ လူမှာ နောက်ဆုံးအစမပတ်ခဲ့သော် လိုက်လတ္တံ့သော မကောင်းမှုအကျိုးဟာ ထိုသည့်သူမှာ တန့်ရပ်ပါမယ်"

"မောင်တော် စောဒကဝင်တော့မယ်"

"ဝင်တော်မူပါ...."

"လူတစ်ယောက်ရဲ့အသက်ကို သတ်သော လူတစ်ယောက်အား သေစားသေဒဏ်ပေးရတော့မယ်၊ ဒါကို သနားနေရမှာလား...."

"ထိပ်ထားစဉ်းစားတော်မူမှပေါ့၊ လူတစ်ယောက်သည် လူတစ်ယောက်ကို မသတ်နိုင်၊ သူ၏ ဝိပါက ကသာ သူ့ကိုသတ်သည်၊ သို့သော် ခံရသူမှာ ဝဋ်ဟောင်းပြုသူမှာ ဝဋ်သစ်၊ နိုင်ငံတော်ဥပဒေသည် ရာဇဝတ်မှုကျူးလွန်သော တရားခံကို ပြစ်ဒဏ်ပေးသည့်ဥပဒေသည် ပေးနိုင်သလော၊ ရာဇဝတ်သားတရားခံ၏ ဝိပါက ကသာ ပြစ်ဒဏ်ပေးလေသည်။ ကိုင်း....ဘယ်မှာလဲ ပြုလုပ်သူနှင့်ခံရသူ၊ ပြုလုပ်သူသည် ဘဝ၊ ဘဝက အကျင့်ခံရသူသည် ဝဋ်၊ အဲသည်တော့ သတ္တဝါကို သနားရမည်"

"ရွှေရွှေနားပေါက်ပြီ၊ အလင်းကိုရပြီ၊ မောင်တော်ကိုရွှေရွှေဘယ် လိုမှ မမေ့နိုင်တော့ပါကလား...."

"မိတ္ထီလာရွှေပြည်ကြီးကို စည်ထိးနှင့်ခရိုင်နိုင်ငံမိုးချုပ်၊ စိုးအုပ်မဲ့ဟာကပဲ မေ့တော်မူပါ ထိပ်ထား...."

"အိုး....သည်စကားမျိုးကြားချင်ပေါင်"

"ခုမှ မကြားချင်လို့မဖြစ်ဘူး ထိပ်ထား...."

ထိုသို့ပြောနေကြသည်တွင် တပ်မှူးနှစ်ယောက်သည် နယ်ပုံတော်

mgyoe.com

mgyoe.com

များ သတ်မှတ်ပြီးကြောင်းကို လာရောက်လျှောက်တင်ကြလေ၏။

"မောင်တော်ဘယ်နေ့ ပြန်တော်မူမှာလဲ...."

"နက်ဖြန်အရုဏ်တက်စောစော စခန်းရွှေ့ပါမယ်...."

"နက်ဖြန်တစ်ရက်ဆိုင်းတော်မမူနိုင်ဘူးလား...."

"ကိစ္စတာဝန်က အလွန်များပါတယ်၊ အချိန်ကိုမဖြုန်းသာပါ...."

"ရွှေရွှေကိုမောင်တော်က ကွယ်ပျောက်ဖြစ်တော်မူသေမဲ့၊ ရွှေရွှေ ကဖြင့် မောင်တော်ကို ဘယ်တော့မှမေ့မှာမဟုတ်ပါ"

"ငတူးဟာ မေ့ပျောက်တတ်တဲ့သူမဟုတ်ကြောင်းကို သိသင့်လျှင် သိရပါလိမ့်မယ်....."

ထိုသို့ပြောဆိုပြီးသော် ရွှေရွှေသည် မိမိ၏ တပ်စခန်းသို့ ပြန်လေ၏။ မင်းသားတူးသည်လည်း နောက်တစ်နေ့စောစော နယ်ခြားသတ်မှတ်သည့် ကိစ္စပြီး၍ စခန်းသစ်သို့ ရွှေ့လေ၏။

မင်းသားတူးတို့၏အဖွဲ့သည် ရွာမကြီးတစ်ရွာသို့ရောက်၍ ရေမိုးသင့်ရာနေရာတွင် တပ်စခန်းချရပ်နေလေ၏။ တပ်မှူးလည်း နောက်ပါတပ်သားသုံးယောက်နှင့် အရပ်ဝတ်အရပ်စားများကိုဝတ်၍ ရွာတွင်း၌ ဆန်,ဆီစသော ချက်ပြုတ်ရန် ဟင်းသီးဟင်းရွက်တို့ကို ဝယ်ခြမ်းရာ၊ လွယ်ကူစွာပင် သက်သာသောဈေးနှင့် ရသဖြင့် တပ်မှူးသည် စခန်းသို့ပြန်ပြီးလျှင် နံနက်စာကို တပ်သားများနှင့် စီမံနေလေ၏။

မင်းသားလည်း သာမန်တောသား ထင်းခုတ်သမားကဲ့သို့ ထင်ပြီးသော် လူတို့၏ လုပ်ကိုင်နေပုံကို အကဲခတ်နေလေ၏။

ထိုရွာမှာ နှမ်းများစွာထွက်သော ရွာဖြစ်၍ အခြားစပါးထွက်သော ရပ်ကွက်များက လာရောက်ပြီးသော် ဆန်နှင့်ဆီအား လဲလှယ်ရောင်းဝယ်နေခြင်းကို တွေ့ရ၏။ အခြားပဲစသော အသီးအနှံတို့ကိုလည်း ဆန်၊ ချည် စသည်တို့နှင့် အသီးအနှံချင်းလဲလှယ်ရောင်းဝယ်နေကြ၍ အသပြာ

mgyoe.com

mgyoe.com


ငွေမှာ ထိုရွာ၌ တန်ဖိုးများစွာ မရှိသကဲ့သို့ ဖြစ်နေသဖြင့် မင်းသားတူးသည် ဤရွာ၌ လူတို့ကိုဖလောင်ဆူစေသော အသပြာသည် တန်ဖိုးနိမ့်ရန် အစပျိုးလာပြီဟု တွေးရမလို သဘောသက်ရောက်စ ဖြစ်လာ၏။

ရွာမှ ရွာစိုးသည် မင်းသားသည် မည်ကဲ့သို့ လျှို့ဝှက်ကာစခန်း ချရပ်နေသော်လည်း မင်းသား၏အဖွဲ့မှန်းသိသဖြင့် ရွာမှလူကြီးများနှင့် မင်းသားထံလာရောက်ကြ၏။ သို့ရာတွင် မင်းသားကိုမတွေ့ရသေး သဖြင့် အမှုထမ်းများနှင့်စကားပြောဆိုကာ တပျော်တပါးရှိနေကြ၏။

မင်းသားကား သာမန်အဝတ်အစားနှင့် ပြန်လာကာလ၊ ရွာစိုးသည် မင်းသားထံဦးခိုက်၍၊ ကိုယ်တော် ကိုယ်တော်က ဘယ်လိုရုပ်ဖျက်ကာစ နဲ့ ပြုစေပေမဲ့ ကျွန်တော်မျိုးတို့ရွာက ကိုယ်တော့်ကိုအကုန်သိ...."

"ဘယ့်နှယ် ကျေးရွာသားများ ပျော်ပျော်ရွှင်ရွှင် ရှိကြရဲ့လား...."

"ရှိကြောင်းပါ...."

"လာမည့်နှစ်မှာ တောင်သူအလုပ် ဘယ်လိုနေမလဲ...."

"ယခုထက်တိုးတက်ပြီး လုပ်ဖို့ရာ အားခဲနေကြကြောင်းပါဘုရား"

"ဘာကြောင့်လဲ၊ ကြေးငွေရွှင်လို့လား...."

"မဟုတ်ပါ၊ တောင်ယာလယ်တော၊ ကိုင်းတောမှာ ထွက်တဲ့အသီး အနှံများဟာ တိုင်းပြည်ရဲ့အသက်သခင်ဖြစ်နေတာနှင့် တိုင်းပြည့် အကျိုးကို ထိပ်ထားစေ ပြောပြသည့်အတိုင်း လိုလို့ပါဘုရား...."

"သည်ရွာကလူများဟာ ငါးပိ၊ ငါးခြောက်၊ ဆား၊ အိုး၊ အထည် အဝတ်စသည်တို့ကို ဈေးချိုချိုနှင့် လိုသလောက်ရကြပါရဲ့လား...."

"ရကြောင်းပါဘုရား၊ ပန်းပဲများကတောင် ဓားကောင်း၊ ထယ် ကောင်း၊ တံစဉ်ကောင်းထွက်ပြီး ဈေးချိုနေလို့ အင်မတန်ဝမ်းသာနေ ကြပါတယ်ဘုရား...."

ထိုသို့ပြောနေစဉ် ရွာသားများသည် တောဝက်သားနှစ်ပေါင်း၊

mgyoe.com

mgyoe.com


သမင်ပေါင်နှစ်ပေါင်ကိုယူ၍ ပို့လာကြလေ၏။ ထိုအခါ ဗိုလ်မှူးကလေး ကျော်စောသည် လာပို့သူများအား ထိုက်တန်သောအသပြာကို ထုတ်ပေးလေ၏။

"ကိုကျော်စော ခင်ဗျားက ဗိုလ်မှူးဖြစ်လာလို့ ဆီးပြီးပါးကိုချတာလား...."

"ကိုတိုးကြီးယူဗျာ...."

"မယူ...မယူ...လာကြဟေ့ ထင်းရေအလုံအလောက် ပို့စရာရှိသေးတယ် ဆိုကာ ကိုတိုးကြီးတို့လူတစ်စုသည် ပြန်သွားလေ၏။

"ကိုင်းဗျာ ရွာစိုးကြီး....ရော့ပါအသပြာ"

"ကိုကျော်စောခင်ဗျား၊ မိဖုရားကြီးနှင့် တပ်သားကလေးအဖြစ်ဖြင့် ပါလာကတည်းက ကျွန်တော်တို့နှင့် အသိ၊ ကျွန်တော်တို့ တံစိုးထိုးကာမဟုတ်၊ ကျွန်တော်တို့ မိဖုရားကြီးက ငထောင်လောင်၊ နင်ငါ့ကို ချစ်တယ် လေးစားတယ်ဆိုရင် သည်ရွာမှာ ရွာစိုးလုပ်ဆိုလို့လုပ်နေတာ..."

"ခင်ဗျာ၊ သိပါတယ်ဗျ..."

"ယူမှာပေါ့ ရွာစိုးကြီးရဲ့..."

"ကိုယ်တော့်နှယ်..."

"သည်အသားတွေက ဘယ်လိုရတာလဲ"

"တောဝက်ကြီးနှစ်ကောင်ဟာ တစ်ကောင်နှင့်တစ်ကောင် ထိုးပက်ပြီး ရွာထဲရောက်လာတော့ လူရော၊ ခွေးရော ဝိုင်းကြကာ ဟော့တောကောင် ရွာထဲဝင်တာ မကောင်းဘူးဟု ရွာစာသင်ဆရာကဆိုတာနှင့် သတ်ကြလို့ ဝက်ကောင်ကြီးနှစ်ကောင် စန့်တာပါဘုရား၊ အဲသည် တောဝက်သားပေါင်ပါ၊ တစ်ရွာလုံးဝက်သားကို အိမ်စေ့ရကြပါတယ်ဘုရား..."

mgyoe.com

mgyoe.com


"သမင်ကကော..."

"သမင်ကြီးနှစ်ကောင်ဟာလည်း တစ်ကောင်နှင့်တစ်ကောင်သဲသဲမဲမဲ ခတ်ကြရာ၊ ချိုချင်းယှက်ကာ ဖြုတ်မရလို့ နှစ်ကောင်လုံး သေကြရပါတယ်ဘုရား...၊ သမင်မတစ်ကောင်အတွက် ထင်ပါတယ်ဘုရား..."

"အင်း...သာစကေကောင်းပဲ၊ ရွာစိုးကြီးရဲ့ ရွာထဲတောကောင်ဝင်တာ မကောင်းဘူးဆိုတာ ဒါမဟုတ်ဘူး ခင်ဗျ..."

"အမိန့်ရှိပါကိုယ်တော်..."

"ရာဇဝတ်မှုကျူးလွန်လို့ မင်းမှုထမ်းများကဖမ်း၊ အဖမ်းမခံဘဲ တောထဲမှာတိမ်းရှောင် ခိုအောင်းနေတဲ့လူဟာ ရွာထဲကိုဝင်လာရင် ရွာကလက်မခံရဘူး၊ လက်ခံရင် ရွာနာတယ်...၊ ဖမ်းပြီးပို့ရင် တိုင်းသူပြည်သားပီသတယ်၊ ဒါကိုဆိုတာဗျာ..."

"ကိုယ်တော်အမိန့်ရှိမှ သိတော့တယ်..."

* * *

မင်းသားသည် ထိုရွာ၌ တောနေလူထုအကြောင်းကို ကိုယ်တိုင်စုံစမ်းသိရှိရသဖြင့် ဤလူစုထံ သဘောတရားအစစ်အမှန်သည် ရောက်လာ၍ တိုင်းပြည်သစ္စာကို စောင့်ထိန်းကြမည်ဟုယူဆကာ အထူးအားကိုးသောသဘောနှင့် ရွာလူထုအား ဤရွာကလာမည့်နှစ်တွင် အခွန်တော်လွတ်ငြိမ်းရမည်ဟု မိန့်တော်မူလေ၏။

ထိုအခါ ရွာလူထုသည် မခံမရပ်နိုင်ဘဲ ဆူကြလျက်၊ ကိုယ်တော်ကျွန်တော်မျိုးတို့ အခွန်တော်၊ အတုတ်တော်မပေးဘဲ မနေနိုင်ပါဘုရား...၊ ပြည်နာမှာနှင့် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး ညိုးငယ်မည်ကို စိုးရိမ်လှပါသည်ဘုရားဟု တစ်ယောက်တစ်ပေါက်ဆိုကြသဖြင့် မင်းသားသည် လက်လျှော့ခဲ့ရလေသည်။

mgyoe.com

mgyoe.com


မင်းသားသည် နယ်ပုံတော်ရေးရင်း ထိုကဲ့သို့ ရွာများတွင် ဝင်ရောက်စနည်းပြုလေရာ ကျေးရွာသားများသည်၎င်းတို့၏စိတ်တိုင်းကျ လုပ်ကိုင်စားသောက်နေထိုင်ကြရသဖြင့် အလွန်ပျော်ရွှင်စွာရှိသည်ကို တွေ့ရလေ၏။ မင်းသားရောက်ခဲ့သော ရွာတိုင်းလောက်ပင် တိုင်းပြည်အတွက် အလုပ်လုပ်ကြရသည်ဟု ယူဆကြခြင်းများ၍ တိုင်းပြည်သစ္စာကို တကယ်ပင် စောင့်ထိန်းကြမည်ဟု ယူဆလေ၏။

ကျေးရွာများ၌ အများအားဖြင့် တစ်ရပ်နှင့်တစ်ရပ် မြေပေါက်အသီးအနှံတို့ကိုလဲလှယ်ကာ ရောင်းဝယ်နေခြင်းများ၍ ကြေးငွေကို ၎င်းတို့သည် မက်မက်စက်စက်မရှိကြောင်းကို မင်းသားတူးသည် တွေ့ရှိရ၏။ ထိုမှတစ်ပါး ဘုရင့်အစိုးရအမိန့်ကို တောလက်ကျေးရွာများသည် အဘယ်ကြောင့် ကောင်းစွာလိုက်နာ၍ သစ္စာရှိရှိနှင့် လုပ်ကိုင်စားသောက်နေထိုင်ခြင်းကိုလည်း မင်းသားတူးသည်တွေ့ရ၏။

ထိုရပ်ကွက်ရှိ ကျေးရွာများမှ များသောအားဖြင့် အသောက်အစားလောင်းကစားကင်းကြသည့်ပြင် အလဟဿပျော်ရွှင်မှုတို့သည်လည်း ကင်းသလောက်ဖြစ်ပြီးလျှင်အလုပ်ကိုသာလျှင်သဲသဲမဲမဲ ရှိကြလျက် တစ်နှစ်တွက် ဝမ်းစာမှ ပိုသောမြေထွက်အသီးအနှံတို့ကို ရပ်ကွက်ဆိုင်ရာ၊ ရွာစိုး၊ ကလန်၊ မြေတိုင်၊ သံပျင်တို့နှင့် ရပ်ကွက်လူကြီးများ သဘောတူပြဋ္ဌာန်းထားသော ဈေးနှုန်းအတိုင်းသာ ရောင်းချကြလေ၏။ အကြီးအကဲများကလည်း မိမိတို့ပြဋ္ဌာန်းထားသည်ထက် ရောင်းချသူသည် တိုင်းပြည်ကို နှိပ်စက်ညှဥ်းပန်းသူဟု ဆုံးမတားမြစ်ထားကြ၏။

ထိုအကြောင်းကို မင်းသားတူးသည် ကောင်းစွာသိရှိသဖြင့် ငါ့အတတ်ပညာဉာဏ်နှင့်ပြည့်စုံသည်အတိုင်း ငါ့တိုင်းပြည်သည် တန်ခိုးကြီးသောနိုင်ငံဖြစ်သည်ဟု အလွန်အားတက်ကာရှိလေသည်။

"ကြာသည် ရေပေါ်အမြဲတည်ရသည်..."

mgyoe.com

mgyoe.com


"လွတ်လပ်စွာ လုပ်ကိုင်စားသောက်နေထိုင်ရသော တိုင်းသူပြည်သားတို့သည် ဘုရင့်အလိုကိုနှစ်နှစ်ကာကာ လိုက်လျောတတ်၍ တိုင်းပြည်တန်ခိုးကြီးနိုင်သည်..."

မင်းသားတူးသည် နယ်ပုံတော်သတ်မှတ်ရင်း တောလက်ကျေးရွာတို့မှ စနည်းကိုယူပြီးသော် နေပြည်တော်သို့ ပြန်ရောက်လေပြီ။

မင်းသားတူးသည် အတတ်ပညာရှိသည်နှင့်အညီ သဘာဝကို မဆန့်ကျင်မှု၍ ကျနစွာတိုင်းပြည်အတွက် အလုပ်လုပ်သည်ဖြစ်ခြင်းကြောင့် တိုင်းပြည်ကိုချစ်ရာရောက်မည်လော၊ ၎င်းသည် အချိန်ကို မဖြုန်းတီးဘဲ ကြိုးစားလျက်အလုပ်လုပ်၏။

တိုင်းပြည်ကိုချစ်၍ ကြိုးစားကာ အလုပ်လုပ်သော်လည်း သဘာဝကို ကရော်ကမည်ပြုရာရောက်ခဲ့ချေသော် ထိုအလုပ်သည် တိုင်းပြည်ကိုနှိပ်စက်ရာသာ ရောက်သတတ်ဟု ၎င်းသည်အလွန်စိုးရိမ်ကာရှိလေသည်။

၎င်းသည် နေပြည်တော်သို့ ပြန်ရောက်၍ ခမည်းတော်မယ်တော်ကို ကန်တော့ပန်းဆင်ပြီးနောက် အတွင်းဝန်မင်းနှင့်တွေ့ဆုံပြီးလျှင် နောက်တစ်နေ့တွင် အိမ်တော်၌နားနေခြင်းမပြုဘဲ လွှတ်တော်သို့တက်လေ၏။

လွှတ်တော်သို့ရောက်သောအခါ ဝန်ထောက်မင်းက အယူခံတရားစာထုံးကို တင်ပြလေ၏။

ထိုတရားကား ဤသို့ဖြစ်၏။

မြောက်ပြင်မိထူးကဦးစီး၍ အမျိုးသမီးတစ်စုက မခံရပ်နိုင်သောကြောင့် ပန်းသည်မကလေးတစ်ယောက်အတွက် အယူခံပေးသောအမှုဖြစ်၏။ အမှုကားဤသို့တည်း။

မြောက်ပြင်မှ သူကြွယ်ဦးဒေါနသား မောင်ပန်းသည် အပျိုလူပျို

mgyoe.com

mgyoe.com


သဘာဝ ပန်းသည်မလေး ညွန့်ညွန့်တင်နှင့်ချေင်သဖြင့် ညွန့်ညွန့်တင်မှာ ကိုယ်ဝန်ရှိပြီးသော် သမီးကလေးတစ်ယောက်ကို မွေးဖွားရ၏။ ၎င်းအတွက် ညွန့်ညွန့်တင်က ၎င်းကိုတောင်းရမ်းယူရန် သို့မဟုတ် လျော်ကြေးပေးရန် မြောက်ပြင်တရားသူကြီးရုံးတွင် တရားစွဲဆိုရာ မောင်ပန်းက သူသည် ညွန့်ညွန့်တင်ထံ သွားလာမှားယွင်းဖူးကြောင်း ကိုဝန်ခံ၏။ သို့ရာတွင် ညွန့်ညွန့်တင်ကို ဖာသည်မအဖြစ်နှင့် အခပေးပြီး သွားလာပါသည်ဟု ခုခံ၏။

မောင်ပန်းသည် သက်သေသုံးယောက် အတည်တကျပေး၏။ ညွန့်ညွန့်တင်ကလည်း မောင်ပန်းသည် သူ့အားသုံးကြိမ်ငွေပေးဖူးကြောင်းကိုဝန်ခံ၍ တစ်ခါပေးသော် ဘော်နီသာခွာတစ်ခွက်ပေးကြောင်းကို ဝန်ခံ၏။

ထို့ကြောင့် ညွန့်ညွန့်တင်သည် မြောက်ပြင်တရားသူကြီးရုံးတော်၌ တရားရှုံးရလေသည်။

ထိုတရားကို ညွန့်ညွန့်တင်အတွက် မိထူးတို့အမျိုးသမီးတစ်စုက မခံနိုင်၍ အယူခံခြင်းဖြစ်လေသည်။

ထိုအယူခံ တရားထုံးအတွက် မင်းသားတူးသည် "အင်း၊ ကာမမေထုန်မှု..." ဟုအောက်မေ့ပြီးလျှင် တရားခံနှင့်သက်သေတို့ကို ငါးရက်ခွာကာ ချိန်းဆိုလိုက်လေသည်။

ထို့နောက် မြောက်ဘက်သာယာမြို့တွင် မြို့စိုးလစ်လပ်နေသဖြင့် မည်သူ့အားခန့်ထားသင့်ကြောင်းကို နှီးနှောကြလေ၏။ ထိုအခါ ဝန်များက မောင်ကျောက်ကိုသော်လည်းကောင်း၊ မောင်တောက်ကိုသော်လည်းကောင်း၊ ခန့်ထားရန်အကြံပေးကြလေ၏။

ထိုအခါမင်းသားက ကိုကျောက်နှင့် ကိုတောက်ဟာ အတတ်ဖညာကြွယ်ဝသူဖြစ်သည်။ သာယာမြို့မှ မဆန့်ဟု ဆို၏။ ဝန်ကြီးချုပ်သည်

mgyoe.com

mgyoe.com


မင်းသား၏စကားကို အလွန်အံ့အားသင့်၍ မည်သူနှင့်တန်ပါသလဲ ဟုမေး၏။

သာ်ယာမြို့၏မြောက်ဘက် နယ်စပ်သည် ကောသမ္ဗီပြည်ကြီးနှင့် အစပ်ဖြစ်ပါသည်။ ကောသမ္ဗီပြည့်ရှင်ဘုရင်မစောကေသီသည် ဆန်းကြယ်သောဖြားယောင်းမှု လှည့်ပတ်မှုအပြင် အလိုရမ္မက်ကြီးသော ဘုရင်မ ဖြစ်သဖြင့် မြောက်ဘက်နေမျိုးပြည်ထောင်ငယ်များကို သိမ်းသွင်းကာ နယ်ချဲ့ယူထားသောဘုရင်မဖြစ်သည်။ လူ့ဝကို အလိမ္မာဉာဏ်နှင့် မရဆိုသော နီတိစကားအရ ကိုကျောက်နှင့်ကိုတောက်တို့အားဖြင့် စောကေသီသည် ဖြုန်မည်မဟုတ်၊ ထို့ကြောင့် နွားသတ်ဂိုဏ်းအကြီးအကဲ လုပ်ခဲ့သူ ကိုကျော်ခိုင်ကို ခန့်ထားသင့်ပါသည်ဟု မင်းသားသည် ဆို၏။

"ဖြစ်ပါ့မလား...."

"ဖြစ်ကောင်းပါရဲ့.....စစ်မှူးကလေး ကျော်ထင်ကို နယ်စောင့်အဖြစ်ဖြင့် တပ်သားတစ်ရာနှင့် ထည့်လိုက်ပါ၊ စစ်မှူးကြီး၏ အာဏာကိုလည်း လွှဲအပ်လိုက်ပါ....."

မင်းသား၏ သဘောထားနှင့် အခင်းသွားကို လွှတ်တော်ဝန်များသည် အတော်ပင်အံ့အားသင့်ကြလေသည်။

မင်းသားသည်ထိုသို့စီမံပြီးနောက် တောင်ဘက်တစ်ခွင်မှ နယ်ပိုတော်ကို လွှတ်တော်ဝန်များအား ပုရပိုက်ဖြုပေါ်၌ ရေးသားလာခဲ့ခြင်းကို ပြ၍နယ်ပုံ၌ ရွှေရွှေ၏ ချိပ်တံဆိပ်နှင့် နတ်မီးပြည်မှ တံဆိပ်တော်လည်းပါလာလေ၏။

"မင်းသားနယ်တော်ဟာ ကျယ်လှပါတကား...."

"သူတို့ရဲ့ အာဏာကုန်လွှဲအပ်ထားတဲ့ မင်းသမီးနှင့်တကွ တပ်မှူးရဲ့ သဘောလေ...."

"ကိုယ်တော်ကလေးသဘောအတိုင်း မဟုတ်ဘူးလား...."

mgyoe.com

mgyoe.com


"မဟုတ်ပါ သူတို့ရဲ့ထိပ်ထားရွှေရွှေရဲ့ သဘောအတိုင်းပါ တွေ့ခဲ့ရသလား...."

"အနှယ်....ရွှေရွှေဟာ ရွှေရွှေဆိုတဲ့အတိုင်း တကယ်ချောတကယ်လှသရေ၊ သောက်ရေတော် သုံးတဲ့အခါများလည်း လည်ချောင်းထဲရေသွားတာကို မြင်ရတယ်ထင်ရလောက်တယ်....."

"ကိုယ်တော်ကလေးကျလာခဲ့ပြီ ထင်တယ်..."

"ဘတို့ နယ်ပုံတော်က သက်သေခံပါတယ်၊ ဘတို့ရဲ့ မင်းသားကမင်းသားချော၊ မင်းသားလှခင်ဗျ၊ ရွှေရွှေဟာတကယ်ထန်၊ တကယ်ထက်တဲ့ မင်းသမီးခင်ဗျ...."

လွှတ်တော်ဝန်များနှင့်အမှုထမ်းများသည် အပြုံးကြီး ပြုံးနေကြ၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏မင်းသားမှာ ခေါင်းတုံးတိုတိုနှင့်ကြောင့် ဖြစ်၏။

မင်းသားတူးသည် ၎င်းနှင့်ထိပ်ထားရွှေရွှေ တွေ့ရပုံအကြောင်းခြံလိုရင်းကို မှတ်သားလိုသူရှိက မှတ်သားရအောင် ရှင်းပြလေ၏။ လွှတ်တော်ဝန်ကြီးချုပ်က အင်း....ဉာဏ်လှဉာဏ်ချောတာဟာ သာပြီးအရေးအရာ ရောက်တာပဲဟု ဆိုတော့သည်။

"ဉာဏ်ကိုမသုံးတတ်သော သူတို့၏လုပ်ငန်းတွင် အမှားလေးပုံသုံးပုံသည် အမြဲပါနေတတ်သည်...."

ထိုနေ့တွင် ထိုသို့နှင့်လွှတ်တော်မှ ဆင်းလေ၏။ မင်းသားတူးသည် ထိုနေ့ည စားပွဲတော်တည်ပြီးသောအခါ အိမ်တော်မှ တစ်ကိုယ်တော်တည်းထွက်လေ၏။ ၎င်းသည် တောင်ပြင်သို့ ရောက်သောအခါ မီးစုန်းတိုင်တို့ဖြင့်သာယာထိန်လင်းစွာ တောက်ပနေသော ပြည့်တန်ဆာမတို့၏အိမ်သို့ အမှတ်တမဲ့တက်ရောက်သွားလေ၏။

ထိုအခါ လှပ၍ ကာမဂုဏ်ကိုမြှူးထူးစေကာ မေထုန်စိတ်ကို ကွန့်

mgyoe.com

mgyoe.com


မြူးစေခြင်းဖြင့် ဆောင်နေသည့်မွေးကြိုင်သင်းထုံလှပသော ညည့်ခန်း၌ ဝန်မင်းတစ်ပါးနှင့် ဖျော်ဖြေနေသော ပြည့်တန်ဆာမကို တွေ့ရလေ၏။

ဝန်မင်းသည် မျက်နှာပျက်၍ ကျားနှင့်တွေ့နေသောရွှေသမင်ကဲ့သို့ ဖြစ်နေ၏။ ပြည့်တန်ဆာမကား ကိုယ်တော်ကြွပါဟု ပျူငှာ၏။ မင်းသားတူးသည် ပြုံးကြည်ချိုသာလှသော သဘောနှင့် ဝန်မင်းကို လေးစားစွာနှုတ်ဆက်၏။ ပြည့်တန်ဆာမကိုလည်း အလေးအမြတ်ပြု၏။ ထို့နောက် ညည့်ခန်းနံရံတွင် အလှချိတ်ဆွဲထားသော ပုံတူတုံးလုံးရုပ်များကို ကြည့်ပြီးလျှင် ဤသို့ပြောနေ၏။

"အစ်မတော်ရုဗ်ပုံများက လှပပါရဲ့...."

"မိန့်တော်မူပါကိုယ်တော်...."

"သို့သော် ပန်းချီအနုပညာဆရာက မိန်းမသျှုတ္တရသဘောကို လိုသေးတယ်....."

"ဘာကြောင့်ပါသလဲဘုရား....."

"သည်မျက်နှာမျိုးနှင့် သည်နေရာဟာ သည်လိုနေရမယ်....၊ ဟောသည် နေရာမှာ သည်လိုရှိရမယ်၊ သည်နေရာမှာ သည်လို့ကိုပန်းနုရောင် မရှိရဘူး၊ ခရမ်းရောင်နုသန်းနေရမယ်၊ ပြီးတော့....."

"ကိုယ်တော်လေး...."

"အစ်မတော်မျက်နှာကိုကြည့်ပြီးပြောပြမလေ၊ အစ်မတော်ပြဝံ့ပါ့မလား၊ ဟောသည်နေရာမှာ စာဖြူကလေးပါတယ်၊ သည်နေရာက ချွန်တက်နေတယ်၊ ဟောသည်နေရာဟာခွက်နေတယ်...."

"ကိုယ်တော်လေး....."

"မှားသလား....အစ်မတော် ကောင်မလေးများကို ကြည့်ပြီးပြောရဦးမလား၊ အစ်မတော်တို့ ပြဝံ့ကြရဲ့လား...."

"ကိုယ်တော်ဟာ တကယ်ခက်တဲ့ကိုယ်တော်ပဲ...."

mgyoe.com

mgyoe.com


"မခက်နှင့်လေ...၊ အစ်မတော်ဟာ သည်ပြည်သူမဟုတ်ဘူး၊ အိမ်ရှေ့မင်းသားက အင်မတန်နှစ်သက်တာနှင့် အိမ်ရှေ့မိဖုရားရန်ကို ကြောက်လို့ အစ်မတော်ဟာသည်ကိုပြေးလာရတာ၊ အစ်မတော်ဟာ မျိုးသန့်ဆွေသန့်၊ မျိုးကြီးဆွေကြီးထဲကပဲ...."

ထိုပြည့်တန်ဆာမသည် မျက်ရည်ဝိုင်းသကဲ့သို့ ရှိလာ၏။ မင်းသားတူးလည်း ကိုင်းလေ....ပျင်းပျင်းရှိတာနှင့် လာတာမပြောတော့ပါဘူးဆိုတာ၊ ဝန်မင်းနှင့်ပြည့်တန်ဆာမကို လေးမြတ်စွာနှုတ်ဆက်ပြီး လျှင်ပြန်ဆင်းလာလေ၏။

မင်းသားသည် ထို့နောက်အရှေ့ပြင် ပြည့်တန်ဆာမသုနန္ဒာအိမ် သို့ အမှတ်တမဲ့တက်ရောက်သွား၏။ သုနန္ဒာအိမ်၌ အဆိုနှင့်စောင်းတီး ကာ ကောင်မလေးသုံးယောက်သည် ဝန်တစ်ပါးကိုဖျော်ဖြေသကဲ့သို့ ရှိလေ၏။ ထိုဝန်နှင့်သုနန္ဒာသည်တွဲကာ အသရေရှိရှိနှင့် ထိုင်နေ၍ ထိုဧည့်ခန်းက ကရမက်ဆီအနံ့ဖြင့် ထုံသင်းကာ လှိုင်လျက် မေထုန်မှုကို အားပေးကာရှိလေ၏။

သုနန္ဒာသည် မင်းသားကိုလေးစားသမှုနှင့် အထူးပျူငှာခြင်းကို ပြုကာ နှုတ်ဆက်၏။ မင်းသားတူးလည်းဝန်မင်းနှင့်သုနန္ဒာကို အထူးကြည်လင်ရွှင်ပျကာ နှုတ်ဆက်ပြီးနောက် စောင်းကောက်တီးသော ကောင်မလေးတစ်ယောက်ထံမှ စောင်းကောက်ကိုတောင်း၍ စောင်းကြိုးကိုညှိလိုက်ရာ သုနန္ဒာအိမ်တွင် သာမက အရှေ့ပြင်တစ်ပြင်လုံးမှ ပင်စောင်းသံသည် ကောင်းကင်ပေါ်က လှိမ့်ဆင်းလာသကဲ့သို့ သာယာလှစွာနှင့်ရှိနေသဖြင့် "ဟာ....စောင်းသံဟာ ကောင်းကင်ယံက သက်လာတယ်၊ နတ်စောင်းသံလား...." ဟု ထောမနာကြကာ နားဖိမ်ယူနေကြလေ၏။

"ကောင်မလေး လေးယောက်သီချင်းသံပြိုင်ညီညီဆို၊ ငါကစောင်း

mgyoe.com

mgyoe.com



တီးမယ်...."

"မဝံ့ပါဘုရား...."

"ကောင်မလေးတွေ ဝံ့ရတယ်ဆိုကြ၊ မင်းသားဟာ တာဝန်လိုကြိုးနှင့်ချည်၊ ကြိမ်နှင့်ရိုက်၊ ဓားနှင့်သတ်မလုပ်တတ်ဘူး...."

သုနန္ဒာသည်ပြုံးနေ၏။ သုနန္ဒာ၏အမှုဆောင်မိန်းကလေးလေးယောက်သည် သံပြိုင်သီချင်းကိုသာကြ၏။ သုနန္ဒာသည် စည်းလိုက်၏။ မင်းသားကား စပ်ဖြီးဖြီးနှင့် ဘထပြီးတော့ဖြင့်မကနှင့်လူကြီးကတာဟာ ကြည့်မကောင်းဘူး၊ မမနန္ဒာကတော့ တွဲကချင်မှာပဲဟု ပြောင်လိုက်၏။

မင်းသားသည်စောင်းတီး၊ ပြည့်တန်ဆာမ၏ အမှုဆောင်ကိုယ်လုပ်များက သီချင်းသာ၊ သုနန္ဒာက စည်းတီးသဖြင့် အလွန့်အလွန်သာယာနာပျော်ဖွယ် ဖြစ်နေ၍ မင်းသားသည်မည်ကဲ့သို့ စီမံလိုက်သည်မသိ၊ စောင်းသံစည်းသံတို့သည် အရှေ့ပြင်တစ်ခုလုံးကို လွှမ်းလျက်ကောင်းကင်မှ လိမ့်ဆင်းလာသကဲ့သို့ဟု ထင်မှတ်ရလေ၏။

ထိုသို့နှင့် သီချင်းရပ်၊ စောင်းသံရပ်သွားသောအခါ မင်းသားသည် ဤသို့ဆို၏။

"မယ်မကလေးတွေ ညည်းတို့ရဲ့အသံက ကောင်းပါရဲ့....၊ သီချင်းသွားလည်းကောင်းပါရဲ့....၊ ဒါပေမဲ့ ရယ်စရာနားငြီးစရာ...."

"ဘာကြောင့်ပါလဲဘုရား...."

"ညည်းတို့ရဲ့သီချင်းက တို့အလုပ်သမားတွေ တိုင်းပြည်ဝန်ကိုဆောင်မည်၊ ကုန်ထုတ်ပစ္စည်းနှင့်မြှင့်တင်မည်၊ အလုပ်အားဖြင့် တိုင်းပြည်ကို တန်ခိုးကြီးစေမည်ဟု ပါတယ်၊ ဖြစ်ပျက်နေတာကတော့ ဝန်တွေအစီအမံကောင်းလို့ အလုပ်သမားတွေမင်းမူနေတယ်၊ အလုပ်သမားတွေကိုကြောက်ရတယ်၊ အလုပ်ရုံတွေ အလုပ်မလုပ်နိုင်၊ ဝတ္ထုပစ္စည်းတွေ

mgyoe.com

mgyoe.com


မထွက်၊ လိုအပ်တဲ့အလုပ်ရုံတွေ မတည်ထောင်နိုင်လို့ မပါဘူး အဲဒါ
မှ....."

"ဘုရားကျေးတော်မျိုးမ တင်ပါရစေဘုရား....."

"ဆို၊ ဆို၊ ဆို၊ ညီမတော်ကလေး....၊ သံတိုင် အဆိုကောင်း...."

"ကိုယ်တော် တက္ကသိုလ်ကပြန်မလာမီ၊ ကိုယ်တော်ဆိုသလို၊ မှန်တန်တန်ပဲဆိုပါဘုရား....."

"မမသုနန္ဒာလူကအလာကြီး၊ လာမှာပေါ့လေ၊ လက်ကျကောင်းပဲဆို....."

"ယခုကိုယ်တော်နှင့် ထိပ်ထားသခင်မ၊ ကျွန်မတို့ရဲ့အရှင်မ၊ စောစောတို့ တက္ကသိုလ်ပြည်က ပြန်လာပြီးတဲ့နောက် အလုပ်ရုံတို့က အလုပ်သမားတွေဟာ တက်ညီလက်ညီလုပ်ကြလို့၊ ထုတ်ကုန်လုပ်ငန်းကြီးဟာ အင်မတန်ကြီးကျယ်နေပါတယ်ဘုရား...."

"အင်း...."

"အလုပ်သမားတွေဟာလည်း အင်မတန်ပျော်၊ အဆင့်အတန်းမြင့် ငွေရွှင်ကြတာကြောင့်ပါဘုရား....."

"ရင်ရင်....."

"မမသုနန္ဒာပြောပါစေ၊ ရင်ရင်ပြောပါ...."

"မဝံ့ပါဘုရား...."

"ဝံ့ရတယ် ပြောပါ၊ ပြောသာပြော....."

"အလုပ်သမားတွေ ငွေရွှင်သောကြောင့် ဖာသည်ကလေးတွေ တောင် အထူးပြောင်လက်နေပါတယ်ဘုရား....."

"အင်း....သူတို့လည်း လောကီသားတွေပဲကွယ်၊ ငါလိုလောကီမှာ ပဲပြော"

"ခုတော့ အရင်ကလိုမဟုတ်၊ အလုပ်ရုံမှာလိုအပ်တဲ့ပစ္စည်းတွေ

mgyoe.com

mgyoe.com



အလွယ်တကူရ၊ ထွက်တဲ့ပစ္စည်းတွေကို ဖောက်သည်လာယူသူပေါ၊ တစ်တိုင်းတစ်ပြည်က ကုန်သည်တွေက တင်ကြယူကြ၊ ပြီးတော့ ဘီးအလုပ်ရုံ၊ ယသွားနှင့် နှပ်အလုပ်ရုံ၊ သားရေနယ်အလုပ်ရုံ၊ ပုရပိုက်အလုပ်ရုံတွေတောင် တည်ထောင်ဖြစ်ထွန်းလာလို့၊ အလုပ်သမားရော၊ ပြည်သူတွေပါ အင်မတန်ဝမ်းသာနေကြပါဘုရား...."

"အင်း...."

"ဒါကြောင့်ကိုယ်တော်နှင့် ထိပ်ထားကို ဘုန်းတော်ဘွဲ့စာဖွဲ့ပြီး ဆိုကာ တင်မလို့ပါ၊ စာဆိုတော်အဖြစ်နှင့် ဆုလာဘ်များရမလားလို့ပါ ဘုရား....."

"ဟယ့်.....ရင်ရင်၊ ဘုန်းတော်ဘွဲ့ဆိုတာ ဆဲစာပဲ့...."

"ဟာ.....ကိုယ်တော့်နှယ်...."

"ဥပမာ ငါကွယ်ခေါင်းတုံးတိုတိုကြီးနှင့်ဟာကို နတ်မင်းသားကလေးလိုဆိုကာ စာဖွဲ့ရင်း ဆဲတာပေါ့၊ ဟုတ်မှမဟုတ်ဘဲ၊ မဟုတ်မမှန်တာကို ကောင်းပါပေလို့ ချီးကျူးနေတဲ့သူတွေဟာ မြှောက်သမားတွေ အဲသည့်အမြှောက်သမားတွေ၊ အဲသည်အမြှောက်သမားတွေ မြှောက်သလို၊ မြှောက်ရင်ကျဖို့ကိုသာပြင်ထား ကောင်မလေးတွေမလုပ်ပါနှင့်...."

"ရွှေပြည်တော်ဝန်မင်းရဲ့သမီး စိန်စိန်က နန်းတော်ကြီးနှင့် ဘုရင်မိဖုရားကြီးကို ဖွဲ့ကာ စာရေးတင်တာနှင့် စာဆိုတော်ဘွဲ့နှင့် စိန်တံဆိပ်ကြီးရပါတယ် ဘုရား....."

"အေးလေ....ငါသိပါတယ်....၊ ရွှေးချယ်တာက အတွင်းဝန်၊ ရွှေမြို့တော်ဝန်၊ ရွှေတိုက်စိုးတို့ပါ၊ စာဆိုတော်ဆိုတာ မှတ်ထား၊ တော်အောင်၊ ကောင်းအောင်အကျိုးရှိအောင် စာနှင့်ဆိုတာကို ခေါ်တယ်...၊ ဘယ်လိုဆိုသလဲ၊ မကောင်းတာ၊ မှားတာ၊ သဘာဝနှင့်မလျော်ဆန့်

mgyoe.com

mgyoe.com


ကျင်တာ၊ တိုင်းပြည်နာအောင် လူထုစိတ်မချမ်းသာအောင် ဘယ်လို ပြုပြင်လုပ်ကိုင်ရမယ်ဆိုတာကမှ စာဆိုတော်ဟဲ့မှတ်ထား၊ ငါ့အပြစ် တွေကို နင်တို့သီချင်းရေးပြီးဆို၊ နင်တို့စာဆိုတော်ပဲ.....ခေါင်းတုံးကြီး နှင့် အရူးလိုပဲဟု ငါ့ကိုစာဖွဲ့၊ နင်မြဲထံကဆုရမှာပဲ...."

"ကိုယ်သည်လိုတော့ ဘုရားကျွန်မကို သီချင်းစပ်ကာဆိုဝံ့ပေါင်... ဂုဏ်ဝန်မင်းနှင့်ရွှေမြို့တော်ဝန်ကို ကြောက်ပါတယ်...."

"အင်း....ခုနင်တို့ သီချင်းဆိုကောင်းလို့ ငါအသပြာတစ်ဆယ်စီ ဆုပေးခဲ့မယ်၊ နင်တို့မမအား စည်းလိုက်ကောင်းလို့ ဟောသည်ဝန်မင်း ကို ကနေ့ညအတွက် သဘောရှိပျော်စေ၊ ပျက်စေ....၊ ကလက်စေဆု ပေးခဲ့မယ်...."

(ရယ်ကြ၏)

"ကိုယ်တော်ချီးမြှင့်သောဆုကို မယူဝံ့ပါဘုရား....မယူပါရစေနှင့် ဘုရား...."

"ဟဲ့....ဘာကြောင့်...."

"မမမြကိုကြောက်ပါတယ်၊ မမမြသိရင် ပါးကိုတီးမှာပါ ဘုရား..."

"ဟယ့်....မိမြမြဟာ အင်မတန်ဆိုးတယ်၊ မကြောက်ပါနှင့် ယူသာ ယူ...."

"မမမြရဲ့ ရွှေနားတော်ရောက်အောင်၊ ကိုယ်တော်ကဆိုးတယ်ဆို တာတင်မှာပဲ...."

"တင်တင် နင်တို့ဆုလာဘ်တော်တောင် ထပ်ပြီးရဦးမယ်...."

ထိုသို့ပြောဆိုကာ မင်းသားတူးသည် အသပြာလေးဆယ် ဆုပေး ခဲ့၍ ထိုပြည့်တန်ဆာမအိမ်က ပြန်လာခဲ့လေ၏။ မင်းသားတူးသည် ထိုကဲ့သို့လျှင် ပြည့်တန်ဆာမတို့နှင့် အရောဝင်ရာသလော၊ ၎င်း၏ လုပ်ကိုင်နေထိုင်ပုံသည် များစွာမချေမင ရှိချေသည်။

mgyoe.com